


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၂၇၃/၉၃(၄) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၂၀၅/၉၃(၅) |
| ထုတ်ဝေသည့်ကာလ | ၁၉၉၃-ခုနှစ်၊ ဇွန်လ |
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ အုပ် |
| တန်ဖိုး | ၄၀ ကျပ် |
| ထုတ်ဝေသူ | ဦးတင်ဦး (၀၅၅၇)<br>အရုဏ်ဦးစာပေ<br>၁၁၂၀/က၊ စိန်ရတနာလမ်း၊<br>၉-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ |
| ပုံနှိပ်သူ | ဒေါ်ကြည်သန်း (၀၁၉၂၆)<br>ရှမ၀ ပုံနှိပ်တိုက်၊<br>အမှတ် (၁)၊ ဗိုလ်ရာညွန့်လမ်း၊<br>ဒဂုံမြို့နယ်။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (၀၂၄၃၁)<br>နေသရောင် အော့ဖ်ဆက်၊<br>ဥဒ (ခ)၊ (၁၁)လမ်း၊ ရန်ကုန်မြို့ |


# ဖောင်ရှယင်း

ရွှေနဂါးသခင် ရွှေဓားရှင်

[ စ/ဆုံး လုံးချင်း ]

## ([illegible]) ရမ်းကားလာသူ

တောက်ပပူနွေးသော နေရောင်ခြည်သည် တောင်ခြေရွာလေးပေါ်သို့ ဖြာကျနေ၏။

ကလေးငယ်များ၏ ဆော့ကစားသံက ရွာလယ်ဆီမှ ပေါ်ထွက်လာသည်။ အိမ်ခြေ သုံးဆယ်ခန့်သာရှိသော ရွာကလေးသည် အေးချမ်းသောအသွင်ကို ဆောင်နေ၏။

ရွာအလယ်တွင် ကြီးမားသော အိမ်ကြီးတစ်အိမ် ရှိသည်။ ထိုအိမ်မှာ ကျေးရွာပိုင်ရှင်၏ အိမ်ဖြစ်ပြီး၊ အိမ်အောက်ထပ်မှာ စားသောက်ဆိုင်အဖြစ် အသုံးပြုထားသည်။

ကူအန်ရွာကလေးသည် ခရီးဝေးသွား လမ်းမကြီးပေါ်တွင် တည်ရှိပြီး၊ ခရီးသွားများမှာ ကူအန်တောင်ကို ဖြတ်ကျော်ခါနီး ခရီးတစ်ထောက်နားတတ်သည့် စခန်းပင် ဖြစ်၏။

ခရီးသွားများမှာ ရွာသို့ရောက်တိုင်း ကူအန်စားသောက်ဆိုင်သို့ဝင်ပြီး စားသောက်တတ်သည်။ ပြီးမှ ခရီးဆက်လေ့ရှိ၏။ ကူအန်ရွာတွင် ညအိပ် ညနေ တည်းခိုသူဟူ၍ မရှိပေ။

ကျေးရွာပိုင်ရှင်သည် စားသောက်ဆိုင်အလုပ်ကို ကိုယ်တိုင် လုပ်ကိုင်သည်။ သူ့ဆိုင်တွင် အသက်ဆယ့်ရှစ်နှစ်အရွယ် စားပွဲထိုး တစ်ယောက်သာ ရှိသည်။ ထိုစားပွဲထိုးမှာ ကျူမင်းယုံပင် ဖြစ်၏။

စားသောက်ဆိုင်တွင် လာရောက်စားသောက်သူ မရှိသဖြင့် ကျေးရွာရှင် ဝမ်သည် ငွေသိမ်းစားပွဲတွင် အိပ်ငိုက်နေ၏။

အိပ်ငိုက်နေသဖြင့် ဝ၍သော သူ့ခန္ဓာကိုယ်မှာ ကုလားထိုင်ပေါ်မှ ကျတော့မတတ် ယိုင်သွားတတ်၏။ တခဏအကြာတွင်





တခေါခေါနှင့်ဟောက်သံပေါ်လာပြီး၊ လူဝကြီး ဝမ်သည် စားပွဲပေါ် မျက်နှာအပ်လျက် အိပ်ပျော်သွား၏။

ကျူမင်းယုံသည် အိပ်ပျော်သွားသော လူဝကြီး ဝမ်အား ပြုံးလျက် တစ်ချက်လှမ်းကြည့်ပြီး၊ ဆိုင်နောက်ဘက်သို့ ဝင်သွားသည်။ အနောက်ဘက်မှနေ၍ အပြင်သို့ ထွက်လိုက်သည်။

ဆိုင်အနောက်ဘက်မှာ ကူအန် တောင်ခြေပင် ဖြစ်သည်။ ကျူမင်းယုံက တောင်ခြေရှိ ကျောက်တုံး တစ်တုံးပေါ်တွင် ထိုင်လိုက်သည်။ ကူအန် တောင်ထိပ်ပေါ်သို့ ရောက်နေသော နေမင်းကို တစ်ချက်မော့ကြည့်သည်။ ပြီး.... သက်ပြင်းချ၍ သူ့အင်္ကျီ ရင်ဘတ်ကြားမှ ပဝါနီလေးတစ်ခုကို ထုတ်ယူ လိုက်သည်။

ပဝါနီလေးမှာ အမှတ်အသား ပဝါတစ်ထည်ဖြစ်သည်။ ပဝါပေါ်တွင် ရွှေရောင် နဂါးပုံတစ်ပုံပါပြီး၊ နဂါးနန်းတော်ဆိုသည့် စာတမ်းတစ်ခု ပါသည်။

ကျူမင်းယုံက ပဝါနီကို ဖြန့်ကြည့်လိုက်သည်။ ရွှေရောင် နဂါးမှာ အသက်ဝင်နေသည့်ပမာ ပဝါနီပေါ်တွင် လူးလွန့်နေ၏။ ကျူမင်းယုံက သက်ပြင်းချပြီး၊ ပဝါနီကို ပြန်သိမ်းလိုက်

သည်။ နုပျိုချောမောသော သူ့မျက်နှာတွင် လွှမ်းဆွတ်ဟန်တွေ ထင်ရှားစွာ ပေါ်လာ၏။

သူက သက်ပြင်းတစ်ချက်ချပြီး၊ ကူအန်တောင်နှင့် ဆန့်ကျင်ဘက်ရှိ စိမ်းစိုကျယ်ပြန့်သော လယ်ကွင်းပြင်ကို ငေးကြည့်သည်။ လယ်ကွင်းများကိုသာမက၊ လယ်ကွင်းများကို အနားသတ်ထားသော ကောက်လှိုင်းအဆင့်ဆင့်တို့ကို ငွေ့နေရသည်။

'အခုဆိုရင်.... ငါ ဒီကိုရောက်တာ သုံးနှစ်ရှိပြီ။ ဒီသုံးနှစ်အတွင်းမှာ အဖေဟာ နောက်ထပ် မိန်းမဘယ်နှစ်ယောက် ထပ်ယူပြီးပြီလဲ မသိဘူး။ မိန်းမတွေနဲ့ ပျော်နေလို့ သူ ငါ့ကိုတောင် မေ့နေပြီ ထင်တယ်'

ကျူမင်းယုံသည် စဉ်းစားတွေးတောရင်း၊ သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်ပြန်သည်။ ထိုအချိန်မှာပင် ရွာအဝင်မှ ပေါ်ထွက်လာသော ခွေးဟောင်သံကို ကြားလိုက်ရသည်။ လူစိမ်းတွေ ရွာအတွင်းသို့ ဝင်လာနေပြီဟု စဉ်းစားမိပြီး၊ ကျူမင်းယုံ ထိုင်နေရာမှ ထလိုက်သည်။

နောက်ဖေးပေါက်မှ နေ၍ စားသောက်ဆိုင်ထဲသို့ ပြန်ဝင်ခဲ့၏။





လူဝကြီး ဝမ်မှာ စားပွဲပေါ် မှောက်လျက် အိပ်ပျော်နေဆဲဖြစ်သည်။ ကျူမင်းယုံက ဝမ်အားကြည့်ပြီး ပြုံးလိုက်၏။ ဝမ်သည် အစားအသောက်ကောင်းများကို ချက်ပြုတ်ရာတွင် ကျွမ်းကျင် သလို၊ အစားအသောက်ကောင်းနှင့် အအိပ်ကို မက်မောလှ၏။

ကျူမင်းယုံ အပေါ် သံယောဇဉ်ကြီးပြီး ခင်တွယ်သူ ဖြစ်သည်။

ကျူမင်းယုံသည်ဆိုင်အပြင်သို့ထွက်ပြီး၊ ခရီးဝေးသွား လမ်းမကြီး အတိုင်း ကြည့်လိုက်သည်။ ထိုအခါ ရွာလယ်လမ်းအတိုင်း လျှောက် လာ နေ သော လူသုံးယောက်အား တွေ့ လိုက် ရသည်။

ထိုလူသုံးယောက်မှာ လက်နက်ကိုယ်စီနှင့်ဖြစ်ပြီး၊ ဘောင်းဘီအပြာ၊ အင်္ကျီအနီတို့ကို ဝတ်ဆင်လျက် နဖူးတွင် ဖဲကြိုးအနီ ကိုယ်စီ စည်းထားကြသည်။

ကျူမင်းယုံသည် ခွေးများကို ရိုက်ပုတ် ကန်ကျောက်ပြီး၊ လျှောက်လာနေသည့် လူသုံးယောက်ကိုမြင်သည်နှင့်စားသောက်ဆိုင်အတွင်းသို့ ပြန်ဝင်သည်။ အိပ်ပျော်နေသည့် ဝမ်အား မနှိုးဘဲ၊ အ ရက် အိုး နှင့် စား သောက် ဖွယ် ရာ များ ကို ပြင် ဆင်သည်။

လူသုံးယောက်၏ခြေသံ ဆိုင်ရှေ့တွင် ရပ်သွားသည်။

"ဒီမှာ စားသောက်ဆိုင်ဟေ့။ ငါတို့ ဆိုင်ထဲဝင်ပြီး၊ ဗိုက်ဖြည့်ကြရအောင်"

လူသုံးယောက် အနက် တစ်ယောက်၏ အသံကို ကြားရသည်။

တစ်ခဏအကြာတွင် ထိုလူသုံးယောက် ဆိုင်ထဲသို့ ဝင်လာကြ၏။

ဆိုင်ထဲသို့ ရောက်ရောက်ချင်း စားပွဲပေါ်မှောက်ပြီး အိပ်ပျော်နေသည့် လူဝကြီး ဝမ်အား တွေ့သွားသည်။

လူသုံးယောက်အနက် တစ်ယောက်က လူဝကြီး ဝမ်ထံသို့ လျှောက်သွားပြီး၊ ကျန်နှစ်ယောက်က စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

မနီးမဝေးတွင် ရပ်နေသော ကျူမင်းယုံအား လှမ်းခေါ်ပြီး....

"ကောင်လေး အရက်တစ်အိုး မြန်မြန်ယူခဲ့စမ်း"





ကျူမင်းယုံက အသင့်ပြင်ထားသည့် အရက်အိုးကို ယူပြီး စားပွဲပေါ် ချပေးလိုက်သည်။

"ဒါ အကောင်းဆုံး အရက်လားဟေ့"

စားပွဲတွင် ထိုင်နေသူနှစ်ယောက်အနက် အသက်အကြီးဆုံးလူက မေးသည်။ ကျူမင်းယုံ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ.... ဒီနားတစ်ခိုက်မှာတော့ ကူအန်ရွာက အရက်ဟာ အကောင်းဆုံးပါ"

ကျူမင်းယုံက ဖြေရင်း လူဝကြီးထံ ရောက်နေသည့် ခေါ်သမားအား လှမ်းကြည့်သည်။ ထိုသူက အိပ်ပျော်နေသော လူဝကြီး ဝမ်အား ပြုံးလျက်ကြည့်လိုက်ပြီး....

"ဟိတ်.... ထစမ်း"

ခပ်ဆတ်ဆတ် ပြောလိုက်သံကြောင့် လူဝကြီး ဝမ် လန့်နိုးသွားသည်။

သူက ခေါက်ခနဲ ထရပ်ပြီး သူ့ရှေ့တွင် ရပ်နေသူကို ကြည့်လိုက်သည်။

"ကျုပ်အိပ်ပျော်သွားတယ်။ ကျုပ်ဆိုင်မှာ အရက်ကောင်းကောင်းအပြင် စားသောက်စရာတွေလဲ ရပါတယ်။ ကြိုက်တာကို မှာပါ"

"ငါတို့အတွက် လူသားကင် လုပ်ပေး"

ဝမ်အား နှိုးလိုက်သူက ပြောသည်။ ဝမ် မျက်စိမျက်နှာပျက်သွား၏။

"လူသားကင်တော့ ကျုပ်ဆိုင်မှာ မရှိပါဘူး။ ဒီနေ့ဆိုရင် အသားဟင်းလေးမျိုးနဲ့ ငါးကင်ရမယ်"

"ငါတို့က လူသားဟင်းပဲ စားချင်နေတာ။ မင်းအသားကို ဓားနဲ့လှီးပြီး ကင်ပါလား"

"အမှတ်နှစ်ပြောတာ ဟုတ်တယ်ဟေ့။ သူ့မှာ အသားတွေ အများကြီးပဲ။ အသားတစ်တုံးလောက်လှီးပြီး ကင်လိုက်လို့ ဘာမှ ဖြစ်မသွားနိုင်ဘူး။ ဘယ်လိုလဲ သုံး"

"ကောင်းတယ်.... ကောင်းတယ်။ ကိုကြီးတစ်က သဘောတူတယ်ဆိုရင် ကျွန်တော်တို့ ဘာမှ ပြောစရာမရှိပါဘူး"





လူသုံးယောက်က တစ်ယောက်တစ်ပေါက်စီပြောပြီး ရယ်ကြသည်။

အမှတ်နှစ်က လူဝကြီး ဝမ်အား တွန်းထိုးပြီး၊ သူ့ ခါးမှ ဓားကို ဆွဲထုတ်လိုက်လေ၏။

*

"မ.... မလုပ်ပါနဲ့"

လူဝကြီး ဝမ်သည် ထိတ်လန့်တုန်လှုပ်သွားလျက်၊ နောက်သို့ ဆုတ်လိုက်သည်။ အမှတ်နှစ်က ရယ်မောပြီး ဓားကို တစ်ချက် ဝှေ့ယမ်းလိုက်သည်။

ဓားရောင် တစ်ချက်လက်သွားပြီးလူဝကြီး ဝမ်၏ အင်္ကျီရင်ဘတ်စ ကန့်လန့်ဖြတ် ပြဲသွား၏။

လူဝကြီး ဝမ်၏ ဆူဖြိုးသော ရင်ဘတ်ပေါ်လာသည်။

"အစ်ကိုကြီး တစ် ရင်အုံသားဆို ပိုကောင်းမယ်နော်"

"ဟား- ဟား- ဟုတ်တယ်။ ဒါလောက်ဆူဖြိုးတာ အရက်နဲ့ မြည်းလိုက်ရင် သိပ်အရသာရှိမှာပဲ"

ထိတ်လန့်တုန်လှုပ်နေသဖြင့် လူဝကြီး ဝမ်၏ မျက်နှာမှာ သွေးမရှိတော့ပေ။ သူ့ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက် ဓားကိုင်ထားသော အမှတ်နှစ်ကို စိုးရွံ့စွာကြည့်နေသည်။

"လူဝကြီး၊ ငါတို့ယက္ခသုံးဖော် လူသားကြိုက်တယ်ဆိုတာ မင်း မကြားဖူးဘူးလား။

"ဒီနေ့တော့ မင်းရဲ့အသားကိုစားရတော့မှာပဲ"

"မလုပ်ပါနဲ့- ဆရာတို့ ကျုပ်ဆိုင်က ကြိုက်တဲ့ အစားအသောက်ကို စားပါ။ ဆရာတို့ဆီက တစ်ပြားမှမယူဘဲ ကျုပ်ဧည့်ဝတ်ပြုပါ့မယ်"

"ဟား ဟား ဟား"

"ဒါလောက်နဲ့ မရဘူးဟေ့.... ရွှေဒင်္ဂါးနှစ်ပြားစီ ငါတို့ရှေ့မှာ ချလိုက်"





"ရပါတယ် ဆရာ- ရပါတယ်....။ ရွှေဒင်္ဂါး နှစ်ပြားစီလဲ ကျုပ် ပေးပါ့မယ်"

လူဝကြီးက စိတ်သက်သာရာရသွားဟန်ဖြင့် ပြောပြီး၊ နေရာမှ ခွာမည်ပြုသည်။ အခြေအနေကို ငြိမ်သက်စွာ ကြည့်နေသော ကျူမင်းယုံက လျင်မြန်စွာ ရှေ့တိုးလာပြီး....

"နေဦး"

"ဟေ့ကောင်လေး.... မင်း ဘာရှုပ်မလို့လဲ"

ကျူမင်းယုံက ယက္ခသုံးဖော်အား အေးစက်စက်အကြည့်ဖြင့် ကြည့်လိုက်သည်။ စားပွဲခုံများ သုတ်သည့် အဝတ်စကို သူ့ပခုံးပေါ် တင်လိုက်ပြီး....

"ဒီဆိုင်က အစားအသောက်ရောင်းတဲ့ဆိုင်ပါ။ စားသောက်ပြီးရင် ကျသင့်ငွေ ပေးရတယ်။ ဘာမှ အလကားမရဘူး"

"ဟေ့ကောင်လေး.... မင်း"

"ခင်ဗျားတို့ အခု အရက်သောက်ထားပြီးပြီ။ အရက်ဖိုးရှင်းပြီး ထွက်သွားပါ။ နောက်ထပ် ခင်ဗျားတို့ကို ဘာမှ မရောင်းတော့ဘူး"

မလောက်လေး မလောက်စား စားပွဲထိုးလေးတစ်ယောက်၏ စကားကြောင့် ယက္ခသုံး ဖော် ဒေါသ ဖြစ်သွားပုံရသည်။

သုံးယောက်အနက် ဒေါသအကြီးဆုံး ဖြစ်ပုံရသော ယက္ခသုံး ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်၏။

"ခွေးကောင်လေး.... မင်း လေသံက မာလှချည်လား....။ အစ်ကိုကြီး တစ်– လူဝကြီးရဲ့ အသားကို မစားတော့ဘူး....။ ဒီကောင်လေးရဲ့ အသားကိုပဲ စားတော့မယ်"

ယက္ခသုံးက ကျူမင်းယုံ ဘက်သို့ လှည့်လိုက်သည်။ ယက္ခတစ်နှင့် နှစ်တို့လည်း ထိုင်ရာမှ ထပြီး၊ ကျူမင်းယုံအား ဝိုင်းရံလိုက်သည်။

လူဝကြီး ဝမ်မှာ ယက္ခသုံးဖော်၏ အမူအယာကြောင့် ထိတ်လန့်သွားသည်။ သူက ခေါင်းတခါခါ လက်တကားကားနှင့် ရှေ့တိုးလာပြီး....

"သူ့ကို ဘာမှ မလုပ်ပါနဲ့။ ဒီကလေးက ဘာ မှန်း ညာမှန်း မသိလို့ ပြောနေတာပါ။ သူ့ ကိုယ်စား ကျုပ်





တောင်း ပန် ပါ တယ်။ ဆရာတို့ အလိုရှိတာ ရစေရပါ့မယ်"

"စကားမများနဲ့ သွားစမ်း.... လူဝကြီး"

ယက္ခနှစ်က လူဝကြီးအား တွန်းဖယ်ပစ်လိုက်သည်။ လူဝကြီးနောက်သို့ ယိုင်ထွက်သွားပြီး၊ စားပွဲတစ်လုံးနှင့် တိုက်၍ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားသည်။

"ခင်ဗျားတို့ မတရားမလုပ်ပါနဲ့"

ကျူမင်းယုံက ရှေ့သို့တိုးလာရင်း ပြောသည်။ ယက္ခနှစ်က ရယ်မောလိုက်ပြီး၊ ကျူမင်းယုံ၏ ရင်ဘတ်ကို ဆောင့်တွန်းလိုက်၏။

ကျူမင်းယုံမှာ လုံးဝယိမ်းယိုင်သွားခြင်း မရှိ။ ယက္ခနှစ်အဖို့ ခိုင်ခန့်သည့် အုတ်နံရံကြီးတစ်ခုကို တွန်းလိုက်ရသကဲ့သို့ ရှိသွားသည်။

"ဟား....ဟား မင်းက မဆိုးဘူးကိုး။ ပညာလေး မတောက်တခေါက်တတ်တာနဲ့ ငါတို့ကို အံတုတာပေါ့။ ဟုတ်လား"

ကျူမြင်းယုံက တုန့်ပြန်စကားမပြောဘဲ၊ ယက္ခသုံးဖော်အား အေးစက်စက်အကြည့်ဖြင့် ကြည့်နေသည်။

ယက္ခနှစ်က ယက္ခတစ်နှင့် ယက္ခသုံးတို့အား လှည့်ကြည့်ပြီး....

"အစ်ကိုကြီးနဲ့ ညီလေး။ ဒီကောင်လေးကို နည်းနည်းဆုံးမလိုက်ရအောင်"

"နည်းနည်းမဟုတ်ဘူး။ မှတ်လောက်အောင် ဆုံးမရမယ်။ တစ်သက်လုံး လူစဉ်မမီအောင် လုပ်ပစ်"

ယက္ခသုံးက ဓားဆွဲထုတ်ပြီး ဝှေ့ယမ်းသည်။ ဓားက ကျူမြင်းယုံ၏ မျက်နှာဆီသို့ ကန့်လန့်ဖြတ်ဝင်လာ၏။

တစ်ပြိုင်နက်တည်းမှာပင် ယက္ခတစ်နှင့် ယက္ခနှစ်တို့က ဓားများ ထုတ်ပြီး၊ တစ်ပြိုင်နက်တည်း တိုက်ခိုက်သည်။

ပြင်းထန်သောဓားချက်များက သုံးနေရာခွဲပြီး၊ ကျူမြင်းယုံ၏ ခန္ဓာကိုယ်ဆီသို ဝင်လာသည်။

ယက္ခသုံးဖော်က ရက်စက်ပြင်းထန်သော တိုက်ကွက်များကို အသုံးပြုလိုက်သော်လည်း ကျူမြင်းယုံမှ တုန်လှုပ်ခြင်း မရှိ။ သူ့





ပခုံးပေါ်တင်ထားသည့် အဝတ်စကို ဆွဲယူပြီး၊ ဝှေ့ယမ်းလိုက်သည်။

ကျူမြင်းယုံထံ ဝင်လာသည့် ဓားချက်များ လမ်းကြောင်းပြောင်းကုန်ကြသည်။

ယက္ခသုံးဖော်မှာ သူတို့၏ဓားများ ဦးတည်ချက်ပြောင်းသွားသည်ကို သိလိုက်သော်လည်း မထိန်းနိုင်တော့။

သူတို့၏မျက်နှာတွင် အံ့အားသင့် တုန်လှုပ်ဟန်တို့ တစ်ပြိုင်နက်တည်း ပေါ်လာသည်။

ယက္ခတစ်၏ဓားချက်က ယက္ခသုံးထံ တိုးဝင်သည်။

ယက္ခသုံး၏ဓားချက်က ယက္ခနှစ်ထံ တိုးဝင်ပြီး၊ ယက္ခနှစ်၏ ဓားက ယက္ခတစ်ထံသို့ တိုးဝင်သည်။

ယက္ခသုံးဖော်သည် သူတို့ဓားချက်များကို ထိန်းပြီး၊ လျင်မြန်စွာ ရှောင်သည်။

သို့သော် ကြီးမားသော အင်အားတစ်ခုကြောင့် သူတို့၏ လက်များကို မထိန်းနိုင်။

ကျူမင်းယုံအား ရည်ရွယ်သောစားချက်များ သူတို့အချင်းချင်းသို့ ထိကုန်၏။

အားခနဲ ဒီးခနဲ နာနာကျင်ကျင် အော်တစ်လိုက်သံများ ပေါ်လာသည်။

ယက္ခသုံးဖော်စလုံး ဘယ်လက်မောင်းများ၌ ဒဏ်ရာကိုယ်စီ ရသွားကြ၏။

သူတို့လက်ထဲတွင် ကိုင်ထားသည့် ဓားများလည်း လွတ်ကျကုန်သည်။

ကျူမင်းယုံသည် အဝတ်စကို ပခုံးပေါ်တင်ပြီး၊ လက်နှစ်ဖက် ပိုက်လျက် ယက္ခသုံးဖော်အား ကြည့်သည်။

ယက္ခသုံးဖော်၏ မျက်လုံးများထဲမှ အထိတ်တလန့်ဖြစ်သွားဟန်တို့ကို တွေ့သည်နှင့်....

"ခင်ဗျားတို့ အဲဒီအရက်အိုးကို ယူပြီး သွားကြပေတော့။ နောက်တစ်ခါ အခုလို စော်ကား မော်ကားလုပ်ရင် ခင်ဗျားတို့ကို တစ်သက်လုံး ဒုက္ခိတဖြစ်အောင် ဆုံးမမယ်၊ သွား.... မြန်မြန်သွားကြ"





ယက္ခသုံးဖော်သည် အရက်အိုးကို မယူတော့ဘဲ၊ လွတ်ကျသွားသည့် ဓားများ ပြန်ကောက်ပြီး လျင်မြန်စွာ နောက်ဆုတ်သည်။ ဆိုင်ပေါက်ဝသို့ရောက်သည်နှင့် လျင်မြန်စွာ ပြေးထွက်သွားကြလေ၏။

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
တောင် ဥ မြို့ ၊
ဖုန်း ၂၀၄၄၄

## (၂) မျိုးဆက်အမွေ

လူဝကြီးဝမ်သည် အံ့အားသင့်ခြင်း၊ ဂုဏ်ယူခြင်းတွေ ရောယှက် ပေါ်လွင်နေသည့်အကြည့်ဖြင့် ကျူမင်းယုံအား ကြည့်ပြီး ရှေ့သို့ တိုးလာသည်။

"သ.... သခင်လေး"

"ကျွန်တော့်ကို အဲဒီလို မခေါ်ပါနဲ့ ဘဘဝမ်။ ကျွန်တော် ဟာ ဘဘဝမ်ရဲ့ ဆိုင်က စားပွဲထိုးပါ"

"သခင်လေး.... ကျုပ်"

ကျုံမင်းယုံက စိတ်လှုပ်ရှား တုန်လှုပ်နေပုံရသည့် လူဝကြီး ဝမ်အား ကြည့်ပြီး ရယ်လိုက်သည်။

"ကျွန်တော် သိုင်းပညာတတ်နေတဲ့အတွက် ဘဘဝမ် သိပ် အံ့သြနေသလား"

လူဝကြီးဝမ်က ခေါင်းညိတ်ပြလိုက်သည်။ ကျုံမင်းယုံက တစ်ချက်ရယ်လိုက်ပြီး....

"ဘဘဝမ်.... ကျွန်တော်တို့ဆီကထွက်လာတော့ ကျွန်တော့် အသက် ဆယ်နှစ်ရှိပြီနော်"

"ဟုတ်တယ် လူလေး....။ အဲဒီတုန်းက ဘဘဝမ် ရွာကိုပြန် တော့မယ်ဆိုတော့ မင်း ငိုတောင် ငိုသေးတယ်။ ဘဘဝမ် သေသေချာချာ မှတ်မိတာပေါ့"

"အဲဒီညမှာပဲ ဖေဖေက ကျွန်တော့်ကို သိုင်းပညာ စသင် ပေးတယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ကျွန်တော် ဒီကိုရောက်လာတဲ့ အချိန်မှာ သိုင်းပညာတတ်နေပါပြီ။ ဒါပေမယ့် ပညာဆုံးခန်း မတိုင်မချင်း၊ သိုင်းပညာတတ်တဲ့အကြောင်း လူမသိစေရဘူးလို့ ဖေဖေကို ကတိပေးခဲ့တဲ့အတွက် ကျွန်တော့်ပညာကို လျှိုထား ခဲ့ရတယ်"





"အခု လူလေးမှာ ပညာပြည့်စုံပြီလား။ ဒါဖြစ်ရင် ဒီကို ရောက်နေတဲ့ သုံးနှစ်အတွင်း လူလေး သိုင်းပညာကို မပြတ် လေ့ကျင့်နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဘဘဝမ်။ လူခြေတိတ်တဲ့ ညသန်းခေါင် အချိန်မှာ ကူအန်တောင်ပေါ်တက်ပြီး၊ ကျွန်တော် သိုင်းပညာ လေ့ကျင့်တယ်။ ဖေဖေက ဒီကိုမလာခင် သိုင်းကျမ်းထဲက ကျင့် စဉ် တွေကို အလွတ်ကျက်ခိုင်းခဲ့တယ်။ ကူအန်တောင်ပေါ်မှာ ဒီအလွတ်ကျက်ထားတာတွေကို လေ့ကျင့်နိုင်ခဲ့ပါတယ်"

"အခုကော"

"ရွှေနဂါးသိုင်းရဲ့ အနှစ်သာရကို ကျွန်တော်ရပါပြီ ဘဘ ဝမ်။ ကျွမ်းကျင်ဖို့ပဲ လိုပါတော့တယ်"

လူဝကြီး ဝမ်၏ မျက်နှာတွင် ကျေနပ်သည့် အရိပ်အယောင် များ ယှက်သန်းသွားသည်။ သူက ကျုံမင်းယုံ၏ ပခုံးကို ဖက် လိုက်ပြီး....

"လူလေးက မျိုးဆက်အမွေကို ရလိုက်ပြီကိုး။ ကောင်းတယ်။ ကောင်းတယ်။ ဒီတစ်ခါ သခင်ကြီးဆီက စာပို့ခိုလာရင် လူလေး အခြေအနေကို အကြောင်းကြားရမယ်။ လူလေး ဒီကိုရောက် နေတာ သုံးနှစ်ရှိပြီဆိုတော့၊ သခင်ကြီးက လူလေးကို ပြန်ခေါ် လိမ့်မယ်"

လူဝကြီး ဓမ်၏ စကားကို နားထောင်ရင်း၊ ကျူမင်းယုံ၏ မျက်နှာတွင် လွမ်းဆွတ်ဟန်တွေ ပေါ်လာသည်။

"ကျွန်တော်လဲ အိမ်ပြန်ချင်လှပါပြီ ဘဘဝမ်"

"ဘာဖြစ်လို့လဲ လူလေး။ ဘဘဝမ်ဆီမှာ နေရတာ မပျော်ဘူးလား"

"မပျော်လို့မဟုတ်ပါဘူး။ သုံးနှစ်တောင် ကြာပြီဆိုတော့ အိမ်ကိုလွမ်းလို့ပါ။ ဖေဖေက ဘဘဝမ်ဆီမှာ သုံးနှစ်နေပြီး၊ သိုင်းပညာကို လျှိုလျှိုဝှက်ဝှက် လေ့ကျင့်ရမယ်ဆိုလို့ လေ့ကျင့်ခဲ့တာ အခုဆိုရင် ပညာစုံပြီ။ ဒီပညာကို ပြန်အစစ်အဆေးခံဖို့ပဲ လိုတော့တယ်"

"ဒါတွေကို ဘဘ မသိခဲ့ဘူး။ သခင်ကြီးက လူလေးကို သုံးနှစ်ခေါ်ထားလိုက်ပါဆိုလို့ သူ့အမိန့်အတိုင်း ခေါ်ထားလိုက်တာပဲ။ သုံးနှစ်ပြည့်ပြီ ဆိုတော့၊ သခင်ကြီးက လူလေးအတွက် အစီအစဉ်တစ်ခုခု လုပ်ပါလိမ့်မယ်"

အပြန်အလှန် စကားပြောနေရာမှ ကျူမင်းယုံသည် ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်၏။

သူ့အင်္ကျီရင်ဘတ်ကြားမှ ရွှေရောင်နဂါးပုံပါသော ပဝါနီကို ထုတ်ယူကြည့်သည်။ ထိုသို့ကြည့်နေစဉ် သူ့မျက်လုံး အစုံ၌ လွမ်းဆွတ်ဟန် အရိပ်တွေ ထင်နေ၏။





"နောက် ဆယ်ရက်လောက်ဆိုရင် သခင်ကြီးဆီက စာပို့ခို ရောက်လာတော့မှာပါ။ အဲဒီအခါကျ သခင်ကြီး ဘာ ညွှန်ကြားမလဲဆိုတာ စောင့်ကြည့်ကြတာပေါ့"

"နောက် ဆယ်ရက်ဆိုတော့ ဟင်.... ဒါ"

စကားပြောရင်း ကျူမင်းယုံ၏အကြည့် ဆိုင်ပြတင်းပေါက် အပြင်သို့ ရောက်သွားသည်။

သူ့မျက်နှာတွင် အံ့အားသင့်ဟန် ပေါ်လာပြီး၊ လက်ထဲမှ ရွှေနဂါးပဝါကို သိမ်းလိုက်သည်။

"ဘာဖြစ်လို့လဲ လူလေး"

"ဟင်.... ဟိုက လာနေတာ"

ကျူမင်းယုံက ကောင်းကင်ပြာ တစ်နေရာကို ညွှန်ပြရင်း ပြောသည်။

ကောင်းကင်တွင် အမည်းစက်လေး တစ်စက်ကို တွေ့ရ၏။ ထိုအမည်းစက်လေး တဖြည်းဖြည်းနီးပြီး ကြီးလာသည်။

ကူအန်တောင် အထက်ပိုင်းသို့ အရောက်တွင် ငှက်တစ်ကောင်၏ အသွင် ထင်ရှားစွာ ပေါ်လာ၏။

အမြင့်တွင် ပျံနေသည့်ငှက်မှာ တဖြည်းဖြည်းနှင့် နိမ့်ဆင်းလာ၏။ ထိုငှက်ဆီမှ တချင်ချင်မြည်နေသည့် ခြူသံကိုကြားရသည်။

တစ်ခဏအကြာတွင် တောင်ပံခတ်သံ တဖျပ်ဖျပ်နှင့်အတူ ခိုတစ်ကောင် အခန်းထဲသို့ဝင်လာ၏။ လူဝကြီး ဝမ်က လက်ဆန့်တန်းလိုက်သောအခါ ခိုက ထိုလက်ပေါ်တွင် နားသည်။

လူဝကြီး ဝမ်သည် ခို၏ ခြေထောက်တွင် ချည်ထားသော စာဘူးလေးကိုဖြုတ်ပြီး အတွင်းမှစာကို ထုတ်ယူသည်။ ပြီး- စာကို ကျူမင်းယုံအား လှမ်းပေးလိုက်လေ၏။

*

စာဖတ်နေရင်း ကျူမင်းယုံ၏ မျက်နှာတွင် ညှိုးမှိုင်းသည့် အရိပ်သဏ္ဌာန်များ ထင်လာသည်။ စာရွက်ကိုင်ထားသည့် သူ့လက်များ တဆတ်ဆတ်တုန်လာ၏။

“စာထဲမှာ ဘာတွေရေးထားလို့လဲ လူလေး”





ကျူမင်းယုံက နှုတ်မှမဖြေဘဲ၊ လက်ထဲမှစာကို ဘဘ ဝမ် အား ထိုးပေးလိုက်သည်။

ဘဘဝမ်က စာကို ခပ်သွက်သွက်ဖတ်သည်။ စာဖတ်အပြီးတွင် ဘဘဝမ်၏ မျက်နှာမှာ ပြုံတော့မည့်မိုးလို ညှိုမှိုင်းသွားသည်။

“သခင်ကြီး အခုလိုဖြစ်သွားတာ မယုံနိုင်စရာဘဲ၊ ဘယ်သူက သခင်ကြီးကို အခုလိုလုပ်တာလဲ၊ ဒါ ဘယ်သူ့လက်ချက်လဲ”

ဘဘဝမ်က တီးတိုးရေရွတ်ရင်း စာရွက်ကိုသိမ်းလိုက်သည်။

ဘဘဝမ်၏ ပခုံးပေါ်သို့ပြောင်းပြီး၊ စာပို့ခိုမှာ တောင်ပံ တဖျတ်ဖျတ် ခတ်၏။

“လူလေး ရွှေနဂါးနန်းတော်ကို အမြန်ဆုံး လိုက်သွားမှ ဖြစ်မယ်။ ဘဘ လူလေးလာနေပြီဆိုတာ စာပို့ခိုနဲ့ စာပြန်လိုက်မယ်”

“ကျွန်တော် ဒီနေ့ပဲ ခရီးထွက်မယ် ဘဘ။ မနက်ဖြန် ရွှေနဂါးနန်းတော်ကို ရောက်မယ်လို့ အကြောင်းပြန်လိုက်ပါ”

"လူလေး။ ဒါလောက်ဝေးတဲ့ခရီးကို ဘယ်လိုလုပ် ရောက်နိုင်မလဲ"

"ကျွန်တော် ပြောတဲ့အတိုင်း စာပြန်လိုက်ပါ ဘဘ"

ကျုံမင်းယုံက သူ့ကိုယ်သူ ယုံကြည်စိတ်ချသံဖြင့်ပြောလိုက်သည်။ ဘဘဝမ်က စာပို့ ခိုကို တန်းတစ်တန်းပေါ် တင်ပြီး အစာကျွေး၊ ရေတိုက်သည်။

ပြီး- စာတစ်စောင် လျင်မြန်စွာရေး၍ စာဘူးထဲထည့်ကာ စာပို့ခို၏ ခြေထောက်တွင် ချည်လိုက်သည်။ ပြီး- စာပို့ ခိုကို လေထဲသို့ လွှတ်တင်လိုက်သည်။ စာပို့ခိုသည် တောင်ပံ တဖျပ်ဖျပ် ခတ်ပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ပျံထွက်သွား၏။

ခို၏ ခြေထောက်တွင် ချိတ်ထားသောချူသံကို အတန်ကြာအောင် ကြားနေရသည်။

တခဏအကြာတွင် ချူသံ ပျောက်သွားပြီး၊ ခို၏ အသွင်သဏ္ဍာန် တဖြည်းဖြည်း သေးငယ်သွားသည်။

တစ်ခဏမျှ မည်းမည်း အစက်ကလေးအဖြစ် မြင်နေရပြီးနောက် ပျောက်ကွယ်သွား၏။





ကျုံမင်းယုံက လူဝကြီးဝမ် ဖတ်ပြီး စားပွဲပေါ် တင်ပေးသည့် စာကိုယူပြီး သိမ်းလိုက်သည်။

ပြီးနောက် ဆိုင်အပေါ်ထပ်သို့ လျင်မြန်စွာတက်သွားသည်။

လူဝကြီး ဝမ်က မီးဖိုခန်းသို့ ဝင်ပြီး၊ ကျုံမင်းယုံအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်သည်။

သူ ပြင်ဆင်ပြီးချိန်မှာပင် အနက်ရောင် ဝတ်စုံ ဝတ်ထားသော ကျုံမင်းယုံ အောက်ထပ်သို့ ဆင်းလာသည်။

သူ၏ ကျောပေါ်တွင် ဓားတစ်လက်ကို လွယ်ထားလျက်ရှိသည်။ သူ၏ ကိုယ်ပေါ်တွင် အခြား အသုံးအဆောင် မပါချေ။

"လူလေး.... ခုချက်ချင်း သွားတော့မှာလား"

ကျုံမင်းယုံက ခေါင်းညိတ်ပြသည်။

"ဘဘ.... လူလေးအတွက် အစားအသောက် ပြင်ထားပါတယ်၊ စားသွားပါ။ လမ်းမှာ စားဖို့အတွက် ရိက္ခာခြောက်ထုပ်ကို အခု စီစဉ်လိုက်ပါ့မယ်"

"ကိစ္စမရှိပါဘူး ဘဘ....။ ကျွန်တော့်အတွက် အစားအသောက် မလိုပါဘူး"

"လူလေးသွားရမယ့်ခရီးက အဝေးကြီးပါ။ ဒီခရီးကို ဘာမှ မစားမသောက်ဘဲနဲ့ ဖြတ်သွားလို့ မရပါဘူး။ အစာအိမ်ထဲမှာ အစာရှိနေမှ ကိုယ်ထဲမှာ အားဖြစ်ပါလိမ့်မယ်။ လူလေးဟာ အားပြတ်နေတဲ့ လူမမာပုံစံနဲ့ သခင်ကြီးရဲ့ကိစ္စကိုဖြေရှင်းလို့ ရမှာ မဟုတ်ပါဘူး"

ကျူမင်းယုံ၏ ခေါင်းထဲသို့ အသိတစ်ခု ဖျပ်ခနဲ ဝင်လာသည်။ သူက အံကိုတင်းတင်းကြိတ်ပြီး ခေါင်းညိတ်လိုက်၏။

"ကျွန်တော် စားပါ့မယ် ဘဘ"

စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသည့် စားပွဲတွင် ထိုင်လိုက်သည်။ လူဝကြီး ပြင်ဆင်ပေးထားသည့် စားသောက်ဖွယ်ရာများကို လျင်မြန်စွာ စား၏။

သူက အစားအသောက်ကို အရသာခံဟန်မပေါ်ဘဲတာဝန်တစ်ခုအနေနှင့် စားနေသည်။

သူ့မျက်နှာမှာ တင်းမာနေလျက်ရှိပြီး၊ သူ့မျက်လုံးအစုံက အေးစက်မှုန်မှိုင်းနေသည်။





ကျူမင်းယုံ အစားအသောက် စားသောက်ပြီးချိန်တွင် လူဝကြီးက အထုပ်တစ်ထုပ် ပေးသည်။

"ပေါက်စီအခြောက်နဲ့အသားကင်တွေပါပါတယ်လူလေး။ လမ်းမှာ သုံးနပ်လောက်စားလို့ရပါလိမ့်မယ်။ အစားအသောက်ကို မှန်မှန်စားပါ လူလေး။ ဘဘ မနက်ဖြန်ကျရင် ရွှေနဂါးနန်းတော်ကို လိုက်လာခဲ့ပါ့မယ်။ သခင်ကြီးရဲ့ အသုဘမှာ လာပြီး ဂါရဝပြုပါ့မယ်"

ကျူမင်းယုံက အထုပ်ကိုယူပြီး ခေါင်းညိတ်ပြလိုက်သည်။

"လူလေး စီးသွားဖို့ ဘဘ မြင်းဇောင်းထဲက မြင်းထုတ်လိုက်ပါ့မယ်"

ကျူမင်းယုံက ခေါင်းကို ညင်ညင်သာသာ ခါပြလိုက်သည်။

"ကျွန်တော့်အတွက် မြင်းမလိုပါဘူး ဘဘ"

"ဒီခရီးမှာ လူလေး မြင်းနဲ့သွားဖို့လိုတယ်။ မြင်းနဲ့သွားမှ ရွှေနဂါးနန်းတော်ကို ရောက်တဲ့အခါ လူလေးမှာ အားပြည့်နေပါလိမ့်မယ်"

လူဝကြီး ဝမ်း၏ စကားကြောင့် ကျူမင်းယုံ၏ခေါင်းထဲသို့ အသိတစ်ခု တိုးဝင်လာသည်။ သူက ခေါင်းကို ညင်သာစွာ ညိတ်လိုက်ပြီး....

"ကောင်းပါပြီ ဘဘ.... ကျွန်တော် မြင်းယူသွားပါ့မယ်"

လူဝကြီး ဝမ်၏ မျက်နှာ ပြုံးရွှင်သွားသည်။ သူက နေရာမှ ချက်ချင်းခွာ၍ ဆိုင်အနောက်ဘက်သို့ ထွက်သွား၏။

တစ်ခဏအကြာတွင် ကုန်းနှီးတင်ထားသောမြင်းတစ်ကောင်ကိုဆွဲပြီး ဆိုင်ဘေးမှပတ်လျက် ဆိုင်ရှေ့သို့ ထွက်လာ၏။

"လူလေး ရှေ့ကို ထွက်ခဲ့ပါ"

လူဝကြီး ဝမ်က ဆိုင်ရှေ့တွင် မြင်းကို ဆွဲရပ်လျက်နေရာမှ ခေါ်သည်။ ကျူမင်းယုံက ဆိုင်အတွင်းမှ လျင်မြန်စွာ ထွက်လာသည်။

ဆိုင်ရှေ့ မြင်းရပ်နေရာသို့ရောက်သည်နှင့် လူဝကြီးဝမ်အား ဂါရဝပြုပြီး မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

"ကျွန်တော်သွားမယ် ဘဘ"

လူဝကြီး ဝမ်က ခေါင်းညိတ်ပြလိုက်သည်။

"လမ်းမှာ သတိဝီရိယထားပြီး သွားပါ"





မှတ် ၁၅/၁၃၈၊ ၆ လမ်း

ကျူမင်းယုံက ခေါင်းညိတ်ပြပြီး မြင်းကို ဖနှောင့်ဖြင့် တို့လိုက်၏။ ထွားကျိုင်းသော မွဲ[illegible]သည် နေရာမှ လျင်မြန်စွာ ပြေးထွက်၏။

ကျူမင်းယုံသည် သုံးနှစ်မျှ နေထိုင်ခဲ့သည့် ရွာကလေးကို ရီဝေသော မျက်လုံးအစုံဖြင့် ကြည့်သည်။ ချက်ချင်းပင် သူ့မျက်နှာအမူအယာ ပြောင်းသွားသည်။ မျိုးဆက် အမွေကို ဆက်ခံရမည့်အရေးက သူ့အတွေးထဲသို့ ဝင်လာလေ၏။

*

## (၃) ခရီးဖော်

အမှောင်ရိပ်က တဖြည်းဖြည်းစိုးမိုးလာသည်။ ကျူမင်းယုံက မြင်းကို မရပ်ဘဲ မှန်မှန်စိုင်းနှင်၏။ အမှောင်ထု သိပ်သည်းလာစပြုလာချိန်မှာပင် တောအုပ်တစ်ခုအတွင်းသို့ သူရောက်လာသည်။

တောအုပ်မှာ သစ်ပင်တွေ ထူထပ်နေသဖြင့် မှောင်သင့်သည်ထက် ပို၍ မှောင်နေသည်။

မှောင်လွန်းမက မှောင်လာသဖြင့် ကျူမင်းယုံမှာ မြင်းဆက်စီး၍ မရတော့ဘဲ၊ မြင်းပေါ်မှ ဆင်းလိုက်ရသည်။

သူက ရပ်နားရန် မစဉ်းစားဘဲ၊ မှောင်ထဲ မည်းထဲ မှာပင် မြင်းဇက်ကြိုးကို ဆွဲပြီး၊ ရှေ့ဆက်သွားသည်။

တောအုပ်ထဲသို့ တိုးဝင်ခဲ့ရင်းမှ ရယ်သံတစ်သံကို ကြားရသည်။ ရယ်သံမှာ စူးရှလွန်းပြီး၊ နားထဲသို့ ပြင်းထန်သောအရှိန်ဖြင့် တိုးဝင်လာသည်။

ကျုမင်းယုံသည် မြင်းဇက်ကြိုးကို ဆွဲ၍ လျှောက်နေရာမှ မြေပြင်ပေါ်သို့ ရုတ်တရက် ထိုင်ချလိုက်သည်။

စိတ်ကို တည်ငြိမ်အောင်ထားပြီး အတွင်းအား စတင်လေ့ကျင့်သည်။

တောအုပ်အတွင်းမှ ရယ်သံသည် စူးရှသည်ထက် စူးရှလာသည်။ ကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။

ကျုမင်းယုံမှာ ကြားရသည့်ရယ်သံကို အတွင်းအားဖြင့် ပြန်လည် ခုခံ၏။ ထိုရယ်သံကို ခုခံရန် လျင်မြန်စွာ နည်းလမ်းရှာသည်။

သူ နည်းလမ်းရှာနေဆဲမှာပင် ဗျပ်စောင်းသံ ပေါ်လာသည်၊ ဗျပ်စောင်းသံမှာ ကြေကွဲဖွယ်ရာ ကောင်းနေပြီး၊ တစ်စထက် တစ်စ ကျယ်လောင်လာသည်။





ထိုဗျပ်စောင်းသံကိုအကြားတွင် ကျုမင်းယုံ ရင်ထိတ်သွား၏။ သိုင်းပညာရှင်နှစ်ယောက် အတွင်းအား ပြိုင်ဆိုင်နေသည့်နေရာသို့ သူ ရောက်နေပြီဟု သိလိုက်၏။

ယခုအချိန်တွင် သူ့အနေနှင့် ရှေ့တိုးရအခက် နောက်ဆုတ်ရခက် ဖြစ်နေသည်။ ရှေ့တိုးလျှင် အတွင်းအားပြိုင်ဆိုင်နေသည့်ကြားသို့ ရောက်ပြီး မြေဇာပင် ဖြစ်ရလိမ့်မည်။ နောက်ပြန်ဆုတ်ရန်ကလည်း အချိန်မမီတော့။

ရယ်သံက ပို၍ကျယ်လာသည်။ ဗျပ်စောင်းသံကလည်း အလူးတွေ့၊ အလိမ့်တွေ့ဖြင့် ပို၍ ကြေကွဲဖွယ်ကောင်းလာ၏။

ထိုစောင်းသံကြောင့် ကျုမင်းယုံမှာ အသည်းကြွေမတတ် ကြေကွဲလာ၏။ သူ့ ခန္ဓာကိုယ်မှာ ပြင်းထန်သော အသံလှိုင်း၏ တိုက်ခိုက်မှုကြောင့် အယိမ်းယိမ်း အယိုင်ယိုင် ဖြစ်လာ၏။

သူသည် စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး၊ အတွင်းအား လေ့ကျင့်သည်။ အပြင်းအထန် ကြိုးစားနေရသဖြင့် သူ့နဖူးပြင်တွင် ချွေးသီးလေးများ စို့လာ၏။

သူသည် လွင့်သွားတတ်သည့်စိတ်ကို ထိန်းပြီး၊ အတွင်းအားဖြင့် ကြားနေရသည့်အသံကို တိုက်ခိုက်ဟန့်တားသည်။

ယိမ်းယိုင်နေသော သူ့ ခန္ဓာကိုယ်မှာ တဖြည်းဖြည်း တည်ငြိမ်လာသည်။ ဗျပ်စောင်းသံနှင့် ရယ်သံတို့ကို ခံနိုင်ရည်ရှိလာ၏။

စူးရှသောရယ်သံ တဖြည်းဖြည်း အင်အား ကင်းမဲ့လာသည်ကို သတိပြုမိ၏။ ဗျပ်စောင်းသံအမြင့်ဆုံးသို့ ရောက်အလာတွင် ရယ်သံ ပြတ်တောက် ကွယ်ပျောက်သွားသည်။

လွမ်းဆွတ်ကြေကွဲဖွယ်ငိုညည်းနေသကဲ့သို့ရှိသော ဗျပ်စောင်းသံသည် ရုတ်တရက် သံစဉ်ပြောင်းသွား၏။

ဗျင်စောင်းသံကို နားထောင်ရင်းမှ ကြည်နူးပျော်ရွှင်သော ခံစားချက်များ ရင်၌ တလိပ်လိပ် တက်လာသည်။

ကျူမင်းယုံက ခံနိုင်ရည်မရှိတော့ဘဲ၊ နေရာမှ ခုန်ထမည့်အပြုတွင် ဗျပ်စောင်းသံ ရုတ်တရက် ပျောက်ကွယ်သွား၏။

ကျူမင်းယုံ၏ ရင်တွင် ဟာခနဲ တစ်ချက် ဖြစ်သွားသည်။ သူက နေရာတွင် ဆက်၍ထိုင်ပြီး၊ အတွင်းအားလေ ကျင့်သည်။ ပြီးမှ အတွင်းအားလေ ကျင့်နေခြင်းကို ရပ်လိုက်သည်။

ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားသောတောအုပ်အတွင်း ဟိုဟို သည်သည် ကြည့်သည်။ သူနှင့် မနီးမဝေး တစ်နေရာမှ မီးရောင် လင်းလက်လာသည်ကို တွေ့လိုက်ရ၏။





ကျူမင်းယုံက မြင်းကိုဆွဲပြီး၊ မီးရောင် ပေါ်ထွက်လာရာဆီသို့သွားရန် ပြင်သည်။ ထိုအခါ သူစီးလာသော မြင်းညိုကြီး လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရ၏။

သူက မြင်းကြီးအားကြည့်ပြီး၊ စိတ်မကောင်း ဖြစ်သွားလျက်က နေရာမှ ခွာထွက်လိုက်၏။ မီးရောင် ပေါ်ထွက်နေရာဆီသို့ တရွေ့ရွေ့ တိုးကပ်လာသည်။

သစ်ပင် စုစုအုပ်အုပ်ကို ကျော်မိသည်နှင့် မီးရောင်မှာ မီးပုံတစ်ခုမှ ပေါ်ထွက်နေကြောင်း သိလိုက်ရ၏။ တစ်ဆက်တည်းပင် မီးပုံဘေးတွင် ထိုင်နေသော အမျိုးသမီး နှစ်ယောက်အား တွေ့လိုက်ရသည်။

အမျိုးသမီးနှစ်ယောက်အနက် တစ်ယောက်သည် အသက်လေးဆယ်ခန့်ရှိ အမျိုးသမီးကြီးတစ်ယောက်ဖြစ်ပြီး၊ ကျန်တစ်ယောက်မှာ အသက်ဆယ့်ခုနစ်နှစ်အရွယ် မိန်းမပျိုလေးတို့ ဖြစ်သည်။

အသက်လေးဆယ်အရွယ် အမျိုးသမီး၏ ရင်ခွင်တွင် ဗျပ်စောင်း တစ်လက်ကို ပိုက်ထားလျက်ရှိပြီး၊ သူသည် ခံစားချက်ကင်းမဲ့သော မျက်လုံးအစုံဖြင့် မီးပုံကို ငေးစိုက်ကြည့်နေ၏။

အသက်ငယ်ရွယ်သည့် မိန်းမပျိုမှာ မီးပုံထဲသို့ ထင်း တစ်ချောင်းပြီး တစ်ချောင်း ထည့်နေသည်။

မီးပုံထဲသို့ ထင်းထည့်ရင်းမှ သူသည် မကြာခဏဆိုသလိုပင် ပတ်ဝန်းကျင်ကို ကြည့်သည်။ သူ့ အကြည့်တွင် မလုံလဲဟန်၊ ထိတ်လန့်ကြောက်ရွံ့ဟန်တွေ ထင်နေ၏။

ကျုမင်းယုံသည် အမျိုးသမီးနှစ်ယောက်ရှိနေသည့် မီးပုံနှင့် မနီးမဝေး သစ်ပင်အောက်တွင် ရပ်သည်။ သူက ထိုအမျိုးသမီး နှစ်ယောက်ရှိရာသို့ ဝင်ရောက်ရန် သင့်–မသင့် စဉ်းစားနေ၏။

"သစ်ပင်အောက်မှာရပ်နေတာ ဘယ်သူလဲ။ ရှေ့ကို တိုးလာခဲ့စမ်း"

ဗျပ်စောင်းပိုက်ထားသည့် အမျိုးသမီးကြီး၏ အသံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် ပေါ်လာသည်။

ကျုမင်းယုံမှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး၊ ရှေ့သို့ တိုးထွက်လိုက်၏။ မီးပုံအနီးသို့ ချဉ်းကပ်ခဲ့ပြီးနောက် အမျိုးသမီးကြီးအား လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

"ကျွန်တော့် ကျုမင်းယုံက ဂါရဝပြုပါတယ်။ ကျွန်တော်က ဒီတောအုပ်ကို လမ်းကြုံလို့ ဖြတ်တဲ့လူပါ။ အစ်မကြီးတို့ ပညာပြိုင်နေတာနဲ့ဆုံပြီး ကျွန်တော့်မြင်း သေသွားပါပြီ"

ဗျပ်စောင်းရှင် အမျိုးသမီးကြီးက တည်ငြိမ်သော မျက်နှာနှင့် ကျုမင်းယုံအား ကြည့်လိုက်သည်။ အမျိုးသမီးကြီး၏





မျက်လုံးထဲတွင် ရန်လိုသည့် အရိပ်အယောင်မရှိသဖြင့် ကျုမင်းယုံ စိတ်သက်သာရာရသွား၏။

"မင်းကတော့ ဘာမှမဖြစ်ဘူး မဟုတ်လား"

"ဟုတ်ကဲ့.... ကျွန်တော် ဘာမှမဖြစ်ပါဘူး"

"မင်းရဲ့ မြင်းအတွက် ကျုပ် လျော်ကြေးပေးပါ့မယ်။ အခု မင်း- ကျုပ်ရဲ့ စောင်းသံကို ခုခံနိုင်သလားဆိုတာ စမ်းသပ်ကြည့်ရမယ်"

"ကျွန်တော် မခုခံနိုင်ပါဘူးခင်ဗျာ။ စောစောကလဲ ကျွန်တော် သတိလစ်တော့မလိုဖြစ်သွားချိန်မှာ စောင်းသံ ရပ်သွားလို့ သက်သာခဲ့ရပါတယ်"

"မင်းတကယ်ပဲ မခုခံနိုင်ဘူးလား"

"ဟုတ်ကဲ့.... အစ်မကြီးရဲ့အတွင်းအားကို ကျွန်တော်မယှဉ်နိုင်သေးပါဘူး"

ကျုမင်းယုံ၏ စကားကြောင့် ဗျပ်စောင်းရှင်ကျေနပ်သွားပုံပေါ်သည်။ သူက ခေါင်းတဆတ်ဆတ်ညိတ်ပြီး....

"မင်းဟာ သိုင်းလောကထဲကို ခုမှဝင်လာတဲ့လူနဲ့တူတယ်"

"ကျွန်တော်ဟာ သိုင်းလောကသားတစ်ယောက်မဟုတ်ပါဘူး။ အခု ကျွန်တော့်အဖေဆုံးသွားလို့ အိမ်ပြန်ဖို့ထွက်လာတဲ့လူပါ"

ကျုံမင်းယုံသည် သိုင်းလောက၏ အတွေ့အကြုံ မရှိသဖြင့် ရိုးသားပွင့်လင်းစွာ ပြောလိုက်သည်။ အမျိုးသမီးကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး....

"မင်းဟာ ရန်သူ မဖြစ်နိုင်ဘူးဆိုတာ ကျုပ်ယုံပါတယ်၊ မင်း ဆန္ဒရှိမယ်ဆိုရင် ကျုပ်တို့အနားမှာ လာထိုင်ပါ။ ကျုပ်က ပိုင်ရှင်းလွမ်း။ သူက ကျုပ်ညီမလေး ပိုင်စုပန်းပါ"

*

မီးပုံမှာ မီးအရှိန် ပိုတက်လာသည်။ အလင်းရောင်က မနီးမဝေးရှိ သစ်ပင်များ၊ ချုံပုတ်များရှိရာသို့တိုင် ပျံ့နှံ့ ရောက်ရှိနေသည်။





ကျုံမင်းယုံသည် ပိုင်ရှင်းလွမ်းနှင့် ပိုင်စုပန်းတို့ရှေ့တွင် ထိုင်လိုက်သည်။ သူက ပိုင်ရှင်းလွမ်းအား စူးစူးစိုက်စိုက် အကဲခတ်ကြည့်ရှုနေသော်လည်း၊ ပိုင်စုပန်းအား ယောင်၍ပင် လှည့်မကြည့်ချေ။

သူက သူနှင့် သက်တူရွယ်တူဖြစ်သော ပိုင်စုပန်းအား လှည့်ကြည့်ရန် ရှက်နေ၏။

"ကျုပ်တို့ ညီအစ်မက ဂါရဝပြုသင့်တဲ့ လူတစ်ယောက်ရဲ့ အသုဘကို သွားမလို့ ထွက်လာကြတာ။ ဒီတောအုပ်ထဲရောက်တော့ ရန်သူဟောင်းနဲ့တွေ့ပြီး ပညာပြိုင်မိတယ်။ မင်းက ကြားချောင်ပြီး မြင်းတစ်ကောင် ဆုံးသွားရတဲ့အတွက် ကျုပ် စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူး.... ဒီကိစ္စမှာ ကျွန်တော့်အပြစ်လဲပါ ပါတယ်။ ကျွန်တော်က မဆင်မချင်ဘဲ ဒီတောအုပ်ထဲ ဝင်လာခဲ့လို့ အခုလိုဖြစ်ရတာပါ။ အမှန်ဆိုရင် ဒါလောက်မှောင်နေတဲ့ အချိန်မှာ ကျွန်တော် ဒီတောအုပ်ထဲကို ဝင်မလာသင့်ပါဘူး"

ပိုင်ရှင်းလွမ်းက သက်ပြင်းချလိုက်သည်။

သူက နှုတ်ခမ်းပါးပါး သန်စွမ်းပြီး ယောကျ်ားပီသ ချောမောသော ကျုံမင်းယုံကို စူးစူးစိုက်စိုက်ကြည့်သည်။

ကြည့်နေရင်း သူ့မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ်လက်လာလျက် အသာအယာ ပြုံးလိုက်သည်။

"မင်းက ဘယ်ထိအောင် သွားမှာလဲ"

"ဟူစန်းမြို့ကို သွားမှာပါ"

"ဟုတ်လား.... ကျုပ်တို့ကလဲ အဲဒီကိုသွားမှာပဲ။ လမ်းကြုံနေတဲ့အတွက် အတူတူသွားကြတာပေါ့"

ကျူမင်းယုံက အဖော်ပါလာလျှင် သူ့ခရီး တွင်တော့မှာ မဟုတ်ကြောင်း စဉ်းစားမိသည်။

သို့သော် ပိုင်ရှင်းလွှမ်းကို ပယ်ရှားရန် ခက်ခဲသဖြင့် ခေါင်းညိတ်လိုက်၏။

"ကောင်းပါတယ် အစ်မကြီး.... ကျွန်တော်က ဒီလမ်းကို သိပ်မကျွမ်းကျင်တော့ အစ်မကြီးတို့နဲ့အတူသွားရင် အဆင်ပြေလိမ့်မယ်"

"ဒါဆိုရင် မနက်စောစောထသွားနိုင်ဖို့အတွက် အခုအိပ်လိုက်ကြရအောင်။ ညီမလေး စုပန်း နင်အိပ်ချင်နေပြီ မဟုတ်လား။ အိပ်လိုက်တော့လေ"

"ဟုတ်ကဲ့ မမ"

ပိုင်စုပန်းက မီးပုံဘေးတွင် အခင်းတစ်ခုကို ခင်းပြီး လှဲချလိုက်၏။





ကျူမင်းယုံကလည်း ပိုင်စုပန်းလုပ်သလို လိုက်လုပ်သည်။

ပိုင်ရှင်းလွှမ်းကမူ ဗျပ်စောင်းပိုက်ပြီး မီးပုံဘေးတွင်ထိုင်မြဲထိုင်နေ၏။

*

မနက် အာရုဏ်တက်ချိန်တွင် ကျူမင်းယုံတို့ တောအုပ်ထဲမှ ထွက်သည်။

တောအုပ်အပြင်သို့ရောက်သည်နှင့် ပိုင်ရှင်းလွှမ်းက ကိုယ်ဖော့ပညာသုံးပြီး လျင်မြန်စွာ ထွက်ပြေးသည်။

ပိုင်စုပန်းက သူ့အစ်မနောက်မှ ထပ်ချပ်မခွာလိုက်သွား၏။

ကျူမင်းယုံသည် အမျိုးသမီးနှစ်ယောက်အား တစ်ခဏမျှ ကြောင်ကြည့်နေပြီးမှ ကိုယ်ဖော့ပညာသုံးလျက်ပြေးလိုက်သည်။

တစ်ခဏအတွင်းမှာပင် သူသည် ပိုင်ရှင်းလွှမ်းတို့အားမှီလာသည်။

"မင်းရဲ့ ကိုယ်ဖော့ပညာက တော်တော်ကောင်းပါလား"

"ကျွန်တော် ကိုယ်ဖော့ပညာကောင်းတယ်ဆိုပေမယ့် အစ်မကြီးကို မမီသေးပါဘူး"

သူတို့နှစ်ယောက်သည် ကိုယ်ဖော့ပညာသုံးလျက် ပြေးလွှားနေရင်းမှ အပြန်အလှန်ပြောဖြစ်သည်။

ကျူမင်းယုံက အမှတ်မထင်ပြောလိုက်ခြင်း ဖြစ်သော်လည်း၊ ပရိယာယ်ကြွယ်ဝသော ပိုင်ရှင်းလွှမ်းက ကျူမင်းယုံအား စမ်းသပ်လိုက်ခြင်း ဖြစ်သည်။

ယခု လက်တွေ့ပင် ကျူမင်းယုံသည် ကိုယ်ဖော့ပညာအလွန်ကောင်းပြီး၊ အတွင်းအား ပြည့်ဝသူဖြစ်ကြောင်းသိလိုက်ရ၏။

"မမ.... ညီမတို့ ခဏနားကြရအောင်"

ပိုင်ရှင်းလွှမ်းက ပိုင်စုပန်းအား လှမ်းကြည့်လိုက်စဉ် ပိုင်ရှင်းလွှမ်းက ခေါင်းညိတ်ပြ၏။

ပိုင်စုပန်းမှာပျော်သွားပြီး မနီးမဝေးသစ်ပင်တစ်ပင်အောက်သို့ ဝင်လိုက်၏။





"အခုအတိုင်းဆိုရင် ဟူစန်းမြို့ကို မိုးချုပ်မှပဲ ရောက်လိမ့်မယ်"

"ဘယ်အချိန်ပဲရောက်ရောက် ရောက်ဖို့က အရေးကြီးပါတယ်။ ဒါထက် မင်းဂျကော ရွှေနဂါးသခင်ကြီးရဲ့ အသုဘမှာ ဂါရဝပြုမလို့လား"

"ဟုတ်ပါတယ် အစ်မကြီး"

"လမ်းမှာ ကျုပ်တို့ သတင်းတစ်ခုကြားခဲ့ရတယ်။ အဲဒါကတော့ ရွှေနဂါး သခင်ကြီး သေဆုံးသွားတာဟာ သွေးရိုးသားရိုး မဟုတ်ဘူး။ လုပ်ကြံခံရတာတဲ့။ မင်းကော ဘာကြားသလဲ"

"ကျွန်တော် အစ်မကြီးတို့လိုပဲ လုပ်ကြံခံရတယ်လို့ ကြားပါတယ်။ ရွှေနဂါးသခင်လို သိုင်းပညာထက်မြက်တဲ့လူကို ဘယ်သူကများ လုပ်ကြံသလဲ မသိဘူး"

"သူ့ထက် ပညာတော်သူက လုပ်ကြံတာပေါ့။ ရွှေနဂါးသခင်ကြီး ဆုံးသွားတဲ့အတွက် အနက်ရောင် သိုင်းသမားတွေမှာ ပျော်နေကြတယ်"

*

## (၄) အသုဘ

ထွန်းညှိထားသည့် အမွှေးတိုင်မှ မီးခိုးများ တလူလူလွင့်နေသည်။

ရွှေနဂါးနန်းတော်သခင် ကျူမင်းရဲ၏ အလောင်းပြင်ဆင်ထားရာ အလောင်းစင်အနီးသို့ လူရွယ်တစ်ယောက် ချဉ်းကပ်လာသည်။

ထိုလူရွယ်က အလောင်းစင်ပေါ်မှ ကျူမင်းရဲ မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး၊ အလောင်းစင်ဘေးတွင် ဒူးထောက် ထိုင်ချလိုက်သည်၊

ကျူမင်းရဲ၏ အလောင်းပြင်ထားရာမဏ္ဍပ်အတွင်း၌ အနယ်နယ်အရပ်ရပ်မှ လာရောက် ဂါရဝပြုသည့် ထိပ်သီးသိုင်းသမားများနှင့် ပြည့်နေသည်။

အဆင့်မြင့် သိုင်းသမားများသည် အလောင်းစင်ဘေးတွင် ဒူးထောက်ထိုင်နေသောလူရွယ်ကို စူးစူးစမ်းစမ်းကြည့်ကြသည်။

ထိုလူရွယ်မှာ ကူအန်၌ဘာ့ ခရီးပြင်းနှင်ပြီးရောက်လာသော ကျူမင်းယံပင် ဖြစ်သည်။

ကျူမင်းယံ အလောင်းစင်အနီးကွင် ထိုင်နေစဉ်မှာပင် သူ့နောက်နား၌ အမျိုးသမီးနှစ်ယောက် လာရပ်သည်။ ထိုအမျိုးသမီး နှစ်ယောက်သည် ပိုင်ရှင်းလွမ်းနှင့် ပိုင်စုပန်းတို့ပင်ဖြစ်သည်။

ပိုင်ရှင်းလွမ်းတို့က အမွေးတိုင်မှာ ထွန်းညှိ၍ ကျူမင်းရဲအတွက် ဆုတောင်း ဂါရဝပြုကြသည်။ ပြီး အမွေးတိုင်များကို ကြေးအိုးတစ်ခုအတွင်း စိုက်ထိုးလိုက်၏။





ထိုအချိန်ထိအောင် ကျူမင်းယံမှာ အလောင်းစင်ဘေးတွင် ဒူးထောက်လျက် ထိုင်နေဆဲဖြစ်သည်။

ပိုင်ရှင်းလွမ်းတို့ ညီအစ်မသည် ကျူမင်းယံ၏ ထူးဆန်းသော အပြုအမူကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ထိုစဉ်မှာပင် အပြာရောင် ဝတ်ရုံရှည်ကြီး ဝတ်ထားသည့် သန့်ပြန့်သော ရုပ်ရည်ရှိသော လူတစ်ယောက် ကျူမင်းယံ အနီးသို့ ရောက်လာသည်။

ထိုလူကြီးက ကျူမင်းယံ၏ဘေးတွင် ရိုကျိုးဟန်ဖြင့် ရပ်လိုက်၏။

"သခင်လေး"

အပြာရောင်ဝတ်စုံနှင့် လူကြီး၏ နှုတ်မှ ဆို့နင့်လှိုက်လှဲစွာ ခေါ်သံပေါ်လာသည်။

ခေါ်သံပေါ်အလာတွင် ကျူမင်းယံက ဖြည်းညှင်းစွာ မော့ကြည့်လာ၏။ ရီဝေညှိုးမှိုင်းသော သူ့မျက်လုံးအစုံတွင် မျက်ရည်ရိပ်များ ဝင်းနေသည်။

"သခင်ကြီးကို ဂါရဝပြုပြီးရင် ဘဘနောက်ကို လိုက်ခဲ့ပ လူလေး။ ဘဘမှာ လူလေးလက်ထဲကို အပ်စရာ ပစ္စည်းငေ ရှိနေပါတယ်"

ကျူမင်းယုံက ခေါင်းကို ညင်ညင်သာသာ ညိတ်လိုက်သည် ပြီး.... ထိုင်နေရာမှ ဖြေးလေးစွာ ထ၏။

"ဘဘရှန်း ဧည့်သည်တွေကို လိုလေသေးမရှိ ပြုစုပါ။ ကျ တော်နဲ့ အတူပါလာတဲ့ အမျိုးသမီး နှစ်ယောက်ကိုလဲ နေ ချထားပေးပါ"

"ဧည့်သည်တွေအတွက် မပူပါနဲ့ သခင်လေး။ ဘဘအား စီစဉ်ထားပါတယ်"

အပြာရောင်ဝတ်စုံနှင့်လူက ကျူမင်းယုံအား ပြောပြီး၊ လှမ်းလှမ်းတွင်ရှိနေသော ဝတ်စုံဝါ ဝတ်ထားသူကို လှမ်းခေ လိုက်သည်။

ဝတ်စုံဝတ်နှင့်လူသည် အိမ်တော်ထိန်းကြီးဖြစ်သော အ ရောင် ဝတ်စုံဝတ်ထားသည့် လုကျောက်ရှန်း ရှေ့သို့ ရော လာသည်။





ထိုသူမှာ ရွှေနဂါးနန်းတော်ရှိ သိုင်းသမားများ၏ ခေါင်း ဆောင် ကြီးကြပ်ရေးမှူး ချူးယန်းပင် ဖြစ်သည်။

"ဆရာယန်း ဟို....အမျိုးသမီးနှစ်ယောက်ကို သီးသန့်ခန်းထဲ မှာ နေရာချပေးပါ"

ချူးယန်းက ခေါင်းညိတ်ပြသည်။ တစ်ဆက်တည်းပင် လု ကျောက်ရှန်းနှင့် အတူရပ်နေသော ကျူမင်းယုံအား ဂါရဝပြု လိုက်၏။

"သခင်လေးကို ရုတ်တရက် ဘယ်သူ ဘယ်ဝါမှန်း မသိလို့ မကြိုဆိုမိတာ ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူး ဘဘယန်း။ အပိုအလုပ်တွေကို ကျွန်တော် မကြိုက်ဘူး။ ဘဘယန်း လုပ်စရာရှိတာသာ လုပ်ပါ"

ချူးယန်း အနားမှ ခွာထွက်သွားသည်။ ကျူမင်းယုံတို့အား ဘအံ့တကြနှင့် ကြည့်နေသော ပိုင်ရှင်းလွမ်းတို့ အနီးသို့ ချဉ်းကပ် သွား၏။

အလောင်းစင်အနီးတွင် ရပ်နေဆဲဖြစ်သော လုကျောက်ရှန်း က ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"သိုင်းလောကသား မိတ်ဆွေများကို ရွှေနဂါးနန်းတော်[illegible] အမွေခံသခင်လေး ပြန်ရောက်လာပြီဆိုတဲ့အကြောင်း အသိပေ[illegible] ပါတယ်။ အသုဘာကိစ္စ အစီအစဉ်လုပ်ပြီးတာနဲ့ သခင်လေး ဟာ[illegible] မိတ်ဆွေတို့နဲ့ တွေ့ဆုံပါလိမ့်မယ်"

ပုကျောက်ရှန်းသည် မဏ္ဍပ်အတွင်း၌ရှိနေသူအားလုံး ကြား[illegible] လောက်အောင် အတွင်းအားသုံး၍ ပြောပြီး၊ ကျူမင်းယုံဘက်[illegible] သို့ လှည့်၍ ခေါင်းညိတ်ပြသည်။

ပြီး.... အဆောင်ဆောင် အခန်းခန်းဖြင့် ခန်းနားလှသော[illegible] ရွှေနဂါးနန်းတော်ဆီသို့ ဦး ဆောင်လျှောက်သွား၏။ ကျူမင်[illegible] ယုံက လုကျောက်ရှန်း၏ နောက်မှ လိုက်ခဲ့[illegible]ည်။

"မိထွေးငါးယောက်ကို ညှော်ခံမဏ္ဍပ်မှာ မတွေ့ရဘူး။ သူတို့[illegible] နေကောင်းကြရဲ့လား"

"နေကောင်းကြပါတယ်။ သူတို့ သခင်လေးကို ညှော်ခံ[illegible] ဆောင်ကနေ စောင့်နေကြပါတယ်"

*





လုကျောက်ရှန်းက နောက်သို့ လှည့်မကြည့်ဘဲ ပြောရင်း၊ အိမ်ထဲသို့ ဝင်လိုက်သည်။ အိမ်ထဲသို့အရောက်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်နှင့် အနက်ရောင်အဝတ်အစား ဝတ်ထားသည့် မိထွေး ငါးယောက်နှင့် တွေ့ရသည်။

မိထွေး ငါးယောက်သည် ကျူမင်းယုံအား တွေ့သည်နှင့် နေရာမှ တစ်ပြိုင်နက်တည်း ထလိုက်ကြ၏။ ပထမ မိထွေးက ရှေ့တိုးလာပြီး....

"သားတော်လေးကို သခင်ကြီးက စကားတစ်ခွန်း မှာသွားပါတယ်"

ကျူမင်းယုံက ပထမ မိထွေးအား မေးခွန်းထုတ်ဟန်ဖြင့် လှမ်းကြည့်သည်။ ပထမ မိထွေးက....

"ရန်သူက သူ့ကိုယ်ထဲမှာ....တဲ့"

ပထမ မိထွေး၏စကားကြောင့် ကျူမင်းယုံ မျက်မှောင်ကြုံ့သွားသည်။ သူက စူးစူးစမ်းစမ်းနိုင်သော အကြည့်ဖြင့် ပထမ မိထွေးကို ကြည့်သည်။

"ရန်သူက သူ့ကိုယ်ထဲမှာ ဟုတ်လား"

"ဟုတ်ပါတယ် သားတော်လေး"

ကျုံမင်းယုံက ကျန်မိထွေးလေးယောက်ကို လှမ်းကြည့်လိုက်သည်။ အသက် သုံးဆယ်ဝန်းကျင်သာရှိပြီး၊ တစ်ယောက် တစ်မျိုးစီ ချောကြ လှကြသော မိထွေးများအနက်၊ ပဥ္စမ မိထွေးက ပြောစရာစကားရှိဟန် ရှေ့တိုးလာသည်။

"ပဥ္စမ မမ ဘာပြောစရာရှိလို့လဲ"

"ရန်သူဟာ ရွှေနဂါးနန်းတော်ကို နာမည်ဖျက်လိမ့်မယ်လို့ သခင်ကြီးက ပြောသွားပါတယ်"

ကျုံမင်းယုံ ခေါင်းညိတ်လိုက်သည်။ မိထွေး ငါးယောက်စလုံးအား တစ်ချက်ကြည့်ပြီး....

"မမတို့ ကိုယ့်အဆောင်မှာကိုယ် ဖေဖေရှိတုန်းကလိုပဲ နေပါ။ ဖေဖေ မရှိတော့ပေမယ့် မမတို့ဟာ ရွှေနဂါးနန်းတော်ရဲ့ သခင်မတွေပါပဲ။ ဖေဖေရှိတုန်းကလိုပဲ ကိုယ့်တာဝန်ကို ကိုယ်ယူကြပါ။ ကျွန်တော်က သေတဲ့ထိအောင် မမတို့ရဲ့ သားပါပဲ"

ကျုံမင်းယုံ၏စကားကြောင့် မိထွေးငါးယောက်၏ မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားသည်။





ပထမ မိထွေးက ကျုံမင်းယုံ၏ စကားအဆုံးတွင် ခေါင်းကို ညင်ညင်သာသာ ညိတ်လိုက်သည်။

"မမတို့အပေါ် အခုလို သဘောထားတဲ့အတွက် သားတော်လေးကို ကျေးဇူးတင်ပါတယ်။ သားတော်လေး စိတ်ကို အေးအေး ထားပါ။ ရွှေနဂါးနန်းတော် တစ်ခုလုံးရဲ့ တာဝန်ဟာ သားတော်လေး ခေါင်းပေါ်ကို ရောက်လာပါပြီ။ သခင်ကြီး လုပ်ကြံခံရတဲ့အတွက် မခံချင်ဖြစ်ပြီး၊ ဒေါသနဲ့ လျှောက်လုပ်မိရင် အမှားတွေ့နိုင်ပါတယ်"

"ကျွန်တော် ဘာတစ်ခုမှ အရမ်းမဲ့ မလုပ်ပါဘူး စိတ်ချပါ မမ။ ကျွန်တော်နဲ့ ဘာဘာရှန်း တိုင်ပင်စရာတွေ ရှိသေးလို့ ခွင့်ပြုပါဦး"

ကျုံမင်းယုံက လုကျောက်ရှန်းအား လှမ်းကြည့်သည်။ လုကျောက်ရှန်းက ရှေ့မှ ဦးဆောင်ပြီး၊ ညှိခန်းဆောင်အပြင်သို့ ထွက်သည်။

ညှိခန်းဆောင်နှင့် ကပ်လျက်ရှိသော စာကြည့်ဆောင်သို့ ဝင်သည်။ ကျုံမင်းယုံက လုကျောက်ရှန်း၏ နောက်မှ လိုက်ခဲ့၏။

စာကြည့်ဆောင်တွင် စာအုပ်စာတမ်းများဖြင့် ပြည့်နေသည်၊ ဆေးကျမ်းများ၊ ဗေဒင်လက္ခဏာကျမ်းများ၊ သိုင်းဂိုဏ်းအသီးသီး၏ သိုင်းပညာကို လေ့လာ ပြုစုထားသော သိုင်းကျမ်းများ၊ ရှေးဟောင်း ပေပုရပိုဒ်များဖြင့် ပြည့်နေသည်။

လုကျောက်ရှန်းသည် စာကြည့်ဆောင်ထဲသို့ အရောက်တွင် နံရံတစ်နေရာကို လက်ဖြင့် တွန်းလိုက်သည်။ နံရံရွေ့လျားသွားပြီး၊ အံဝှက်တစ်ခု ပေါ်လာ၏။

လုကျောက်ရှန်းက ထိုအံဝှက်ထဲမှ အနီရောင်အဖုံး ဖုံးအုပ်ထားသော စာအုပ်တစ်အုပ်ကို လှမ်းယူလိုက်သည်။ တစ်ဆက်တည်းပင် ထိုစာအုပ်နှင့် အတူထားသော ရတနာ စီခြယ်ထားသည့် ဓားတစ်ချောင်းကို ယူလိုက်သည်။

"သခင်လေးကို သခင်ကြီးရဲ့ အမိန့်နဲ့ ရွှေနဂါး သိုင်းကျမ်းဆက်သပါတယ်။ ရွှေနဂါး မျိုးဆက်အမွေဖြစ်တဲ့ ရွှေနဂါးဓားကိုလဲ လက်ခံပါ။ သခင်ကြီးက ရွှေနဂါးမျိုးဆက်အဖြစ် သိုင်းလောကအကျိုးကို ဆောင်ရွက်ပါလို့ မှာသွားပါတယ်"

ကျူမင်းယုံက အနီရောင် အဖုံးပေါ်တွင် ရွှေရောင်နဂါးတစ်ကောင် ခွေရစ်နေပုံပါသော သိုင်းကျမ်းစာအုပ်ကို သိမ်းလိုက်သည်။ ပြီး.... ရတနာဓားကို လက်ခံယူ၏။





"ဖေဖေ ဘယ်လို လုပ်ကြံ ခံရတယ်ဆိုတာ ပြောပါဦး ဘဘရှန်း"

ကျူမင်းယုံ၏ အမေးစကားကြောင့် လုကျောက်ရှန်း၏ မျက်နှာ တည်ကြည်တင်းမာသွားသည်။

ကျူမင်းယုံက ထိုင်ခုံတစ်လုံးတွင် ထိုင်ချလိုက်စဉ် သူက မျက်နှာချင်းဆိုင်တွင် ထိုင်၍....

"သခင်ကြီး လုပ်ကြံမခံရခင် တစ်ပါတ်လောက်မှာ ဖိတ်စာ တစ်စောင် ရောက်လာတယ်။ ဖိတ်စာက ရွှေနဂါးဖိတ်စာပါ"

"ဗျာ....ရွှေနဂါးဖိတ်စာ ဟုတ်လား ဘဘရှန်း"

ကျူမင်းယုံက အံ့အားသင့်သွားလျက်က မေးသည်။

"ဟုတ်တယ်သခင်လေး။ ရောက်လာတဲ့ဖိတ်စာဟာ ရွှေနဂါးဖိတ်စာအစစ်ပါပဲ။ ဘာပြုလို့လဲဆိုတော့ ဖိတ်စာလာပို့တဲ့ လူဟာ ရွှေနဂါးအမိန့် အလံကိုပြပြီး၊ ဖိတ်စာ ပေးသွားလို့ပါ။ အဲဒီလူပြတဲ့ ရွှေနဂါးအမိန့်အလံဟာ အစစ်အမှန် ဖြစ်နေတယ်"

"ဒါဆိုရင် ရွှေနဂါး နန်းတော်က ရွှေနဂါးအမိန့် အလံ ပျောက်သွားပြီပေါ့"

လုကျောက်ရှန်းက ခေါင်းခါပြလိုက်သည်။

"ဒီမှာလဲ အလံတစ်ခု ရှိနေပါတယ်။ နောက်တိုးလာတဲ့ အလံဟာ အတုလားဆိုတော့ အတုမဟုတ်ဘူး အစစ်ပဲ။ အလံ ပြပြီး ပေးတဲ့စာမှာ ရွှေနဂါးအမွေခံအစစ်ဟာ ဘယ်သူလဲ ဆို တာ သိရအောင် ပညာဖလှယ်ဖို့ ဟူစန်းတောင်ကို လာပါလို့ ခေါ်တဲ့စာပဲ။ သခင်ကြီးဟာ စာရတာနဲ့ ဟူစန်းတောင်ကို တစ် ယောက်တည်း သွားခဲ့တယ်။ နှစ်ရက်မြောက်နေ့မှာ ဒဏ်ရာတွေ နဲ့ ပြန်ရောက်လာပြီး ဆုံးသွားတာပဲ"

"ဖေဖေက တခြားဘာမှ မပြောနိုင်ခဲ့ဘူးလား"

လုကျောက်ရှန်း ခေါင်းခါပြသည်။

"သခင်ကြီးဟာ စောစောက သခင်မတွေပြောတဲ့ စကား အပြင် တခြားဘာမှ ပြောမသွားနိုင်ဘူး။ ဘာကို ပြောတာ တောင် ဟူစန်းတောင်ပေါ်ကို မသွားခင်မှာ ပြောသွားတာ။





ဒီကို ပြန်ရောက်လာတဲ့အချိန်မှာ သခင်ကြီးဟာ သိပ်တုန်လှုပ် ချောက်ချားနေပုံရတယ်။ သူ့တစ်ကိုယ်လုံးမှာ သွေးတွေ ချင်း ချင်း နီနေတယ်။ ဒဏ်ရာရထားတာ တစ်ကိုယ်လုံး အနှံ့အပြားပဲ။ သူရထားတဲ့ဒဏ်ရာတွေ ဘယ်သူ့ကိုမှ ကြည့်ခွင့်မပေးဘူး"

လုကျောက်ရှန်း၏ စကားကြောင့် ကျူမင်းယုံ တွေခနဲ ဖြစ်သွားသည်။ တခဏအကြာတွင် သူက ခေါင်းတဆတ်ဆတ် ညိတ်ပြီး....

"ရန်သူက သူ့ကိုယ်ထဲမှာဆိုတာ သူ့ကိုယ်ပေါ်က ဒဏ်ရာ တွေကို ကြည့်ခိုင်းတာဖြစ်မယ်။ ဒီဒဏ်ရာတွေကို ကြည့်ရင်၊ ရန်သူဘယ်သူဆိုတာ သိနိုင်မယ်ထင်တယ်"

"ဘာဘလဲ အဲသလိုပဲ ခန့်မှန်းမိပါတယ်။ သခင်ကြီးဟာ သူ့ ရန်သူနဲ့ ပတ်သက်ပြီး၊ တော်တော် စိတ်ရှုပ်ထွေးနေပုံ ရတယ်"

ကျူမင်းယုံ တွေဝေငေးမောသွား၏။ ရွှေနဂါးနန်းတော်သို့ ရောက်ရောက်ခြင်း ရှုပ်ထွေးနေသော ပြဿနာက ကြိုဆိုနေသဖြင့် စိတ်ထဲတွင် ရှုပ်ထွေးနောက်ကျိလာသည်။

"ရွှေနဂါးသိုင်းဟာ သိုင်းလောကရဲ့ ဥဿျောင်သိုင်းပညာ ပါ။ မျိုးရိုးစဉ်ဆက် အမွေဆက်ခံလာတဲ့ သိုင်းပညာနဲ့ ရွှေ

နဂါးနန်းတော်ရဲ့ ဂုဏ်သတင်း သိုင်းလောကထဲမှာ ကျော်ကြားနေခဲ့တယ်။ ဒီသိုင်းပညာကို ရွှေနဂါးမျိုးဆက်ကပဲ အမွေခံယူခွင့် ရှိတယ်။ အခု ရွှေနဂါးမျိုးဆက်ကို စိန်ခေါ်တဲ့လူ ရှိလာပြီ။ ဒီလူဟာ ဘယ်သူလဲ။ ဘာရည်ရွယ်ချက်နဲ့ အခုလိုလုပ်တာလဲ။ ဒါကို သိဖို့လိုတယ်။ ဒါကိုသိမှ ပြဿနာကို ဖြေရှင်းလို့ရမယ်”

လုကျောက်ရှန်းက တွေးတွေးဆဆပြောနေသော ကျူမင်းယုံ၏ စကားကို ဝင်မထောက်ဘဲ ငြိမ်သက်စွာ နားထောင်နေ၏။

“ဒီညပဲ ကျွန်တော် ဖေဖေ့ အလောင်းကို စစ်ဆေးကြည့်မယ်။ ဖေဖေ့အလောင်းကို စစ်ဆေးတဲ့အချိန်မှာ ရောက်နေတဲ့ ဧည့်သည်တွေ မသိဖို့လိုတယ်။ ဒါကြောင့် ဖေဖေ့အလောင်းကို မိသားစု သီးသန့်ကန်တော့ဖို့ဆိုပြီး အိမ်ထဲကို ပြန်သွင်းပါ။ ဒီအချိန်မှာ မိတ္တေးငါးယောက်က ဧည့်သည်တွေကို ဧည့်ခံထားဖို့လိုလိမ့်မယ်။ အလောင်းကိုစစ်ဆေးပြီးရင် ကျွန်တော်အိမ်သားအားလုံးနဲ့ တွေ့မယ်”

“ဘာဘ အားလုံးဒီစဉ်လိုက်ပါမယ် သခင်လေး။ အလောင်းစစ်ဆေးတဲ့အလုပ်ကို ညသန်းခေါင်အချိန်ကျမှ လုပ်ပါ။ ဒါဆိုရင် ဧည့်သည်တွေ အိပ်ရာဝင်နေလောက်ပြီ”



လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း၆၃
ဘောင် ရှေ့ ပြည့်
အမှတ် ၂၁၃၄၅



“ကောင်းတယ် ဘတရှန်း.... အဲဒီအတိုင်းပဲ စီစဉ်ပါ။ ကျွန်တော် အလောင်းကို စစ်ဆေးကြည့်ပြီးတာနဲ့ ဘာလုပ်သင့်တယ်ဆိုတာ ပြောပါမယ်”

*

## (၅) စစ်ဆေးခြင်း

ကျူမင်းယုံ၏ မျက်နှာတွင် အံ့သြ တုန်လှုပ်သည့် အရိပ်သဏ္ဌာန်တွေ ထင်လာသည်။

သူက ခြစ်ရာတွေ အဆင်းရာတွေ ရှုပ်ရှက်ခတ်နေသော ကျူမင်းရဲ၏ ကျောပြင်ကို စူးစူးစိုက်စိုက်ကြည့်သည်။ အတန်ကြာအောင် ကြည့်နေပြီးမှ သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်၏။

"ဘဘယန်း ဒီဒဏ်ရာတွေကို ကြည့်ပြီး ဘယ်လိုမြင်သလဲ"

ရွှေနဂါးနန်းတော်တွင် သိုင်းပညာ အဆင့်အမြင့်ဆုံးဖြစ်သော ကြီးကြပ်ရေးမှူး ချူးယန်းက ခေါင်းခါပြသည်။

ရွှေနဂါးနန်းတော် သခင်ကြီး ကျူမင်းရဲ၏ အလောင်း ကျောပြင်ပေါ်ရှိ ဒဏ်ရာများကိုကြည့်ပြီး၊ သူ မခန့်မှန်းတတ်အောင်ဖြစ်နေ၏။

"ရန်သူဟာ သူ့သိုင်းကွက်တွေကို မဖော်ထုတ်နိုင်အောင် တမင် ရှုပ်ရှုပ်ထွေးထွေး လုပ်ထားတာလား မသိဘူး။ ဘဘ တော့ သေသေချာချာ မခန့်မှန်းတတ်အောင် ဖြစ်နေပြီ"

ချူးယန်း၏ စကားအဆုံးတွင် ကျူမင်းယို ပြုံးလိုက်သည်။ သူက သူ့ဖခင်၏ ကျောပြင်တစ်နေရာကို ပြပြီး....

"ဒီနေရာကိုကြည့်ပါ ဘဘယန်း။ ဓားဒဏ်ရာတွေ ပိုရှုပ်ထွေးနေတယ်။ ဒါပေမယ့် ဒီဒဏ်ရာ အသေးလေးတွေဟာ ဖေဖေ့အသက်ကို မထိခိုက်နိုင်ပါဘူး။ အဲ့ဒီ ရှုပ်ထွေးနေတဲ့ အောက်က ဒဏ်ရာကိုကြည့်။ အဲ့ဒါ အဓိကဒဏ်ရာပဲ"

"ဟုတ်တယ် သခင်လေး ဘဘမြင်ပြီ"





"ဟောဒီ နေရာကိုကြည့်.... နောက်တစ်နေရာက ဒီနေရာ နှလုံးသွေးကြောကို ဖြတ်ထားတဲ့ ဓားချက်ဟာ အပြင်းထန်ဆုံးပဲ။ ဒဏ်ရာသုံးခုထဲက ဒဏ်ရာနှစ်ခုဟာ ရွှေနဂါးသိုင်းကွက်ဆိုတာ ထင်ရှားနေတယ်။ ဒီ နှလုံးသွေးကြောကို ဖြတ်သွားတဲ့ ဓားချက်က ဘာလဲ။ ရွှေနဂါး သွေးသောက်သိုင်းကွက်နဲ့ ခတ်ဆင်ဆင်ပဲ။ သူက အပေါ်ဘက်ကို နည်းနည်းဆွဲတယ်။ ဒါ ဟာ...."

ကျူမင်းယို့ မျက်မှောင်ကြုံ့သွားသည်။ အဓိကဒဏ်ရာ တစ်ချက်ကိုကြည့်ပြီး သူ စဉ်းစား၍မရအောင် ဖြစ်လာသည်။

ဒဏ်ရာကိုကြည့်လိုက်၊ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်လိုက်၊ ခေါင်းမော့ပြီး စဉ်းစားလိုက် လုပ်သည်။

နှုတ်မှ သူ ကျက်မှတ်ထားခဲ့သော ရွှေနဂါးသိုင်းကွက်များကို တတွတ်တွတ်ရွတ်သည်။ ထိုသိုင်းကွက်များနှင့် ဒဏ်ရာကို နှိုင်းယှဉ်ကြည့်သည်။

"ဟင်.... ဒါ"

ကျူမင်းယို၏ မျက်နှာတွင် အံ့အားသင့်ဟန်တွေ ရုတ်ခြည်း ဝင်လာသည်။

သူက ကျူမင်းရဲ၏ အလောင်းကို အစတ်ဖြင့် ဖြန်လ
ဖုံးအုပ်လိုက်၏၊ ပြီး- အခန်းထဲတွင်ရှိနေသော လုကျောက်ရ
နှင့် ချူးယန်းတို့အား ကြည့်သည်။

"ဘဘတို့ မနက်ဖြန်ကျရင် ဖေဖေ့ကို သင်္ဂြိုဟ်ဖို့ စီစဉ်
ပြီးရင် ကျွန်တော် ခရီးထွက်မယ်"

"သခင်လေး ဘယ်ကို ခရီးထွက်မှာလဲ"

"ရန်သူရှာတဲ့ ခရီးထွက်မှာပါ။ ဧည့်သည်တွေအားလုံ
ကျွန်တော် ခရီးထွက်တဲ့ အကြောင်း ကြေညာပေးပါ။ ကျ
တော်ကစာကြည့်ဆောင်မှာနေပြီးရန်သူကိုရှာမယ်။ဒီအကြေ
ဘဘတို့ပဲ သိပါစေ"

"သခင်လေး.... ဘာဖြစ်လို့"

"နောက်တော့ ဘဘကို ကျွန်တော် ရှင်းပြပါ့မယ်။ မ
ဖြန် မနက် ဖေဖေ့ကိုသင်္ဂြိုဟ်ဖို့နဲ့ သင်္ဂြိုဟ်ပြီးတဲ့အခါ ကျွန်
ပြောသလို ကြေညာပါ။ ဖေဖေဟာ သိပ်ကြောက်စရာကေ
တဲ့ ရန်သူနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီရန်သူဟာ ရွှေနဂါးနန်း
နဲ့ တစ်နည်းနည်း ပတ်သက်ခဲ့လိမ့်မယ်။ ဘယ်လိုပတ်သက်ခဲ့
ဆိုတာ ကျွန်တော် စုံစမ်းရှာဖွေပါ့မယ်"





"သခင်လေးခေါ်လာတဲ့ ဧည့်သည် နှစ်ယောက်ကိုကော
သခင်လေး ခရီးထွက်သွားတဲ့အကြောင်း ပြောရမလား"

ကျူမင်းယုံသည် သူနှင့်အတူ ရွှေနဂါးနန်းတော်သို့ ရောက်
လာသော ပိုင်ရှင်းလွမ်းတို့ ညီအစ်မကို သတိရသွားသည်။

သူက စဉ်းစားတွေပဝမနေဘဲ၊ ဆုံးဖြတ်ချက်တစ်ခုကို ချက်
ချင်း ချလိုက်သည်။

"သူတို့ကို ကျွန်တော်က ဒီမှာပဲ ဧည့်သည်အဖြစ် တည်းခို
နေထိုင်ဖို့ မေတ္တာရပ်ခံတဲ့အကြောင်း ပြောပြပါ"

*

ရွှေနဂါးနန်းတော် သခင်ကြီး ကျူမင်းရဲ၏ အသုဘ အခန်း
အနားမှာ စည်ကားသိုက်မြိုက်စွာ ပြီးစီးသွား၏။

ရွှေနဂါးနန်းတော်အတွင်းရှိ ဘိုးဘေးများကို မြုပ်နှံသ
သင်္ချိုင်းဂူများ ရှိရာမှာပင် ကျူမင်းရဲ၏ ရုပ်အလောင်းကို မြု
သည်။

ကျူမင်းယုံသည် သူ့ဖခင်အား မြုပ်နှံပြီးသည်နှင့် သင်္ချိုင်း
ဂူကို ဂါရဝပြုသူများကြားမှ တိတ်ဆိတ်စွာ ထွက်ခဲ့၏။

စာကြည့်ဆောင်အတွင်းသို့ လျှို့ဝှက်စွာ ဝင်ပြီးနောက်၊
အမွေဆက်ခံရရှိခဲ့သည့် ရွှေနဂါးသိုင်းကျမ်းကို ပြန်လည် ‌ေ
လာသည်။

ရွှေနဂါးသိုင်းကျမ်းကို လေ့လာရင်း သူ့ရင်ထဲတွင် ရှိ
သော သံသယသည် ကြီးထွားသည်ထက် ကြီးထွားလာသည်

ရွှေနဂါးနန်းတော်သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာ
က စတင်ပြီး၊ သိုင်းလောကတွင် ပြိုင်စံရှားအဖြစ် တည်
သည်။

ရွှေနဂါးမျိုးဆက် အမွေခံတို့သည် အဆင့်ဆင့် အုပ်ချု
ကြပြီး၊ ကျူမင်းရဲ လက်ထက်ဆိုလျှင် မျိုးဆက် ငါးဆက်
ရှိခဲ့ပြီ။

ယခု ကျူမင်းယုံမှာ မျိုးဆက်ခြောက်ဆက်မြောက် ရွှေန
သခင်ပင် ဖြစ်၏။





ရွှေနဂါးသိုင်းကို လွန်ခဲ့သည့် နှစ်ပေါင်း တစ်ရာကျော်တွင် ကျူမင်းထိုးက စတင်တီထွင်ခဲ့သည်။

ပြီးပြည့်စုံသော သိုင်းကျမ်းတစ်စောင်ကို ရေးသားခဲ့ပြီး၊ သားစဉ်မြေးဆက် အမွေခံစေခဲ့သည်။ ယခု ထိုသိုင်းကျမ်းမှာ ကျူမင်းယုံ လက်ထဲသို့ ရောက်နေပြီ ဖြစ်သည်။

ကျူမင်းယုံသည် စာကြည့်ဆောင်တွင်ရှိသော လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာက ဆေးကျမ်းများ၊ ဗေဒင်ကျမ်းများနှင့် ရွှေနဂါး သိုင်းကျမ်းတို့ကို တိုက်ဆိုင်လေ့လာသည်။

ဗေဒင်ကျမ်း၊ ဆေးကျမ်းတို့နှင့် ယှဉ်လျှင် သိုင်းကျမ်းသည် အတော်ကြီး သစ်လွင်နေသည်ကို သတိပြုမိ၏။

ကျူမင်းယုံသည် စာအုပ်စာတမ်းများကြားမှ ဘိုးတော် ကျူမင်းထိုးကိုယ်တိုင် ရေးသားထားသောဆေးကျမ်းတစ်စောင်ကို တွေ့သည်။

ဆေးကျမ်းတွင် ရွှေနဂါးဂိုဏ်းချုပ်ကြီး ကျူမင်းထိုးကိုယ်တိုင် ရေးသားသည်ဆိုသည့် စာတမ်းကို တွေ့ရ၏။

ဆေးကျမ်းပေါ်ရှိ လက်ရေးမှာ ကျုံမင်းထုံး၏ လက်ရေး ဖြစ်ကြောင်း သံသယဖြစ်စရာ မလိုပေ။

သူက ဆေးကျမ်းပေါ်ရှိ လက်ရေးနှင့် သိုင်းကျမ်းပေါ်မှ လက်ရေးကို နှိုင်းယှဉ်ကြည့်သည်။ လက်ရေးနှစ်ခုမှာ မတူညီကြောင်း တွေ့လိုက်ရ၏။

'ဖေဖေ့ ဆီကတစ်ဆင့် ငါလက်ခံရတဲ့ သိုင်းကျမ်းဟာ အတုဖြစ်နေသလား။ ငါတတ်ထားတဲ့ ရွှေနဂါးသိုင်းပညာဟာ အတုလား'

ကျုံမင်းယုံက စိတ်လှုပ်ရှားစွာတွေးရင်း ရွှေနဂါး သိုင်းကျမ်းကို အခေါက်ခေါက် အခါခါ ပြန်ဖတ်သည်။

သိုင်းကျမ်း၏နောက်ပိုင်းတွင်ရှိသော အမွေခံဂိုဏ်းချုပ်များက သူတို့၏ ဘဝအတွေ့အကြုံများ ရေးသားသည်ကို ဆက်ဖတ်၏။

မှတ်တမ်း တစ်ခုပြီးတစ်ခုကို ဖတ်ခဲ့ပြီး၊ သူ၏ အဘိုးဖြစ်သူ ကျုံမင်းလွင်၏ မှတ်တမ်းကို ဖတ်ရသောအခါ ရွှေနဂါး သိုင်းကျမ်းတွင် ချို့ယွင်းချက်ရှိနေပြီဆိုသည့် သံသယကို အတည်ပြုလိုက်မိ၏။





ကျုံမင်းလွင်၏မှတ်တမ်း၌ သူသည် ရွှေနဂါးသိုင်းကျမ်းကို လေ့လာပြီး အပတ်တကုတ် ကြိုးစား လေ့ကျင့်ခဲ့ကြောင်း၊ ရွှေနဂါးသိုင်းဖြင့် အနက်ရောင်သိုင်းသမားများကို ဆုံးမခဲ့ပြီး သိုင်းလောကသာယာရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ယခု မှတ်တမ်းရေးချိန်တွင် သူ၏ ကျန်းမာရေးမှာ ချို့ယွင်းနေပြီ ဖြစ်ကြောင်း၊ သားဖြစ်သူ ကျုံမင်းရဲအား သိုင်းပညာ ဆက်လက် သင်မပေးနိုင်တော့သဖြင့် ရွှေနဂါးသိုင်းကျမ်းကို အာဂုံဆောင်ပြီး လေ့ကျင့်စေကြောင်း၊ ကျုံမင်းရဲ အာဂုံဆောင်ထားသော သိုင်းကျမ်းလက်ရာများတွင် ချို့ယွင်းချက် တစ်ခုတွေ့ရကြောင်း၊ ထိုချို့ယွင်းချက်ကို ပြုပြင်ရမည့် အကြောင်း ရေးသားထားပြီး မှတ်တမ်းဆုံးသွားသည်။

ကျုံမင်းရဲ၏ မှတ်တမ်းတွင် သူ့ဖခင်တွေ့ခဲ့သော ချို့ယွင်းချက်ဆိုသည်ကို သုဘဝတစ်ခုလုံး ကုန်ဆုံးချိန်ထိ ရှာခဲ့ကြောင်း၊ သို့သော် ချို့ယွင်းချက်ကို မတွေ့ကြောင်း၊ ရွှေနဂါးသိုင်းကို အစမှ အဆုံး လေ့ကျင့်သောအခါ၌ သိုင်းကွက်များ မကုန်ဆုံးသေးသလို ခံစားရကြောင်း ရေးသားထားသည်ကိုဖတ်ရ၏။

မှတ်တမ်းကို ဖတ်ပြီးသည်နှင့် ကျုံမင်းယုံက ရွှေနဂါး သိုင်းကွက်များကို ပြန်လည် လေ့ကျင့်သည်။

သိုင်းလေ့ကျင့်ရင်း သုံးရက်မြောက်တွင် သူ့ဖခင် ခံစားခဲ့သလိုပင် သိုင်းကွက်များ မဆုံးသေးသလို ခံစားလာရသည်။

ထို့ကြောင့် သူက သိုင်းကျမ်း၏ နောက်ဆုံးအပိုင်းကို ပြ
လေ့လာ၏။

ရွှေနဂါးသိုင်းသည် အဆင့်ပေါင်း ဆယ်ဆင့်၊ သိုင်းကွက်
ပေါင်း လေးရာစီဖြင့် ဖွဲ့စည်းထားသည်။

နောက်ဆုံးသိုင်းကွက်မှာ သိုင်းကွက် တကာတို့၏ အချု
ခုနစ်ကွက် ပါသည်။

ထိုစာကို ဖတ်မိသည်နှင့် ကျူမင်းယုံ မျက်မှောင်ကြုံ့သွ
၏။

တစ်ယောက်တည်း စဉ်းစားတွေးတောရင်း စိတ်ရှုပ်ထွေ
လာသဖြင့်၊ တိုင်ပင်ဖော်တစ်ယောက်လောက် ရှိလျှင် ကော
လိမ့်မည်ဟု မျှော်လင့်စွာ တွေးသည်။

ထိုသို့ တွေးနေစဉ်မှာပင် စာကြည့်ဆောင်၏ တံခါးက
လာခေါက်သံ ပေါ်လာသည်။

"ဘယ်သူလဲ"

"ပဥ္စမ မမပါ သားတော်"





အပြင်ဘက်မှ ချိုလွင်သောအသံကိုကြားသည်နှင့် ကျူမင်းယုံ ဝမ်းသာသွားသည်။

သူ၏ ပဥ္စမမိထွေးသည် ဉာဏ်ပညာထက်မြက်ပြီး ဖြတ်ထိုးဉာဏ် အလွန်ကောင်းသဖြင့် တိုင်ပင်ရန် အကောင်းဆုံးဟု စဉ်းစားမိ၏။

သူက ဝမ်းသာအားရနှင့် စာကြည့်ဆောင်တံခါးကို လျင်မြန်စွာ ဖွင့်ပေးလိုက်သည်။

ပဥ္စမမိထွေးသည် စာကြည့်ဆောင်အတွင်းသို့ ဝင်လာ၏။ သူ့လက်ထဲတွင် စားသောက်ဖွယ်ရာများပါသော လင်ဗန်းတစ်ချပ်ကို ကိုင်လာသည်။

"သားတော်လေး မနေ့ကစပြီး ဘာမှမစားဘူးဆို။ အစားအသောက် လာပို့တဲ့ အိမ်တော်ထိန်းကြီးက ပြောတယ်။ အဲဒါကြောင့် မမကိုယ်တိုင် အစားအသောက် လာပို့တာပါ"

"အစားအသောက်တွေကို ထားလိုက်ပါဦး။ ကျွန်တော် မမနဲ့ တိုင်ပင်စရာရှိတာ အရင်တိုင်ပင်ပါရစေ"

"သားတော်လေးကဘာတိုင်ပင်ချင်လို့လဲ။အစားအသောက်တွေကို စားသောက်ရင်း တိုင်ပင်ရင်လဲ ရပါတယ်။ ဂိုဏ်းချုပ်

ကြီးအဖြစ် ရွှေနဂါးနန်းတော်ကို အုပ်ချုပ်မယ့်လူဟာ အစားမှန်၊ အအိပ်မှန်ပြီး ကျန်းမာနေဖို့လိုတယ်။ တကယ်လို့ သခင်ကြီး ရှိနေရင် သားတော်လေး အခုလိုနေတာကို လက်ခံမှာမဟုတ်ဘူး"

"ကောင်းပါပြီ။ ကျွန်တော် စားသောက်ရင်း မဥ္စမ မမနဲ့ တိုင်ပင်စရာရှိတာ တိုင်ပင်ပါ့မယ်"

*

ကျူမင်းယုံသည် စားသောက်ရင်းနှင့် သူ စူးစမ်းလေ့လာမိသည်များ၊ သံသယဖြစ်သည့် အကြောင်းအရာများကို ပဥ္စမမိထွေးအား ပြောပြသည်။

ပဥ္စမမိထွေးက ကျူမင်းယုံ ပြောသမျှကို ငြိမ်သက်စွာနားထောင်၏။

"အဆင့်ဆယ်ဆင့် သိုင်းကွက်ပေါင်း လေးရာစီနဲ့ ဖွဲ့စည်းထားပြီး၊ နောက်ဆုံး အချုပ် ခုနစ်ကွက်ရှိတယ်လို့ ဆိုတယ်။





အချုပ်ခုနစ်ကွက်က အဆင့် တစ်ဆယ်မှာရှိရမယ်။ ကျွန်တော် စစ်ဆေးကြည့်တော့ သိုင်းကွက် စုစုပေါင်း လေးရာပဲ ရှိတယ်။ အပို ခုနစ်ကွက် မရှိဘူး။ သိုင်းကွက်လေးရာထဲက နောက်ဆုံး ခုနစ်ကွက်ဟာ အချုပ်လား။ လေးရာအပြင် နောက်ထပ် ခုနစ်ကွက် သပ်သပ်ရှိသလားဆိုတာ ဝေခွဲလို့ မရဘူး ဖြစ်နေတယ်"

"ဒီ ရွှေနဂါးသိုင်းကျမ်းဟာ ပြည့်စုံတဲ့ သိုင်းကျမ်း မဟုတ်လား သားတော်လေး"

"ကျွန်တော် အဲ့သလိုပဲယူဆခဲ့ပါတယ် ပဥ္စမ မမ။ ဖေဖေရဲ့ ဒီမှတ်တမ်းကို ဖတ်ကြည့်ပါ"

ကျူမင်းယုံက ရွှေနဂါးသိုင်းကျမ်းကို ပဥ္စမမိထွေးလက်ထဲ ထည့်လိုက်၏။

သိုင်းကျမ်းတစ်ခုလုံး သူ့လက်ထဲ ရောက်လာသဖြင့် ပဥ္စမမိထွေး၏ လက်မှာ တဆတ်ဆတ်တုန်လာသည်။

ရွှေနဂါးသိုင်းကျမ်း လက်ဝယ်ရှိသူသည် သိုင်းကျမ်း တစ်စောင်လုံးကို မည်သူ့အားမှ ပြလေ့မရှိပေ။

ယခု ကျူမင်းယုံက ပဉ္စမ မိထွေးအား ပြလိုက်ခြင်းမှာကိုယ်နှင့် ထပ်တူ ယုံကြည်ကိုးစားကြောင်း ထုတ်ဖော် ပြောလိုက်သည်နှင့် တူနေ၏။

"သားတော်လေး မမကို သိပ် ယုံကြည်သလား။ မမဟာ သစ္စာဖောက်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော့်ကို အမေအရင်းလိုပဲ ကျွေးမွေးသုတ်သင်ခဲ့တဲ့ အမေငါးယောက်က သစ္စာဖောက်တယ်ဆိုရင်၊ သစ္စာဖောက်တဲ့ လူရဲ့ လက်ချက်နဲ့ ကျွန်တော် သေရပါတယ်"

ကျူမင်းယုံ၏ စကားကြောင့် ပဉ္စမမိထွေး၏ မျက်လုံးအစုံတွင် မျက်ရည်ဝိုင်းသွားသည်၊

သူက ခေါင်းတဆတ်ဆတ်ညိတ်ပြီး၊ မှတ်တမ်းကို ဖတ်သည်။ ပြီးသည်နှင့်....

"ဒီအတိုင်းဆိုရင်၊ အနှစ်ချုပ် ခုနစ်ကွက်ဆိုတာ သပ်သပ်ရှိလိမ့်မယ်။ သခင်ကြီးနဲ့ ပြိုင်ဆိုင်တဲ့လူဟာ အဲ့ဒီ အနှစ်ချုပ်ကို တတ်ထားတဲ့လူ ဖြစ်လိမ့်မယ်။ ဒါကြောင့် သခင်ကြီး...."

ပဉ္စမမိထွေးက စကားကို အဆုံးမသတ်ဘဲ၊ တစ်ပိုင်း တစ်စနှင့် ရပ်လိုက်၏။ ကျူမင်းယုံက ဆတ်ခနဲ ခေါင်းထောင်ပြီး....







"ဟုတ်တယ်။ ဒီအတိုင်း ဖြစ်ရမယ်။ သိုင်းလောက ထဲမှာ နောက်ထပ် ရွှေနဂါး သိုင်းပညာရှင်တစ်ယောက် ရှိနေပြီ။ သူဟာ ရွှေနဂါးနန်းတော်က အမွေခံတွေထက် သိုင်းပညာ ပိုတော်နေတာ ထင်ရှားတယ်။ သူ့ကို တွေ့အောင်ရှာရမယ်။ ရှာရမယ်"

*

## (၆) သမုဒ္ဒယ

ဝမ်းနည်းခြင်း အထိမ်းအမှတ်နှင့် အနက်ရောင်ဝတ်စုံ ဝတ်ထားသော ကျူမင်းယုံသည် အိမ်အပြင်သို့ ထွက်လိုက်၏။

သူက သွက်လက်သောခြေလှမ်းဖြင့် ရွှေနဂါးမျိုးဆက်တို့၏ အုတ်ဂူများရှိရာသို့ လျှောက်ခဲ့သည်။

ဟောင်းနွမ်းနေသော အုတ်ဂူများ၏ ဘေးအစွန်တွင်ရှိသော ကျူမင်းရဲ၏ အုတ်ဂူရှေ့တွင် ရပ်လိုက်သည်။

သူက အုတ်ဂူအသစ်စက်စက်ကို ရိပေသော မျက်လုံးအစုံဖြင့် ကြည့်သည်။ ပြီးနောက် အုတ်ဂူရှေ့တွင် ဒူးထောက်ထိုင်ချလိုက်၏။ နှုတ်မှ တတွတ်တွတ်နှင့် အတန်ကြာအောင် ဆုတောင်းသည်။

ဆုတောင်းပြီး၍ နေရာမှ ထရပ်လိုက်စဉ် သင်းပျံ့သောရနံ့ တစ်ခုကို ရှူရှိုက်မိသွားသည်။

သူသည် မျက်မှောင် မသိမသာကြုံ့လျက် ပတ်ဝန်းကျင်ကို ကြည့်၏။ ထိုအခါ သူ့ရှိရာသို့ လျှောက်လာနေသော ပိုင်ရှင်းလွှမ်းအား တွေ့လိုက်ရသည်။

ပိုင်ရှင်းလွှမ်းသည် ဝတ်စုံအပြာနုနုကို ဝတ်ဆင်ထားသည်၊ ခါးတွင် အနီရောင်ခါးစည်းကြိုးကို စည်းထားသဖြင့် သေးကျင်သော ခါး၏အလှ၊ တင့်တယ်ပြေပြစ်သော ခန္ဓာကိုယ်၏ အလှတို့ ပေါ်လွင်နေ၏။

ပိုင်ရှင်းလွှမ်း၏ မျက်နှာသည် နံနက်ခင်း နေခြည်နုနုတွင် ချောမောတင့်တယ်နေသည်။ ရင့်ကျက်တည်ငြိမ် သောအလှကို သူ့မျက်နှာတွင် တွေ့ရ၏။





“မောင်လေး။ ခရီးထွက်သွားတာ ဘယ်အချိန်က ပြန်ရောက်တာလဲ”

ချိုမြကြည်လင်သောအသံ ကျူမင်းယုံ၏နားထဲသို့ တိုးဝင်လာသည်။ သူက ပိုင်ရှင်းလွှမ်းအား ပြုံးပြလိုက်ပြီး....

“ကျွန်တော် အခုပဲ ပြန်ရောက်ပါတယ် မမ။ ရုတ်တရက် နှုတ်မဆက်ဘဲ ထွက်သွားရတာကို ခွင့်လွှတ်ပါ။ ကျွန်တော် မမတို့အပေါ် ဦ့ဝတ်မကျေသလို ဖြစ်သွားခဲ့တယ်”

ပိုင်ရှင်းလွှမ်းက ပြုံးပြီး ခေါင်းခါပြသည်။

“ရွှေနဂါးနန်းတော်က လူတွေဟာ ဦ့ဝတ် ကျေပွန်ကြပါတယ်၊ သခင်မ ငါးယောက်ကလဲ သိပ်ဖော်ရွေပါတယ်။ ဒါတွေအားလုံးဟာ မောင်လေးရဲ့ မျက်နှာကြောင့်လို့ပဲ မမ တွက်မိပါတယ်။ မောင်လေးက ရွှေနဂါးနန်းတော်ရဲ့ သခင်လေး ဆိုတော့....”

“ကျွန်တော် မမတို့နဲ့ တွေ့ခဲ့ချိန်မှာ ရွှေနဂါး နန်းတော် သခင်လေး မဟုတ်သေးပါဘူး။ အဖေဆုံးသွားလို့ အသုဘ်မှီအောင်လာတဲ့ လူတစ်ယောက်ပါ၊ ကျွန်တော့်ကို လမ်းခရီးမှာ တွေ့တုန်းကလိုပဲ ရင်းရင်းနှီးနှီး ဆက်ဆံစေချင်ပါတယ်”

ပိုင်ရှင်းလွှမ်းက ချိုမြစွာ ပြုံးပြီး ခေါင်းညိတ်ပြသည်။ ကျူမင်းယုံအား ကြည့်နေသော သူ့မျက်လုံးအစုံ၌ သမုဒယ ရောင်တွေ လက်နေ၏။

အတွေ့အကြုံ မရှိသော ကျူမင်းယုံမှာ ပိုင်ရှင်းလွှမ်း၏ အကြည့်ကို မသိပေ။ သူသည် ပိုင်ရှင်းလွှမ်းအား အစ်မတစ်ယောက်လိုပင် ခင်မင်နေ၏။

"ကျွန်တော် မမတို့ကို စောင့်ခိုင်းခဲ့တာဟာ ဧည့်ဝတ်ပြုချင်လို့ပါ။ သိုင်းလောကထဲမှာ ရန်သူတစ်ယောက် တိုးဖို့မခဲယဉ်းပေမယ့်၊ မိတ်ဆွေ တစ်ယောက်တိုးဖို့ သိပ်ခဲယဉ်းတယ်လို့ ကျွန်တော်ဖေဖေ ပြောတတ်ပါတယ်။ မမတို့လို အဆင့်မြင့် သိုင်းပညာရှင်တွေနဲ့ ကျွန်တော် မိတ်ဆွေအဖြစ်ပဲ နေချင်ပါတယ်"

"မမက မင်းကို မိတ်ဆွေတစ်ယောက် တင်မကဘူး၊ မောင်လေးအရင်းလို သဘောထားပါတယ်"

ပိုင်ရှင်းလွှမ်း၏အမူအယာ၊ပိုင်ရှင်းလွှမ်း၏ စကားတို့ကြောင့် ကျူမင်းယုံ စိတ်လှုပ်ရှားသွားသည်။

ကြည်ကြည်နူးနူး ခံစားရသော ခံစားချက် သူ့ရင်ထဲသို့ တိုးဝင်လာ၏။





"မမက ကျွန်တော့်ကို တကယ်ပဲ မောင်အရင်းတစ်ယောက်လို သဘောထားရင်၊ ဒီမှာတပါတ် ဆယ်ရက်လောက် ဧည့်သည်အဖြစ် နေပါအုံး"

ပိုင်ရှင်းလွှမ်းသည် စဉ်းစားဟန်ဖြင့် တွေဝေသွား၏။ ပြီးမှ သက်ပြင်း တစ်ချက်ချလိုက်ပြီး....

"မမမှာ ဆောင်ရွက်စရာ ကိစ္စတစ်ခုရှိနေတယ် မောင်လေး။ အဲဒီကိစ္စကို ဆောင်ရွက်ဖို့ မမခရီး တစ်ခုသွားရမယ်။ တကယ်လို့ မောင်လေးက မမ့်ကို ကူညီချင်တယ်ဆိုရင် အကူအညီတစ်ခုတောင်းချင်ပါတယ်"

"ကျွန်တော် မမကို အစွမ်းကုန်ကူညီပါမယ်။ ဘာကူညီရမလဲဆိုတာ ပြောပါမမ"

ပိုင်ရှင်းလွှမ်းက ကျူမင်းယုံအား စူးစူးစမ်းစမ်း အကြည့်ဖြင့် ကြည့်သည်။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့် ခေါင်းညိတ်၏။

"မမ အခုသွားရမယ့်ခရီးဟာ အန္တရာယ်များတယ်။ မမတစ်ယောက်ထဲဆိုရင် အကြောင်းမဟုတ်ဘူး။ ညီမလေးပါနေတော့ သူ့ကို စောင့်ရှောက်နေရတာနဲ့ စိတ်ထင်တိုင်း သွားလာ လုပ်ကိုင်လို့မရဘူး။ တကယ်လို့များ မောင်လေးက မမရဲ့ညီမလေးကို စောင့်ရှောက် ထားမယ်ဆိုရင်..."

"ဟာ ဒီကိစ္စကို ကျွန်တော် မကူညီနိုင်စရာမရှိပါဘူး။ ပိုင်စုပန်းကို ကျွန်တော် စောင့်ရှောက် ကာကွယ်ထားပါမယ် မမ"

ကျူမင်းယုံက ဝမ်းသာလိုလားစွာနှင့် ပြောလိုက်သည်။

ကျူမင်းယုံ၏ တက်သန်သောအမူအယာကိုကြည့်ပြီး ပိုင်ရှင်းလွမ်း မျက်နှာမှာ အပြောင်းအလဲတစ်ခု ရိပ်ခနဲပေါ်သွားသည်။

သို့သော် သူက ထိုအပြောင်းအလဲကို ဖုံးကွယ်၍ ရယ်မောလိုက်ပြီး....

"မောင်လေးက.... မမရဲ့ ညီမလေးကို တာဝန်ယူမယ်ဆိုတော့ ဒီနေ့ပဲ မမခရီးထွက်မယ်။ ဆယ်ရက်လောက်ကြာရင် မမပြန်ရောက်လာမှာပါ"

"မမ ဆောင်ရွက်ရမယ့် ကိစ္စတိုပြီးစီးအောင် ဆောင်ရွက်ပါ"

"အခုလို အကူအညီပေးတဲ့အတွက် မောင်လေးလို မမ ကျေးဇူးတင်ပါတယ်ကွယ်"

ပိုင်ရှင်းလွမ်းက ချိုမြစွာ ပြုံးလျက် ပြောသည်။

သူသည် ကျူမင်းယုံနှင့် အတူ အုတ်ဂူအနီးတွင် ရပ်နေရာမှ အဆောင်ဆောင် အခန်းခန်းဖြင့် ခန်းနား ကြီးကျယ်သော စံအိမ်ဆောက်သို့ ခြေလှမ်း ရှေ့၏။





ကျူမင်းယုံက ပိုင်ရှင်းလွမ်းနှင့် အတူ ဘေးခြင်းယှဉ်လျှက် လျှောက်လာသည်။

"မမတို့မှာ မိဘမရှိတော့ဘူး၊ မမက ညီမလေးကို မိဘမဲ့ဆိုပြီး အလိုလိုက်ထားတော့ နဲနဲဆိုးချင်တယ်၊ မောင်လေး သူ့ကို အတတ်နိုင်ဆုံး သည်းခံပါနော်"

ပိုင်ရှင်းလွမ်း၏ စကားအဆုံးတွင် ကျူမင်းယုံ ရယ်လိုက်သည်။

"ပိုင်စုပန်းအတွက် စိတ်မပူပါနဲ့။ ကျွန်တော် အတတ်နိုင်ဆုံး စောင့်ရှောက်ထားပါမယ် ဆိုတာ မမကို ကတိပေးပါတယ်"

*

ခတ်ကြမ်းကြမ်း နင်းလျှောက်လာသည့် ခြေသံကြောင့် ကျူမင်းယုံ ဖျပ်ခနဲ မော့ကြည့်လိုက်သည်။ မျက်နှာထား တင်းတင်းနှင့် အနားမှာ လာရပ်သော ပိုင်စုပန်းအား တွေ့လိုက်ရသည်။

"မမက ကျွန်မကို ရဲတိုက်သခင်လေး လက်ထဲအပ်ပြီး ထွက်သွားပြီ ဟုတ်လား"

ကျူမင်းယိုက မျက်နှာထား တင်းတင်းနှင့် မေးနေသော ပိုင်စုပန်းအား ကြည့်ပြီး ပြုံးလိုက်သည်။

"မမပိုင်ရှင်းလွမ်းက ညီမကို အစ်ကို့လက်ထဲ အပ်သွားတာ မဟုတ်ပါဘူး။ ဧည့်သည်အဖြစ် ထားသွားတာပါ။ အရေးတကြီး ဆောင်ရွက်စရာရှိတဲ့ ကိစ္စတစ်ခုကို ဆောင်ရွက်ပြီး သူချက်ခြင်း ပြန်လာမယ်လို့ ပြောသွားပါတယ်"

ပိုင်စုပန်း၏ နှုတ်ခမ်းလေး စူသွားသည်။

မကျေမနပ်ဖြစ်သွားဟန်က သူ့မျက်နှာတွင် အထင်းသား ပေါ်လာ၏။

"ကြားလို့ကောင်းအောင် ပြောမနေပါနဲ့၊ သူက ကျွန်မကို သခင်လေး လက်ထဲအပ်သွားတာပါ။ ကျွန်မ ဒီမှာ အကျဉ်းသား တစ်ယောက်လို မနေနိုင်ဘူး"

"ညီမကို ဘယ်သူကမှ အကျဉ်းသားတစ်ယောက်လို မထားပါဘူး။ ရွှေနဂါး နန်းတော်ရဲ့ အထူး ဧည့်သည်တစ်ယောက် အနေနဲ့ ညီမ လွတ်လွတ်လပ်လပ်နေလို့ရပါတယ်။ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ်ပဲ နေပါ"







ကျူမင်းယိုက ချောမောလှပသော ပိုင်စုပန်း၏ မျက်နှာကို ငေးကြည့်ရင်း သိမ်မွေ့စွာ ပြောသည်။

ပိုင်စုပန်းမှာ စိတ်ကျေနပ်ဟန် မတူပဲ နှုတ်ခမ်းကို စူမြဲ စူထား၏။

"ရဲတိုက်သခင်လေးက မမကို ဘာတွေပြောလိုက်လို့ သူက အခုလို ထားခဲ့တာလဲ"

"အစ်ကိုက မမကို ဒီမှာ ဧည့်သည်အဖြစ် နေဖို့ တောင်းပန်တာပါ။ မမပိုင်ရှင်းလွမ်းက သူ့ကိုယ်စား ညီမနေပါလိမ့်မယ်ဆိုပြီး ထားခဲ့တယ်။ ညီမ ဒီမှာ ဘာစိတ်တိုင်း မကျစရာတွေ လို့လဲ၊ ရွှေနဂါး နန်းတော်က လူတွေ ညီမ မကျေနပ်တဲ့လူကို အစ်ကို ချက်ခြင်းအပြစ်ပေးပါ့မယ်"

ပိုင်စုပန်း၏ အမူအယာ ပြောင်းသွားသည်။

သူသည် နှဲ့ဆိုးဆိုးတတ်သော်လည်း ယူ့ကြောင့် တစ်ပါးသူ ထိခိုက်မှာကို လိုလားသူ မဟုတ်ပေ။ သူက သူ့အပေါ် ဧည့်ဝတ်ကျေပြွန်သော ရွှေနဂါး နန်းတော်မှ လူများ အပြစ်ပေးခံရမည်ကို စိုးရိမ်လာ၏။

''သူတို့အားလုံး တာဝန်ကျေကြပါတယ်၊ ကျွန်မ မကျေနပ်တာက သူတို့ကို မဟုတ်ပါဘူး''

''ညီမက ဘယ်သူ့ကို မကျေနပ်တာလဲ''

''မမနဲ့ ရဲတိုက်သခင်လေးကိုပါ''

ပိုင်စုပန်း၏ ပွင့်လင်းသော အပြောကြောင့် ကျူမင်းယုံ အံ့အားသင့်သွား၏။ သူက ပိုင်စုပန်း၏ မျက်နှာကို စူးစူးစမ်းစမ်း လှမ်းကြည့်သည်။

''ညီမက အစ်ကို့ကို ဘာဖြစ်လို့ မကျေနပ်တာလဲ''

''ကျွန်မကို ကလေးလေးတစ်ယောက်လို ချုပ်ချယ်ထားလို့ပေါ့''

ပိုင်စုပန်း၏ စကားကြောင့် ကျူမင်းယုံ ရယ်လိုက်သည်။ သူ့ရယ်သံသည် ဧည့်ခန်းဆောင်ထဲတွင် ပျံ့လွင့်သွား၏။

''ညီမ အစ်ကိုတို့ကို အထင်လွဲနေပြီ၊ အစ်ကိုတို့က ညီမကို ချုပ်ချယ်တာ မဟုတ်ပါဘူး။ ညီမအတွက် စိုးရိမ်တာပါ''

ပိုင်စုပန်းသည် ကျူမင်းယုံ၏ စကားကြောင့် ပို၍မကျေမနပ်ဖြစ်သွားဟန်နှင့် ခြေတစ်ချက် ဆောင့်လိုက်သည်။





''ကျွန်မတွက် စိုးရိမ်ရအောင် ကျွန်မက ကလေးမှ မဟုတ်တာ မကျေနပ်ဘူး၊ မမကိုလဲ မကျေနပ်ဘူး၊ သခင်လေးကိုလဲ မကျေနပ်ဘူး''

စကားအဆုံးတွင် ပိုင်စုပန်းက ခြေဆောင့်ပြီး ထွက်သွားသည်။ ကျူမင်းယုံက ပိုင်စုပန်းအား ပြုံးလျက်ကြည့်ပြီး ဧည့်ခန်းတွင် ကျန်ရစ်ခဲ့သည်။

*

ကျူမင်းယုံ ဧည့်ခန်းတွင် ထိုင်နေဆဲ၊ အပြင်ဘက်မှ ရေးကြီးသုတ်ပြာနှင့် ဝင်လာသော ချူးယန်းအားတွေ့လိုက်ရသည်။

ချူးယန်းသည် ဧည့်ခန်းဆောင်ထဲရှိ ကျူမင်းယုံ၏ ရှေ့တွင် လာရပ်ပြီး လက်နှစ်ဖက်ကိုဆုပ်၍ ဂါရဝပြုသည်။ ပြီး–ကျူမင်းယုံအား စာရွက်တစ်ရွက် လှမ်းပေးလာသည်။

''ဒါ.... ဘာလဲ ဘဘယန်း''

''သခင်လေး ဖတ်ကြည့်လိုက်ပါ''

ကျုမင်းယုံက စာရွက်ကို ဖြန့်ပြီး ဖတ်သည်။ စာရွက်ပေါ်တွင် စာတစ်ကြောင်းသာပါ၏။

ဒီမိန်းကလေးကို ကျုပ်အလိုရှိလို့ ခေါ်သွားတယ်။

ရွှေနဂါး နန်းတော်သခင်

"ဟင်.... ဒါက ဘာအဓိပ္ပါယ်လဲ"

"အဓိပ္ပါယ်က သခင်လေးကို နာမည်ဖျက်တာပဲ။ သခင်ကြီးရဲ့ အသုဘချပြီးတဲ့ နောက်ရက်တွေမှာ နယ်ခုနှစ်နယ်က မိန်းကလေး ခုနှစ်ယောက် အဖမ်းခံရတယ်၊ ဖမ်းဆီးသွားတဲ့လူက အနက်ရောင်ဝတ်ထားတဲ့ လူရွယ်တစ်ယောက်ပဲ။ မိန်းကလေးတွေကို ဖမ်းဆီးသွားတိုင်း သခင်လေး ဖတ်ရတဲ့ စာမျိုးကို ထားခဲ့တတ်တယ်။ အခု သိုင်းလောကသားတွေက သခင်လေး မိန်းကလေးတွေကို ဖမ်းဆီးတဲ့အကြောင်း ပြောဆိုနေကြပြီ၊ သခင်ကြီးက မယားခြောက်ယောက်ယူခဲ့သလို သခင်လေးကလဲ အခု မယားခုနှစ်ယောက် တစ်ပြိုင်တည်း ယူတာလို့ ထင်နေကြတယ်"

ချူးယန်း၏ စကားကြောင့် ကျုမင်းယုံ မျက်နှာပျက်သွားသည်။

"ကျွန်တော် အဲဒီအလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူး"

"သခင်လေး မလုပ်ဘူးဆိုတာ ဘဘတို့သိပါတယ်။ ဒီအဖြစ်အခင်းတွေဖြစ်တဲ့ အချိန်မှာ သခင်လေးက စာကြည့်ဆောင်ထဲ





မှာ ရှိနေခဲ့တာဘဲ၊ ဒါပေမယ့် သိုင်းလောကသားတွေကတော့ သခင်ကြီးရဲ့ အသုဘအပြီးမှာ သခင်လေး ရုတ်တရက်ထွက်သွားတာဟာ ဒီကိစ္စတွေကြောင့်လို့ ထင်နေကြတယ်"

စိတ်မချမ်းမသာ ဖြစ်သွားဟန်တို့က ကျုမင်းယုံ၏ မျက်နှာတွင်ပေါ်လာသည်။

ယုတ်မာကောက်ကျစ်သော ရန်သူတစ်ယောက်က သူ့ကိုနာမည်ဖျက်နေပြီဟု စဉ်းစားမိသည်။ သူက ထိုကိစ္စကို တိတိကျကျသိရန် စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်သည်။

"သခင်လေး.... သခင်လေး"

အပြင်ဘက်မှ အော်ခေါ်သံနှင့် အတူ အမှုထမ်းတစ်ယောက် ပြေးဝင်လာသည်။ စိုးရိမ်မကင်း ဖြစ်နေဟန်ကို ထိုအမှုထမ်း၏ မျက်နှာတွင် တွေ့ရ၏။

"ဘာဖြစ်လို့လဲ"

"ဧည့်သည် မိန်းကလေး ထွက်သွားပါပြီ၊ ကျွန်တော်က တားဆီးတော့ ကျွန်တော့်ကို တိုက်ခိုက်ပြီး ထွက်သွားပါတယ်"

*

## (၇) ပြေလည်မှု

ပိုင်စုပန်းသည် မြင်းကို စားသောက်ဆိုင်ရှေ့တွင် ရပ်လိုက်၏။ ခရီးပြင်နှင်လာခဲ့ရသဖြင့် ဆာလောင်မွတ်သိပ်ခြင်းက သူ့ကိုစိုးမိုးနေသည်။

သူသည် ဆိုင်အတွင်းသို့ ဝင်ခဲ့ပြီး စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

အနားသို့ ရောက်လာသည့် စားပွဲထိုးအား အလွယ်တကူ ရနိုင်သည့် စားသောက်ဖွယ်ရာများ မှာလိုက်၏။

ပိုင်စုပန်းသည် အာစားအယောက်ကို အ သာ ာမ်းာမ်းနှင့် မှာနေသဖြင့် ဆိုင်အတွင်း၌ ရှိနေသူများကို သတိမထားမိဘဲရှိ သည်။

သူနှင့် စားပွဲတစ်လုံးခြားတွင် ထိုင်နေသည့် လူသုံးယောက် က အခိုးအငွေ့ဝေသော မျက်လုံးများဖြင့် လှမ်းကြည့်ပြီး၊ တစ်ခု တစ်ရာပြော၍ ရယ်လိုက်ကြသည်။

ပိုင်စုပန်းသည် ပတ်ဝန်းကျင်မှ ရယ်သံများကို ကြားသေ လည်း သူနှင့်ပတ်သက်သည်ဟု မထင်မိပေ။

သူသည် စားပွဲထိုးက စားသောက်ဖွယ်ရာများ လာအ တွင် ဆာဆာလောင်လောင်နှင့် အားရပါးရ စားသည်။

ထိုအချိန်မှာပင် သူ့ကိုကြည့်ပြီး ရယ်မောနေသူ သုံးယော အနက်မှ တစ်ယောက်က အနားသို့ လျှောက်လာပြီး လာ သည်။

လူတစ်ယောက်အနားမှာ လာရပ်သဖြင့် ပိုင်စုပန်း မော်ကြ လိုက်သည်။

အဆီဝင်းနေသည့် မျက်နှာ၊ အခိုးအငွေ့တွေ လျှံနေသ မျက်လုံးအစုံဖြင့် ကြည့်နေသူအား တွေ့လိုက်ရ၏။





ထိုသူက ပိုင်စုပန်းအား ပြုံးပြလိုက်ပြီး....

"ညီမတစ်ယောက်ထဲ မပျင်းဘူးလား"

ပိုင်စုပန်းက စကားတစ်ခွန်းမှ တုန့်ပြန်၍မပြောဘဲ၊ အနားတွင် လာရပ်သူကို စူးလက်တောက်ပသော မျက်လုံးအစုံဖြင့် ကြည့်သည်။

အနားမှာ လာရပ်သူက ပိုင်စုပန်း၏ အမူအယာကြောင့် အားတက်သွားဟန် ရှိပြီး ရှေ့တိုးလာသည်။

"ညီမကို အစ်ကိုက ဧည့်ခံတော်ပြုပါရစေ၊ အစ်ကိုတို့ မိတ်ဖြစ်ဆွေဖြစ် အရက်အတူ သောက်ကြတာပေါ့၊ အစ်ကို့နာမယ်က ကုချီလို့ ခေါ်ပါတယ်"

ပိုင်စုပန်းက အရှက်နည်းပြီး မျက်နှာပြောင် တိုက်တတ်ပုံရသော ကုချီအား လှောင်ပြုံးပြုံး၍ ကြည့်သည်။

ပိုင်စုပန်း၏ အပြုံးကို မြင်သည်နှင့် ကုချီမှာ ထခုန်တော့မတတ် ဝမ်းသာသွားသည်။

"ညီမ ဘာအရက်သောက်မလဲ အစ်ကိုမှာလိုက်မယ်"

ကုချီက ပိုင်စုပန်းနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

ပြုံးနေသည့် ပိုင်စုပန်း၏ မျက်နှာမှာ တင်းခနဲ ဖြစ်သွားပြီး။

"ကျွန်မ အရက်မသောက်ဘူး။ သောက်ရင်လဲ ရှင့်လို လူနဲ့ တွဲပြီးမသောက်ဘူး၊ ရှင်ကျွန်မရှေ့က ထသွားပါ"

အထင်နှင့် အမြင်ပါစင်အောင် လွဲသွားသဖြင့် ကုချီမျက်နှာ ပျက်သွားသည်။

သူက ပိုင်စုပန်းအား စေ့စေ့ကြည့်ပြီး....

"အဲသလို မပြောပါနဲ့ ညီမ။ အစ်ကိုက မြင်မြင်ချင်း ခင်လို့ပါ"

ပိုင်စုပန်းက မျက်နှာထား တင်းတင်းနှင့် ကုချီအား ကြည့်မြဲကြည့်သည်။

"ရှင်.... ထွက်သွားပါ"

ကုချီသည် ဆက်လက်ပြီး ဟန်ဆောင်နိုင်စွမ်း ရှိတော့ဟန်မတူ၊ သူ့မျက်နှာမှာ တင်းခနဲဖြစ်သွား၏။





"မင်းက ကျုပ်ချီချီသာသာနဲ့ ဆက်ဆံနေတာကို မကြိုက်ဘူးကိုး။ချီသာတာကို မင်းမကြိုက်ရင် မင်းကြိုက်သလို ခတ်ကြမ်းကြမ်းပဲ ဆက်ဆံရတာပေါ့"

ကုချီက ကိုယ်ကို ရှေ့သို့ ကိုင်းပြီး ပိုင်စုပန်းအား တစ်စုံတစ်ရာ တိုးတိုးပြောလိုက်သည်။

ကုချီ၏ စကားကြောင့် ပိုင်စုပန်း၏ မျက်နှာနီရဲသွား၏။

"လူယုတ်မာ"

ပိုင်စုပန်းက **တူ**ကိုင်ထားသည့် လက်ကို ဆတ်ခနဲ လှုပ်လိုက်သည်။ တူဖြင့် ညှပ်ထားသည့် အသားဖတ် ညှပ်ပြီး ကုချီထံလှမ်းပစ်လိုက်သည်။ ကုချီက လျင်မြန်စွာ ရှောင်လိုက်ပြီး ပိုင်စုပန်း၏ လက်ကို ဖမ်းကိုင်လိုက်၏။

ကုချီ၏ အဖော်နှစ်ယောက် ထိုင်နေရာမှ လျင်မြန်စွာ ထလာကြသည်။

သူတို့က ဘေးတစ်ဘက်တစ်ချက်မှနေ၍ ပိုင်စုပန်းအား ဖမ်းချုပ်လိုက်သည်။

တပြိုင်နက်တည်းမှာပင် ပိုင်စုပန်း၏ သွေးကြောများကို ပိတ်ပစ်လိုက်သည်။

ရုတ်တရက်ဖြစ်ပျက်သွားသည့် အဖြစ်အပျက်ကြောင့် ပိုင်စုပန်း တုန်လှုပ်သွားသည်။

သို့သော် အကြောပိတ်ခံလိုက်ရပြီဖြစ်သဖြင့် သူဘာမှ မတတ်နိုင်တော့၊ ကုချီတို့ သုံးယောက်အား မျက်လုံးကြီးပြူးပြီး ကြည့်သည်။

"ကောက်ချီ.... မင်းရဲ့ မိသားစု ခရီးသွားနေတော့ မင်းအိမ်မှာ ဘယ်သူမှ မရှိဘူး မဟုတ်လား"

"ဟုတ်တယ် မရှိဘူး၊ သူ့ကို ငါ့အိမ်ခေါ်သွားရင် အတော်ပဲ...."

"တိုချီက မြင်းလှည်းသွားထုတ်ခဲ့ကွာ။ ငါတို့ ဒီကောင်မလေးကို မြင်းလှည်းနဲ့ တင်ခေါ်သွားမယ်"

"ကောင်းတယ်.... ကောင်းတယ်.... ငါအခုပဲ မြင်းလှည်း ထုတ်လာခဲ့မယ်"

တိုချီက ပြောပြောဆိုဆိုနေရာမှထပြီး ဆိုင်အပြင်သို့အပြေးအလွှား ထွက်သွားသည်။

ကုချီနှင့် ကောက်ချီတို့က ပိုင်စုပန်း စားသောက်ထားသမျှအတွက် ကျသင့်ငွေအဖြစ် စားပွဲပေါ်သို့ ငွေတုံးတစ်တုံးချပေး





ပြီး၊ ပိုင်စုပန်းအား တစ်ယောက်တစ်ဖက်စီထိန်းပြီးခေါ်ထုတ်သည်။

ပိုင်စုပန်းသည် မကျေမနပ်နှင့် ရုန်းကန်ရန် ကြိုးစားသော်လည်း အကြောပိတ်ခံထားရသဖြင့် မလှုပ်ရှားနိုင်ပေ။

အသံကြောပါ အပိတ်ခံထားရသဖြင့် နှုတ်မှ အော်ဟစ်ငြင်းဆန်၍ မရဘဲ ရှိနေ၏။

ကုချီနှင့် ကောက်ချီတို့က ပိုင်စုပန်းအား ဆွဲခေါ်ပြီး ဆိုင်အပြင်သို့ ထွက်မည်ပြုသည်။

သူတို့ တံခါးပေါက်အနီးသို့အရောက်တွင် ဝုန်းခနဲမြည်သံနှင့်အတူ အပြင်ဘက်မှ တိုချီ ဆိုင်အတွင်းသို့ ဒယီးဒယိုင်နှင့် နောက်ပြန် ခင်ရောက်လာပြီး၊ ကြမ်းပြင်ပေါ် ဝုန်းခနဲ ပစ်ကျသွားသည်။

"ဟင်.... တိုချီ"

"အပြင်မှာ ရန်သူရှိနေပြီ သတိထား"

ကုချီတို့ အပြန်အလှန်ပြောနေဆဲတွင် အနက်ရောင် ဝတ်စုံဝတ်ထားသည့် လူရွယ်တစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။

ထိုသူကို မြင်သည်နှင့် ကျူမင်းယုံ ရောက်လာပြီဟုတွေးပြီး ပိုင်စုပန်း ဝမ်းသာသွားမိလေ၏။

*

"ဟိတ်.... မင်းဘယ်သူလဲ။ ငါတို့ ကိစ္စထဲ ဘာဖြစ်လို့ဝင်ရှုပ်တာလဲ"

အနက်ရောင် ဝတ်ဆင်ထားသည့် လူရွယ်က ကုချီတို့အား ကြည့်ပြီး ရယ်လိုက်သည်။ ရယ်မောရင်း သူ့လက်နှစ်ဘက်ကို လျှင်မြန်စွာ လှုပ်ရှားလိုက်၏။

ကုချီနှင့် ကောက်ချီတို့မှာ လက်နက်ပုန်းများ လွင့်ထွက်လာသည်ကို တွေ့သော်လည်း မရှောင်နိုင်ဘဲ အထိခံလိုက်ရ၏။

ကုချီနှင့် ကောက်ချီတို့ နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်သို့ ခွေကျသွား၏။

အကြောပိတ်ခံထားရသည့် ပိုင်စုပန်းမှာ ရပ်တည်မနေနိုင်တော့ဘဲ ခွေကျသွားသည်။





ထိုအခါကျမှပင် ပိုင်စုပန်းသည် သူ့အား ဝင်ရောက်ကယ်တင်သူမှာ ကျူမင်းယုံ မဟုတ်ကြောင်း သိလိုက်ရသည်။

အနက်ရောင် ဝတ်ဆင်ထားသည့် လူရွယ်က ပိုင်စုပန်း၏ ပိတ်နေသော သွေးကြောကို ဖွင့်ပေးလိုက်သည်။

ပိုင်စုပန်း နေရာတွင် ထထိုင်လိုက်၏။ လူရွယ်ကို ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်ပြီး–

"အစ်ကို့ကို ကျေးဇူးတင်ပါတယ်"

"မင်း ဒုက္ခရောက်နေတုန်း အစ်ကို အချိန်မီ ရောက်လာနိုင်တာကို ကျေးဇူးတင်ပါ"

"ဟုတ်ကဲ့.... ကျွန်မ ကျေးဇူးတင်စရာရှိတာ အားလုံးကို ကျေးဇူးတင်ပါတယ်။ အစ်ကို တစ်ခုခု စားမယ်ဆိုရင် ကျွန်မ စားပွဲမှာ ထိုင်ကြမယ်"

"အစ်ကို မစားပါဘူး။ ကိစ္စရှိသို့ ခွင့်ပြုပါဦး"

လူရွယ်က စကား အဆုံးတွင် နေရာမှ ခွာမည်ပြုသည်။ ပိုင်စုပန်းက လက်ကာပြလိုက်ပြီး....

"ခဏနေပါဦး အစ်ကို"

"ညီမ ဘာပြောမလို့လဲ"

"ပြောမလို့မဟုတ်ပါဘူး.... မေးမလို့ပါ။ အစ်ကို့နာမည်လေး ပြောခဲ့ပါဦး"

"အစ်ကို့နာမည် ဝမ်ဟိုးလို့ခေါ်ပါတယ်။ ဒီမြို့မှာ ကျားရဲတိုက်ဆိုရင် လူတိုင်းသိပါတယ်။ အစ်ကိုက ကျားရဲတိုက်ကပါ"

"ကျွန်မ အစ်ကို့ကို တွေ့ချင်ရင် 'ကျားရဲတိုက်ကို လာမှပဲ တွေ့ရမယ်ပေါ့' ဟုတ်လား"

ဝမ်ဟိုးက ခေါင်းညိတ်ပြသည်။

"ကျားရဲတိုက်ကိုရောက်တာနဲ့ ဝမ်ဟိုးလို့ မေးလိုက်ပါ ညီမ"

ဝမ်ဟိုးက ပိုင်စုပန်းအား ခပ်တိုးတိုးပြောပြီး နေရာမှ လျင်မြန်စွာ ထွက်ခွာသွားသည်။

ပိုင်စုပန်းက သူ့စားပွဲတွင် သူပြန်ထိုင်ပြီး၊ စားသောက်လက်စ အစားအသောက်များကို ထိုင်စားသည်။

ကြမ်းပြင်ပေါ် အတုံးအရုံးလဲကျသွားသော ကုချီတို့ ပြန်ထလာသည်။





အမှတ် ၁၅/၁၃၈၊ ဗိုလ်... တောင် ... မြို့

သူတို့က နေရာတွင် ထိုင်ပြီး၊ ဟန်မပျက် စားသောက်နေသော ပိုင်စုပန်းအား မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"တစ်ခါလွတ်သွားပြီ၊ ဒီတစ်ခါတော့ မလွတ်စေနဲ့"

"ငါတို့ကို ဒုက္ခပေးတဲ့ကောင်မ။ ဖမ်းပြီး အရေခွံ ခွာပစ်မယ်"

ကုချီတို့ သုံးယောက် ရှေ့တိုးလာကြသည်။

ပိုင်စုပန်းထိုင်နေသည့် စားပွဲကို ဝိုင်းရံလိုက်ကြ၏။

"လာစမ်း.... ကောင်မလေး"

ကုချီက ပိုင်စုပန်းလက်ကို ဆွဲပြီးခေါ်သည်။ ပိုင်စုပန်းက အားနေသည့်လက်ဖြင့် ကုချီအား ရိုက်ချလိုက်သည်။

"ဝုန်း"

ရင်ဘတ်ကို အရိုက်ခံလိုက်ရသဖြင့် ကုချီ နောက်သို့ လွင့်ထွက်သွားသည်။

ဘောက်ချီနှင့် တိုချီတို့က ကုချီ၏အဖြစ်ကိုမြင်သည်နှင့် ဓားများ ဆွဲထုတ်လိုက်ကြသည်။

"ခေါ်မနေနဲ့.... ဒီကောင်မကို သတ်ပစ်"

"တစ်ခါတည်း အပြတ်ရှင်းပစ်"

ကောက်ချီတို့နှစ်ယောက်က ဓားများ ဝှေ့ယမ်းပြီး ရှေ့သို့ တိုးလာကြသည်။

ပြင်းထန် ရက်စက်သော ဓားချက်များဖြင့် ပိုင်စုပန်းအား တိုက်ခိုက်၏။

ပိုင်စုပန်း နေရာမှ ခုန်ထလိုက်သည်။ စားသောက်ဆိုင်တွင် စားသောက်နေသူများမှာ ဒုတိယအကြိမ်ပေါ်လာသည့် ရန်ပွဲကြောင့် နေရာမှထပြီး ရှောင်တိမ်းထွက်ပြေးကြ၏။

ကောက်ချီနှင့် တို့ချီတို့သည် စုပေါင်း တိုက်ကွက်တစ်ကွက်ကို အသုံးပြုပြီး ပိုင်စုပန်းအား တိုက်ခိုက်ကြသည်။

ပိုင်စုပန်းသည် ဓားတစ်လက်ဖြင့် သူ့ကိုယ်သူ လုံခြုံအောင် မနည်း ကာကွယ်ရင်း နောက်သို့ တဆုတ်တည်း ဆုတ်နေရ၏။

"ချွမ်း"

ဓားနှစ်လက်က ညှပ်ပြီး တိုက်ခိုက်သဖြင့် ပိုင်စုပန်း၏ လက်ထဲမှ ဓားလွတ်ကျသွားသည်။





သူက နောက်သို့ လျင်မြန်စွာဆုတ်သည်။

သူ့ကျောပြင် နံရံနှင့်ထိသွားပြီး နောက်သို့ ဆုတ်မရတော့သည့်အခါတွင် ပိုင်စုပန်းသည် တို့ချီတို့အား ထိတ်လန့်စွာ ကြည့်မိ၏။

ကောက်ချီနှင့် တို့ချီတို့သည် ပိုင်စုပန်းကို ဓားဖြင့်မိုးလိုက်သည်။

သူတို့၏ မျက်နှာတွင် လူသတ်ချင်သည့်အရိပ်အယောင်တွေ ပေါ်နေ၏။

"ဟိတ်.... ရပ်လိုက်စမ်း"

အော်ဟစ် ပြောဆိုသံနှင့်အတူ လူရိပ်တစ်ရိပ် ဆိုင်အတွင်းသို့ အပြေးဝင်လာသည်။

တစ်ပြိုင်နက်တည်းမှာပင် တို့ချီနှင့် ကောက်ချီတို့အားတိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ် ဆိုင်ထဲသို့ ဝင်လာသူမှာ ဂမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် အနက်ရောင်ဝတ်စုံဝတ်ထားသည့် ကျူမင်းယုံပင် ဖြစ်သည်။

ကျူမင်းယုံသည် တိုချီနှင့် ကောက်ချိတို့၏ ဓားကိုင်လက်များကို စွန်ကုတ်သဏ္ဍာန် လက်ချောင်းဖြင့် ကုတ်ဆွဲတိုက်ခိုက်သည်။ တစ်ပြိုင်နက်တည်းပင် နံရံနှင့်ကပ်နေသော ပိုင်စုပန်းအား ခါးမှ ဖက်တွယ်ပွေ့ချီ၍ ဘေးတစ်ဖက်သို့ ခုန်ထွက်သည်၊

ပိုင်စုပန်းသည် အရုပ်ကလေးတစ်ရုပ်လို ကျူမင်းယုံ၏လက်ထဲတွင် ပါသွား၏။

တိုချီနှင့် ကောက်ချီတို့မှာ လျှပ်တပြက် အကြောပိတ်ခံလိုက်ရသဖြင့် လက်ထဲမှ ဓားများလွတ်ကျပြီး၊ နေရာတွင် မလှုပ်မယှက် တောင့်တောင့်ကြီး ရပ်လျက်သား ဖြစ်သွားကြသည်။

လွတ်ကင်းရာသို့ရောက်သည်ထိ ခုန်ထွက်ပြီးနောက်၊ ကျူမင်းယုံက ပိုင်စုပန်းအား ကြမ်းပြင်ပေါ် ချလိုက်သည်။

ကျူမင်းယုံ၏ ရင်ခွင်ထဲသို့ လုံးလုံးလျားလျား ရောက်သွားခဲ့ရသည့်အဖြစ်ကြောင့်၊ ပိုင်စုပန်းမှာ ရင်ခုန် လှိုက်မောလျက် ရှက်သွေးတက်သွားရလေသည်။

"ညီမကို မထိခိုက်ဘူး မဟုတ်လား"

ပိုင်စုပန်းက ရှက်သွေးတက်နေသော မျက်နှာနှင့် မျက်လွှာချထားရင်းမှ ခေါင်းခါပြသည်။





ကျူမင်းယုံသည် ပိုင်စုပန်းအား ထားခဲ့ပြီး၊ တိုချီတို့အနီးသို့ ချဉ်းကပ်သည်။ တောင့်တောင့်ကြီးဖြစ်နေသော တိုချီတို့ ရှေ့တွင် ရပ်လိုက်ပြီး....

"ခင်ဗျားတို့ဟာ ကုန်းစွန်းမြို့မှာ ထင်တိုင်းကျဲနေတဲ့ လူရှုပ်တွေ မဟုတ်လား။ ရွှေနဂါးနန်းတော်ရဲ့ ဩဇာသည်ကို စော်ကားတဲ့အတွက် ခင်ဗျားတို့ သေဒဏ်ထိုက်နေပြီ၊ ဒါပေမယ့် ကျုပ်တို့ ရွှေနဂါးနန်းတော်ဟာ အလကားနေရင်း လူသတ်တဲ့အလေ့ မရှိလို့ ခင်ဗျားတို့ကို လွှတ်လိုက်မယ်။ နောက်တစ်ခါ ရွှေနဂါးနန်းတော်ကလူကို စော်ကားရင် ခင်ဗျားတို့ရဲ့ သိုင်းပညာကို ဖျက်ဆီးပစ်မယ်"

တိုချီတို့မှာ ကျူမင်းယုံ၏ တည်ကြည်တင်းမာသော မျက်နှာကို စိုးရွံ့စွာ ကြည့်နေကြသည်။

ကျူမင်းယုံက တိုချီတို့အား အကြောဖွင့်ပေးလိုက်ပြီး....

"သွားကြ။ ဒီနေ့ကစပြီး ခင်ဗျားတို့ရဲ့ မကောင်းမှုတွေကို ရပ်လိုက်ကြပါ"

တိုချီနှင့် ကောက်ချီတို့သည် ပိုင်စုပန်း၏ လက်ချက်ကြောင့် ကြမ်းပြင်ပေါ် လဲကျနေသော ကုချီအား ပွေ့ထူပြီး၊ ဆိုင်ထဲမှ ထွက်မည်ပြုသည်။

ပိုင်စုပန်းက လွတ်ကျသွားသည့် သူ့ဓားကို ကောက်ယူပြီး ဆိုင်တံခါးဝတွင် ရပ်လိုက်၏။

"ရှင်တို့ ဒီအတိုင်းသွားလို့ မရဘူး။ ရှင်တို့ အသက်တွေကို ဒီမှာ ထားခဲ့ပြီးမှ သွားပါ"

"ညီမ မလုပ်ပါနဲ့။ ဒီတစ်ကြိမ် သူတို့ကို ခွင့်လွှတ်လိုက်ပါ"

"သူတို့က ကျွန်မကို စော်ကားထားတယ်"

"ဒီတစ်ခါ ခွင့်လွှတ်လိုက်ပါ။ ရှေ့ဆက်ပြီး၊ သူတို့ကိုယ်သူတို့ မပြုပြင်ရင် ရွှေနဂါးနန်းတော်က အပြစ်ပေးပါလိမ့်မယ်"

ကျူမင်းယုံ၏ စကားကြောင့် ပိုင်စုပန်း မကျေမနပ် ဖြ သွားပုံ ရသည်။

သို့သော် သူက ကျူမင်းယုံအား ခွန်းတုန့်ပြန် ပြောဆိုခြင်း မပြုဘဲ၊ လမ်းဖယ်ပေးလိုက်၏။

တို့ချီနှင့် ကောက်ချီတို့သည် ကုချီကို ထမ်းပြီး၊ ဆိုင်ထဲ ပြေးထွက်သွားကြ၏။

"ညီမ အစ်ကိုနဲ့ ပြန်လိုက်ခဲ့ပါ။ နောက်တစ်ကြိမ် တခြ လူကွေ့ ညီမကို စော်ကားရင် အစ်ကို စိတ်မထိန်းနိုင်ဘဲ၊ ငေ





ကားတဲ့ လူကို သတ်ပစ်မိမယ်။ အစ်ကို လူသတ်မိအောင် မလုပ်ပါနဲ့ ညီမ"

ကျူမင်းယုံ၏ စကားကြောင့် ပိုင်စုပန်း ဖျပ်ခနဲ မော့ကြည့်သည်။

ကြည့်နေရင်း သူ့မျက်နှာ တဖြည်း ဖြည်းပြုံးလာပြီး၊ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်လေ၏။

*

## (ဂ) ရန်သူ

ကျွားရဲတိုက်အတွင်း၌ တိတ်ဆိတ် ငြိမ်သက်ခြင်းက စိုးမိုးနေသည်။

အနက်ရောင်ဝတ်စုံ ဝတ်ထားသော ဝမ်ဟိုးသည် အခန်းထဲတွင် ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်နေ၏။

သူနှင့် မနီးမဝေးတွင် လူနှစ်ယောက် ရပ်နေသည်။ ဆူပူကြိမ်းမောင်းခြင်း ခံထားရသဖြင့် ထိုသူနှစ်ယောက်စလုံး ခေါင်းငုံ့နေကြ၏။

"ဆရာ ချူပေ့။ ဒီမြို့ထဲကို လူစိမ်းဝင်လာတာကို ခင်ဗျား ဘာဖြစ်လို့ မသိရတာလဲ။ သူက ကျားရဲတိုက်ရဲ့ ပိုင်နက်ထဲမှာ ဝင်ပြီး ရမ်းကားသွားတယ်။ အဲဒါ ကျုပ်ကို စော်ကားလိုက်တာနဲ့ အတူတူပဲ"

ချူပေ့ဝေသည် ဖြေရှင်းစကားမပြောဘဲ၊ နှုတ်ပိတ်ပြီး ရပ်နေ၏။ ဝမ်ဟိုးက ထုန်းစွမ်းအိဘက်သို့ လှည့်လိုက်သည်။

"ထုန်းစွမ်းအိ ဘုံကျောင်းပျက်ထဲကနေ ကျားရဲတိုက်ကို ချောင်းကြည့်နေတဲ့ လူတွေဟာ ဘယ်သူတွေလဲ"

"ဒီမြို့က ဖဲသမားနှစ်ယောက်ပါ သခင်လေး"

"သူတို့ကို စစ်ဆေးပေးမြန်းပြီးပြီလား"

"သူတို့ လောင်းကစားဝိုင်း တစ်ခုကို ရောက်နေပါတယ်၊ လောင်းကစားဝိုင်းက သူတို့ ထွက်တာနဲ့ ဖမ်းခေါ်လာဖို့ ကျွန်တော့် လူ နှစ်ယောက်ကို ထားခဲ့ပါတယ်"

ဝမ်ဟိုးသည် လမ်းလျှောက်နေရာမှ တုန့်ခနဲ ရပ်လိုက်သည်၊ ခက်ထန်တင်းမာသောအကြည့်ဖြင့် ထုန်းစွမ်းအိကို ကြည့်၏။

"သူတို့ကို ဒီရောက်အောင် ဖမ်းခေါ်လာမယ်ပေါ့ ဟုတ်လား။ ကျားရဲတိုက်က လူနှစ်ယောက်ကို ဖမ်းခေါ်သွားတယ်





ဆိုတဲ့ သတင်း တစ်မြို့လုံး ပျံ့သွားအောင် လုပ်တာလား။ အခု မြန်မြန်သွား။ သူတို့ကို ခင်ဗျားကိုယ်တိုင် ဖျားယောင်းပြီး၊ ဘုံကျောင်းပျက်ထဲ ခေါ်သွားပြီး စစ်ဆေးပါ။ ခင်ဗျားလုပ်တဲ့ အလုပ် ကျားရဲတိုက်နဲ့ မပတ်သက်ပါစေနဲ့"

"ကောင်းပါပြီ သခင်လေး"

ထုန်စွမ်းအိသည် ဝမ်ဟိုးအား ဂါရဝပြုပြီး၊ နေရာမှ လျင်မြန်စွာ ထွက်ခွာသွား၏။

ဝမ်ဟိုးက ချူပေ့ဝေဘက်သို့ လှည့်လိုက်သည်။

"မြို့ထဲကို ဝင်လာတဲ့လူစိမ်းဟာ ဘယ်သူလဲဆိုတာရအောင် စုံစမ်းပါ၊ ကုန်းစွမ်းမြို့မှာ ကျားရဲတိုက် ရှိနေလျက်နဲ့ အခုလို ရမ်းကားတာမျိုး မဖြစ်အောင် သင်ခန်းစာပေးရမယ်"

"ကျုပ် စုံစမ်းလိုက်ပါ့မယ်"

"ဟိုမိန်းကလေးတွေ ကိစ္စကော ဘယ်လိုလဲ"

"သခင်လေး စီစဉ်ထားတဲ့အတိုင်း ပြီးစီးအောင် လုပ်ကိုင်နေပါတယ်။ မကြာခင်မှာပဲ၊ ရွှေနဂါး နန်းတော်ဟာ သိုင်းလောကထဲမှာ နာမည်ပျက်စာရင်းဝင် ဖြစ်သွားရပါလိမ့်မယ်"

ချူပေဝေ၏ စကားကြောင့် ဝမ်ဟိုး ကျေနပ်သွားပန် ရှိသည်။

သူက အရက်အိုးနှင့် စားသောက်ဖွယ်ရာများ တင်ထားသည့် စားပွဲတွင် ထိုင်လိုက်သည်။

အိုးထဲမှ အရက်ကို ကျောက်စိမ်းခွက်တွင် ထည့်ပြီးသောက်၏။

"ကျုပ်ဟာ ရွှေနဂါးနန်းတော်ရဲ့ အမွေခံ အစစ်ပဲဆိုတာ သိုင်းလောကသားတွေ သိအောင်လုပ်ရမယ်။ မျိုးဆက်အမွေအတွက် ကျုပ်ရဲ့အဖေ အသက်ပေးသွားရပြီ။ အဖေဟာ သူ့ရန်သူရဲ့ အသက်ကိုလဲ နှုတ်ယူနိုင်ခဲ့တယ်။ ဒါပေမယ့် အဖေဟာ သေသွားတဲ့ထိအောင် အမွေခံဘဝကို မရောက်ခဲ့ဘူး။ ကျုပ်လက်ထက်မှာတော့ အမွေခံဘဝကို ရောက်မှဖြစ်မယ်။ ရောက်အောင် ကျုပ် ကြိုးစားမယ်"

ဝမ်ဟိုးက ဒေါနှင့်မာန်နှင့်ပြောပြီး၊ အရက်ကို တစ်ခွက်ပြီး တစ်ခွက် သောက်သည်။

သူ့မျက်နှာမှာ နီရဲနေပြီး၊ နာကျည်းဟန်၊ မုန်းတီးဟန် အရိပ်တွေ ထင်နေ၏။





"မနက်ဖြန်ကစပြီး စီစဉ်ထားတဲ့အတိုင်းလုပ်ဖို့ အမိန့်ပေးလိုက်ပါ။ ရွှေနဂါး နန်းတော်ဆိုတာ သိုင်းလောကထဲကနေ မကြာခင် ပျောက်ကွယ်သွားစေရမယ်။ ကျုပ် ဝမ်ဟိုးဟာ ရွှေနဂါး မျိုးဆက်အစစ်ဆိုတာ သိုင်းလောကတစ်ခုလုံး သိသွားစေရမယ်"

ဝမ်ဟိုးသည် အရက် တစ်အိုးပြီး တစ်အိုး သောက်သော်လည်း မူးရစ်ဟန် မရှိ။

ချူပေဝေ အခန်းထဲမှ ထွက်သွားသောအခါ သူက စားပွဲပေါ်မှ အရက်အိုးများကို တွန်းဖယ်ပြီး ထရပ်လိုက်သည်။ စားသောက်ဆောင်မှ ခွာထွက်ပြီး အခန်းတစ်ခန်းသို့ ဝင်လိုက်၏။

သူဝင်လိုက်သည့် အခန်းမှာ သန့်ရှင်းသပ်ရပ်သည့် အခန်းတစ်ခန်း ဖြစ်သည်။

ထိုအခန်းထဲတွင် နှောင်ကြိုးခတ်ခံထားရသော ပိုင်ရှင်းလွမ်း ရှိနေ၏။

ပိုင်ရှင်းလွှမ်းက အခန်းထဲသို့ ဝင်လာသော ဝမ်ဟိုးအား ဒေါသရောင်လက်နေသည့် မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေသည်။

"ကြယ်တာရာသခင်မ.... ကျုပ်အလိုကိုလိုက်ဖို့ စဉ်းစားပြီးပြီလား"

ပိုင်ရှင်းလွှမ်းသည် ရှုံ့ရှာမုန်းတီးဟန်ဖြင့် ဝမ်ဟိုးအားကြည့်ရင်း မဲ့ပြုံး ပြုံးလိုက်သည်။ မာနကြီး ခက်ထန်သည့် မျက်နှာပေါ်မှ အပြုံးတွင် ရန်လိုဟန်တွေ ပါနေ၏။

"ခင်ဗျားက ကျုပ်ကို ဘာမှမပြောဘဲ အခုလိုကြည့်နေတာဟာ ကျုပ်ပြောထားတဲ့စကားကို လက်မခံဘူးဆိုတဲ့ သဘောပေါ့။ ကောင်းပြီ– ဒီကိစ္စအတွက် ခင်ဗျားကြိုက်သလိုဆုံးဖြတ်ပါ။ အခု ကျုပ် ခင်ဗျားကို နှောင်ကြိုးတွေက လွှတ်ပေးမယ်၊ ခင်ဗျား ကျုပ်ကို ခုခံမယ်၊ ဒီကနေ ထွက်ပြေးမယ်လို့မစဉ်းစားပါနဲ့။ ခင်ဗျားရဲ့ ကိုယ်ထဲမှာ မွေးရန့်အဆိပ်မတွေ ဝင်နေပြီ၊ ဒီအဆိပ်အတွက် ဖြေဆေးက ကျုပ်ဆီမှာပဲ ရှိတယ်"

ဝမ်ဟိုး၏ စကားကြောင့် ပိုင်ရှင်းလွှမ်း မျက်နှာ ကွက်ခနဲပျက်သွား၏။

"မင်း.... ယုတ်မာလှချည်လား"





"ဟား– ဟား.... အနိုင်ရဖို့အတွက် ဘယ်သူမဆိုယုတ်မာမှာပဲ။ ဒါမျိုးလုပ်တာ ကျုပ်တစ်ယောက်တည်း မဟုတ်ပါဘူး။ အနိုင်လိုချင်တဲ့လူတိုင်း လုပ်ပါတယ်"

"မင်း.... မင်း"

ပိုင်ရှင်းလွှမ်း၏ နှုတ်မှ စကားသံပေါ်မလာဘဲ ဝမ်ဟိုးအား မီးတောက်မီးလျှံနှင့်တူသော အကြည့်ဖြင့် ကြည့်နေသည်။

ဝမ်ဟိုးက ရှိုက်ကြီးဖိုငယ်အသွယ်သွယ်ဖြင့် တင့်တယ်ပြေပြစ်သော ပိုင်ရှင်းလွှမ်းအား ကြည့်ပြီး ရယ်လိုက်၏။

"ခင်ဗျားဟာ ကြယ်တာရာသခင်မဆိုပြီး သိုင်းလောကထဲမှာ ကျော်ကြားနေသူပဲ။ မွေးရန့်အဆိပ်အကြောင်းကို ခင်ဗျားကောင်းကောင်းသိပါတယ်။ ဒီအဆိပ်ကို အဆိပ်ဘုရင်ကျိုမူထိတစ်ယောက်ကပဲ သုံးစွဲတယ်။ အဆိပ်ဖြေနိုင်တဲ့ လူဟာလဲ သူတစ်ယောက်တည်း ရှိတယ်။ ဒီအဆိပ်ရှူမိတဲ့အတွက် ခင်ဗျားရဲ့ အလှအပဟာ တစ်နှစ်ပဲခံတော့မယ်။ ဖြေဆေးပေးနိုင်တဲ့ ကျိုမူထိက ခင်ဗျားရဲ့ ရန်သူ။ ဖြေဆေးရှိတဲ့ ကျုပ်ကလဲ ကျုပ်ဖြစ်စေချင်သလို မဖြစ်ရင် ခင်ဗျားကို ဖြေဆေးမပေးဘူး။ ခင်ဗျား ကျုပ်ကို ဆန့်ကျင်ပြီး ကိုယ့်ကိုကိုယ် အပျက်စီးခံမလားဆိုတာ စဉ်းစားပါ"

ပိုင်ရှင်းလွှမ်းသည် ရွေးချယ်စရာ လမ်းမရှိတော့သလို ဖြစ်နေသည့် သူ့အဖြစ်ကြောင့် ကြေကွဲဝမ်းနည်းလာမိ၏။

စိတ်ခာတ်ခိုင်မာသူဖြစ်လျက်နှင့် သူသည် ဝမ်းပန်းတနည်း ငိုချလိုက်၏။

ဝမ်ဟိုးက ငိုနေသော ပိုင်ရှင်းလွှမ်းအားကြည့်ပြီး ရယ်မောလိုက်သည်။

ပြီး– ပိုင်ရှင်းလွှမ်း၏ကိုယ်ပေါ်မှ နှောင်ကြိုးများကို ဖယ်ရှားပြီး အခန်းအပြင်သို့ လွှတ်လိုက်လေသည်။

*

နံနက်ခင်း၏ နေခြည်နုနုတွင် ကျွားရဲတိုက်အတွင်း၌ တယုတယ စိုက်ပျိုးထားသည့် ရောင်စုံပန်းများ ယိမ်းနွဲ့ ကခုန်နေသည်။

ရောင်စုံပန်းများ ဖူးပွင့်နေသော ပန်းခြံအလယ်တွင် အမိုးသာ ရှိပြီး၊ အကာအရံမရှိသော အဆောင်တစ်ဆောင် ရှိသည်။





ထိုအဆောင်မှာ အပန်းဖြေ နားနေဆောင်ပင် ဖြစ်သည်။

ထိုအဆောင်ထဲတွင် ဝမ်ဟိုးတစ်ယောက်တည်း ထိုင်နေ၏။

လေပြည်က ဇွေ့ယမ်းတိုက်ခတ်လာသည်။ ဝမ်ဟိုးသည် ပန်းရနံ့သင်းသော လေပြည်ကို အားပါးတရ ရှူလိုက်၏။

ပန်းရနံ့သင်းသော နံနက်ခင်းလေပြည်ကို ရှူရှိုက်ရသဖြင့် စိတ်ကြည်လင် လန်းဆန်းသွားသည်။

ကုန်းစွန်းမြို့၏ အရှေ့ဘက်တောင်ကျောင်းပေါ်၌ ထွက်ပြူနေသော နေမင်းကို တွေ့ရသည်။ နားနေဆောင်ထဲသို့ ခပ်စွေစွေ တိုးဝင်နေသော နေခြည်နုနုသည် ဝမ်ဟိုးအား နွေးထွေးနေစေ၏။

ကျွားရဲတိုက်အတွင်းရှိ သစ်ပင်များပေါ်တွင် နားနေသော ကျေးငှက်များ၏ အော်မြည်သံကို ကြားရသည်။

သာယာကြည်နူးဖွယ်ကောင်းသော ကျေးသံ ငှက်သံများကြားမှ ကြေကွဲဆွေးမြေ့စွာ ပေါ်ထွက်လာသော အသံတစ်သံကို ဝမ်ဟိုး ကြားလိုက်ရ၏။

ကြားလိုက်ရသည့်အသံကြောင့် စိတ်အေးချမ်း ငြိမ်သက်စွာ ထိုင်နေသော သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တွန့်သွားသည်။

သူက အသံပေါ်ထွက်လာရာကို စူးစူးစမ်းစမ်း ကြည့်သည်။ ကြားရသည့်အသံကို မည်သည့်အသံဟု ခွဲခြားကြည့်၏။

ကြားနေရသည့်အသံမှာ တူရိယာသံပင် ဖြစ်သည်။ ကြေကွဲဆွေးမြေ့ဖွယ် သံစဉ်တစ်ရပ်ကို ဖန်တီး တီးခတ်နေသော စောင်းသံပင် ဖြစ်၏။

စောင်းသံသည် ကြေကွဲဆွေးမြေ့ဖွယ် ပေါ်ထွက်နေရာမှ တဖြည်းဖြည်း သံစဉ်ပြောင်းလာသည်။ လျင်မြန်တက်ကြွသော သံစဉ်အဖြစ် အဆက်မပြတ် ပေါ်ထွက်လာ၏။

တစ်ခါတစ်ရံ စောင်းသံက မိုးထစ်ချုန်းသံနှင့် တူနေတတ်ပြီး၊ တစ်ခါတစ်ရံတွင် လေပြင်းတိုက်ခတ်သလို၊ ဆင်တပ် မြင်းတပ်များ ချီတက်လာသလို ထင်မှတ်ရတတ်သည်။

စောင်းသံကို နားထောင်ရင်း ဝမ်ဟိုး၏ စိတ်အစဉ်လှုပ်ရှားတက်ကြွလာသည်။ ကချင် ခုန်ချင်သလို၊ ခုန်ပေါက်အော်ဟစ်လိုက်ချင်သလို၊ ဟားတိုက် ရယ်မောလိုက်ချင်သလို ပျော်ရွှင်မှုခံစားချက်တွေ ပေါ်လာ၏။





ဝမ်ဟိုးသည် တစ်ခဏမျှ စောင်းသံတွင် နစ်မြောသွားပြီးနောက်၊ သူ့ကိုယ်သူ ထိန်းသိမ်းရန် သတိရလိုက်သည်။

သူက နေရာမှ လျင်မြန်စွာထပြီး စောင်းသံပေါ်ထွက်လာရာဆီသို့ ပြေးထွက်ခဲ့၏။

စောင်းသံမှာ ကျားရဲတိုက်ကြီး၏ အပေါ်ထပ်မှ ပေါ်ထွက်နေခြင်း ဖြစ်သည်။

ဝမ်ဟိုး စောင်းသံ ပေါ်ထွက်နေရာ အခန်း အောက်သို့ အရောက်တွင် မြူးထူး တက်ကြွသော သံစဉ်က ပြောင်းသွားပြန်သည်။

စောင်းသံသည် ကြေကွဲဆွေးမြေ့စွာ ပေါ်လာပြန်၏။

စောင်းသံကိုနားထောင်ရင်း ဝမ်ဟိုး၏ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ဖြစ်လာသည်။

သူက ငိုချလိုက်မိတော့မလိုရှိစဉ် စောင်းသံ ပျောက်သွားသည်။ ထိုအချိန်မှာပင် သူ ကျောခိုင်းထားရာဆီမှ သက်ပြင်းချသံ တစ်ခု ပေါ်လာ၏။

"ဘယ်သူလဲ"

ဝမ်ဟိုးက နောက်သို့လှည့်ကြည့်ပြီး မေးလိုက်သည်။

ခြုံအကွယ်တစ်ခုမှ အပြာရောင်ဝတ်စုံဝတ်ထားသော လူတစ်ယောက် ထွက်လာ၏။ ထိုသူသည် ရုပ်ရည် ချောမော ခံ့ငြားသူတစ်ယောက် ဖြစ်သည်။

"ဆရာကျိုမူထိ ဘယ်တုံးက ရောက်နေတာလဲ"

"ကျုပ် အခုပဲ ရောက်ပါတယ်။ ကျွားရဲတိုက်ကို ဘယ်က စောင်းသံရှင် ရောက်နေတာလဲ။ စောင်းသံကို နားထောင်တာနဲ့ စောင်းသံရှင်ဟာအတွင်းအားသိပ်ကောင်းတဲ့ လူတစ်ယောက်ဆိုတာ ခန့်မှန်းနိုင်ပါတယ်"

ဝမ်ဟိုးက အဆိပ်ဘုရင်ဆိုသည့်အမည်ဖြင့် ကျော်ကြားနေသော ကျိုမူထိအား လှမ်းကြည့်ပြီး ရယ်လိုက်သည်။

"ကျွားရဲတိုက်ကို ဘယ်သူ ရောက်နေသလဲဆိုတာ သိရင် ဆရာကြီး သိပ်အံ့သြသွားမယ်"





"ဘယ်သူ ရောက်နေလို့လဲ"

"ကြယ်တာရာ သခင်မပါ"

"ဟင်"

ကျိုမူထိ၏ မျက်နှာတွင် အံ့အားသင့်ဟန်တွေ ပေါ်သွားသည်။ သို့သော် ချက်ချင်းပင် သူက မျက်နှာထားကို ပြင်လိုက်၏။

"သူက ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကျွန်တော်ဖမ်းခေါ်လာလို့ ရောက်နေတာပါ။အခု သူ့ကို မွေးရနံ့အဆိပ်နဲ့ ထိန်းသိမ်းထားတယ်၊ ဆရာကြီးရဲ့ ရန်သူတစ်ယောက် လျော့သွားပြီပေါ့"

ကျိုမူထိ၏ မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားသည်။

သူ့မျက်လုံးအစုံတွင် ကြေကွဲဝမ်းနည်းဟန်အရိပ်တွေ ထင်သွား၏။ သို့သော် သူ အလွန်အမင်း ဝမ်းသာ သွားဟန်ဖြင့် အားရပါးရ ရယ်လိုက်သည်။

"ဟား....ဟား....သခင်လေးက သိပ်တော်ပါလား။ ကြွယ်
တာရော သခင်မကို ထိန်းသိမ်းထားနိုင်တယ်ဆိုတာ တော်ရုံနဲ့မရ
ပါဘူး။ အခု သူက မွေးရန့်အဆိပ်ပါ မိထားပြီဆိုတော့ သခင်
လေး သူ့ကို ကြိုက်သလို ခြယ်လှယ်လို့ရပြီပေါ့"

"ဟုတ်တယ်။ မကြာခင် သူဟာ ကျုပ်ရဲ့ ဇနီးမယား ဖြစ်
တော့မယ်"

ကျိုမူထိ သိသိသာသာ မျက်နှာပျက်သွား၏။ သူက မျက်
မှောင် ကြုံ့လိုက်ပြီး....

"သူ့ကို သခင်လေး လက်ဆပ်တော့မလို့လား"

"သူက သိုင်းပညာတော်တယ်။ လှလဲ သိပ်လှတယ်။ သူ့
မိန်းမကို လက်မထပ်ရင်၊ ကျုပ် ဘယ်သူ့ကို လက်ထပ်ရမလဲ
ဒါကို သဘောမတူရင်၊ မွေးရန့်အဆိပ်ကြောင့် ဒုက္ခရောက်မယ်
ဆိုတာ သူ သိနေပါတယ်။ ဆရာကြီးက အဲဒါကို သဘောမကျ
ဘူးလား"

"ကျုပ်ရဲ့ရန်သူ ကျားရဲတိုက်သခင်မ ဖြစ်လာမှာကို ကျုပ်
မလိုလားပါဘူး။ ဒါပေမယ့် သခင်လေးက သူ့ကို နှစ်သက်
တယ် ဆိုတော့၊ ကျုပ် ဘာတတ်နိုင်မှာလဲ။ သူ့ကို သခင်မအဖြစ်
လက်ခံရတော့မှာပေါ့"







အလိုက်သင့် ပြောလိုက်သော်လည်း ကျိုမူထိ၏ မျက်လုံးအစုံ
တွင် မလိုလားဟန်၊ ကြေကွဲဟန်တို့ ထင်ဟပ် ပေါ်လွင်နေလေ
၏။

*

## (၉) အပြန်အလှန်

တန်ဟန်စူးနှင့် လုံယန်းတောင် တို့သည် ခြံဝင်းကျယ်ကြီး အတွင်းမှ ခေါင်းငိုက်ချပြီး ထွက်လာကြသည်။ သူတို့မျက်နှာများက ညှိုးနွမ်းနေသလို သူတို့အိပ်များကလည်း ပြားကပ်နေသည်။

"မင်းကို ငါပြောသားပဲ။ မင်းဆတ်ဆော့လို့ ဗဲဝိုင်းကို ဝင်တာ။ အခု ရှုံးပြီ။ နှစ်ယောက်ပေါင်းမှ တစ်ပြားတောင် မရှိဘူး။ ဘာနဲ့ ထမင်းစားမလဲ။ ဘာနဲ့ အရက်သောက်မလဲ"

ဝဝရှဲရှဲနှင့် အစားအသောက် ခုံမင်ပုံရသော တန်ဟန်စူးက တဖျစ်တောက်တောက် ရေရွတ်ပြောဆိုသည်။

တန်ဟန်စူးနှင့် ဆန့်ကျင်ဘက် လေတိုက်လျှင် လဲတော့မလို ပိန်လှီလှသော လုံယန်းတောင်က စိတ်ပျက်စွာနှင့် ခေါင်းခါလိုက်သည်။

“မင်းက သိပ်စကားများတာပဲ။ ဗိုက်ရှူးလို့ စိတ်ညစ်ရတဲ့အထဲ အစားအကြောင်း ပြောနေတယ်။ စားစရာမရှိရင် မစားဘူးကွာ။ သောက်စရာမရှိရင် မသောက်ဘူး ဘာဖြစ်လဲ”

“ဟ.... ဘယ်ဖြစ်မလဲ။ ဒီဗိုက်က ဆာမှာပေါ့။ ပြောရင်းဆိုရင်း အခုတောင် ဆာလာပြီ။ အခုအတိုင်းဆိုရင် ဒီမနက်စာတော့ ငတ်မှာ သေချာပါတယ်”

“ဒီမနက်စာ ကောင်းကောင်းမွန်မွန် စားချင်ရင် ကျုပ်ခိုင်းတဲ့ အလုပ်တစ်ခုကို လုပ်ပေးပါလား။ ခိုင်းတာ လုပ်ပေးရင် ကောင်းကောင်းဆုချမယ်”

သူတို့ဖြတ်သန်းလာသည့် လမ်းဘေးသစ်ပင်တစ်ပင်အောက်မှ ပေါ်ထွက်လာသည့် အသံကြောင့် နှစ်ယောက်သား ဖြေ





လှမ်း တုန့်သွားကြသည်။ နှစ်ယောက်ပြိုင်တူ အသံပေါ်ထွက်လာရာသို့ လှမ်းကြည့်လိုက်ကြသည်။

သစ်ပင်အကွယ်မှ သန့်ပြန့်သော အညိုရောင်ဝတ်စုံဝတ်ထားသူ တစ်ယောက် ထွက်လာ၏။

“ခင်ဗျားက ဘယ်သူလဲ ကျုပ်တို့ကို ဘာခိုင်းချင်လို့လဲ”

“အဲဒါသိချင်ရင် ကိုးဆင့်ဘုံကျောင်းပျက်ကို လိုက်ခဲ့ပါ။ ခင်ဗျားတို့အတွက် ဆုငွေကောင်းကောင်းရမယ့် အလုပ်တစ်ခုရှိတယ်”

ထိုသူက စကားအဆုံးတွင် နေရာမှ လှည့်ထွက်မည်ပြုသည်။ အခွင့်ကို လက်လွှတ်မခံနိုင်သော တန်ဟန်စူးက ရှေ့သို့တိုးထွက်လာပြီး....

“နေပါဦး”

“ခင်ဗျား ဘာပြောချင်လို့လဲ”

“ကျုပ်တို့ ဘာလုပ်ရမယ်ဆိုတာ အရင်ပြောပါဦး”

“ကိုးဆင့်ဘုံကျောင်းပျက်ကို ရောက်ရင် သိရမှာပဲ။ ကျုပ်နောက်က လိုက်ခဲ့ပါ”

အညိုရောင်ဝတ်ဆင်ထားသူ နေရာမှ လျင်မြန်စွာပြေးထွက်သည်။ တန်ဟန်စူးနှင့် လုံယန်းတောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ဘယ်လိုလဲ သူငယ်ချင်း။ ငါ့နှာခေါင်းထဲမှာတော့ ငွေနံ့ ကြေးနံ့ရတယ်"

"ဒီအတိုင်း နေနေတဲ့ အတူတူတော့ စမ်းကြည့်လိုက်တာပေါ့။ အရှုံးမရှိနိုင်ပါဘူး"

"ဒါဆိုရင် ကိုးဆင့်ဘုံကျောင်းပျက်ကို သွားကြမယ်"

သဘောတူညီချက် ရသည်နှင့် သူတို့နှစ်ယောက် နေရာမှ ပြိုင်တူပြေးထွက်သည်။ လျင်မြန်သော ခြေလှမ်းများဖြင့် မြို့ပြင် ဘုံကျောင်းသို့ ဦးတည်လိုက်ကြ၏။

ကိုးဆင့်ဘုံကျောင်းပျက်သည် ကျားရဲတိုက်အနီး တောင်ကုန်းပေါ်တွင် တည်ရှိသည်။

တစ်ခေတ်တစ်ခါက ခန်းခန်းနားနား ရှိခဲ့ပုံ ရသော်လည်း ယခုအချိန်တွင် အုတ်ကျိုးများ၊ သစ်တိုသစ်စများ ပွစာကျဲပြီး အပျက်အစီးပုံကြီးအဖြစ် တည်ရှိနေသည်။





အဆောင်တချို့မှာမူ အကောင်း ပကတိအတိုင်း မဟုတ်သော်လည်း ယာယီခိုနား နေထိုင်နိုင်သေး၏။

တန်ဟန်စူးတို့သည် ကိုးဆင့်ဘုံကျောင်းပျက်သို့ရောက်သည်နှင့် အမှတ်မထင်ဆိုသလိုပင် ကျားရဲတိုက်ဆီသို့ လှမ်းကြည့်မိကြသည်။

ထိုအခါ ရဂုံပိုင်းအစောင့်က ကျားရဲတိုက်နှင့်ပတ်သက်ပြီး သူတို့ ထောက်လှမ်းစုံစမ်းခဲ့သည့် အဖြစ်ကို သတိရလာ၏။

"မိတ်ဆွေတို့ ရောက်လာကြပြီကိုး"

ဘုံကျောင်းပျက်အတွင်းမှ အညိုရောင်ဝတ်စုံနှင့်လူ၏အသံကို ကြားရသည်။ တန်ဟန်စူးက ပြုံးရွှင်သော မျက်နှာနှင့်....

"ကျုပ်တို့က အလုပ်လုပ်ဖို့ စိတ်ဝင်စားကြပါတယ်။ ဘာအလုပ်လဲ ဆိုတာ ပြောပါ"

"အလုပ်က သိပ်ခဲယဉ်းတဲ့အလုပ် မဟုတ်ပါဘူး။ ခင်ဗျားတို့ လုပ်နိုင်ပါတယ်"

"ဘာအလုပ်လဲဆိုတာ ပြောပါဦး"

"ကျုပ်မေးတဲ့ မေးခွန်းကို မှန်မှန်ဖြေဖို့ပါ"

အညိုရောင်ဝတ်စုံနှင့် လူ၏ စကားကြောင့် တန့်ဟန်စူးတို့ အံ့အားသင့်သွားသည်။ သူတို့က တစ်ယောက်မျက်နှာကို တစ် ယောက် ကြည့်လိုက်ကြ၏။

"ဘယ်လိုလဲ တန့်ဟန်စူး"

"မေးခွန်းကို ဖြေရတာ မပင်ပန်းပါဘူး။ ဒါပေမယ့် ငါတို့ မသိတာကိုမေးရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်တယ်.... မသိတာမေးရင် ဒီမေးခွန်းတွေကို ဘယ် ဖြေနိုင်ပါ့မလဲ"

တစ်ယောက်နှင့် တစ်ယောက် တိုင်ပင်သလိုပြောဆိုနေသည့် တန့်ဟန်စူးတို့အား ကြည့်ပြီး၊ အညိုရောင်ဝတ်စုံနှင့်လူရယ်လိုက် သည်။

"ကျုပ်က ခင်ဗျားတို့ မသိတာကိုမမေးပါဘူး။ ဒီအတွက် ခင်ဗျားတို့ အရင်က ရခဲ့တဲ့ အခကြေးငွေထက် နှစ်ဆ ပိုရ မယ်။ ခင်ဗျားတို့ ဖဲခိုင်းကိုမသွားခင် ကျားရဲတိုက်နဲ့ ပတ်သက် ပြီး စုံစမ်းပေးလို့ ဘယ်လောက်ရခဲ့သလဲ"





"တစ်ယောက်ကို တစ်ရာပါ"

"ဟော့– ငါတို့က ကျားရဲတိုက်နဲ့ပတ်သက်ပြီး စုံစမ်းတာမှ မဟုတ်ဘဲ"

"အေး ဟုတ်တယ်။ ငါတို့စုံစမ်းတာ ကျားရဲတိုက်အကြောင်း မှ မဟုတ်ဘဲ"

တန့်ဟန်စူးတို့က အတိုင်အဖောက်ညီညီဖြင့် ပြောဆိုသည်။ သူတို့၏ စကားကြောင့် အညိုရောင် ဝတ်စုံနှင့်လူ ရယ်လိုက် သည်။

"ကျုပ်မေးတဲ့ မေးခွန်းတွေကို ဖြေရင်၊ ခင်ဗျားတို့ တစ် ယောက် နှစ်ရာကျပ်စီ ရမယ်။ မှန်မှန်တော့ ဖြေပါ။ လွန်ခဲ့တဲ့ သုံးရက်က ခင်ဗျားတို့ ဒီဘုံကျောင်းပျက်ကို ရောက်ခဲ့တယ် မဟုတ်လား"

"ကျွန်တော်တို့"

"အဲ့ဒီကနေပြီး ကျားရဲတိုက်ကို ကြည့်ခဲ့ကြတယ် မဟုတ် လား"

တန့်ဟန်စူးနှင့် လုံယန်းတောင်တို့ မျက်နှာတွင် ထိတ်လန့်ဟန်များ ထင်လာသည်။ သူတို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး၊ ပြေးပေါက်ကို ရှာကြ၏။

"ခင်ဗျားတို့ ထွက်ပြေးဖို့ မကြိုးစားပါနဲ့"

"ကျွန်တော်တို့"

"ဗိုး"

"ဒေါက်"

ခါးပါးလေးတစ်လက် တန်ဟန်စူးတို့ ရပ်နေသည့်အထက် ဘုံကျောင်းပျက် နံရံပေါ်တွင် စိုက်ဝင်သွားသည်။

"မှန်မှန်ဖြေရင် ဆုငွေရမယ်။ မှန်မှန်မဖြေရင် အသက်ချွေခံရမယ်"

"ဖြေ....ဖြေပါ့မယ်။ ခင်ဗျား မေးသလိုပဲ ကျွန်တော်တို့ ဒီကို ရောက်ပါတယ်"

"ဘာလုပ်ဖို့ လာတာလဲ"

"လူတစ်ယောက်နောက်ကို လိုက်ကြည့်တာပါ"





"အဲဒါ ဘယ်သူလဲ"

"ဝတ်စုံအနက် ဝတ်ထားတဲ့ လူငယ် တစ်ယောက်ပါ။ သူက ခုတလော ပျောက်ပျောက်သွားတဲ့ မိန်း လေးတွေကို ဖမ်းခေါ်တဲ့ လူပါ"

"ခင်ဗျားတို့ သေချာရဲ့လား"

"ကျွန်တော်တို့ဟာ သတင်းရောင်းတဲ့အလုပ်ကို လုပ်လာတာ ကြာပါပြီ။ မသေချာရင် မပြောပါဘူး"

"အဲဒီလူရွယ်ဟာ ဘယ်သူလဲဆိုတာ သိသလား"

"သူက ရုပ်ဖျက်ထားတဲ့အတွက် ဘယ်သူ ဘယ်ဝါဆိုတာ မသိပါဘူး။ ကျားရဲတိုက်နဲ့ ပတ်သက်မယ်လို့တော့ထင်ပါတယ်"

"ခင်ဗျားတို့ကို ဒီအကြောင်း ဘယ်သူက စုံစမ်းခိုင်းတာလဲ"

သူတို့က ချက်ချင်းမဖြေဘဲ၊ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြသည်။

"မေးတာကို ဖြေပါ"

"ကျွန်တော်တို့က ကိုယ့်အလုပ်ရှင်အကြောင်း လျှို့ဝှက်ထားဖို့ ကတိပေးထားပါတယ်"

"ကတိက ခင်ဗျားတို့ အသက်ထက်တောင် ပိုပြီး တန်ဖိုးရှိသလား"

"မရှိပါဘူး"

"ဒါဆိုရင် ကျုပ်မေးတာကို ဘာဖြစ်လို့ မဖြေတာလဲ"

ဓားပါးလေးတစ်လက်လွင့်လာပြီး၊ တန်ဟန်စူးတို့၏ ခေါင်းအထက်နားရှိ နံရံတွင် စိုက်ဝင်သွားပြန်၏။

အညိုရောင် ဝတ်စုံနှင့်လူ လက်လှုပ်သည်ကိုပင် မတွေ့ရဘဲ ဓားတစ်လက် ပျံ့ဝဲပြီး ထွက်လာသဖြင့် တန်ဟန်စူးတို့မှာ ပို၍ ထိတ်လန့် တုန်လှုပ်သွားကြ၏။

"ပြောပါ"

အညိုရောင်ဝတ်စုံနှင့်လူ၏ အသံ မာကျောခက်ထန်စွာ ပေါ်လာသည်။





"သူ....သူက....ရွှေနဂါးနန်းတော်က လူပါ"

အညိုရောင် ဝတ်စုံနှင့်လူ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ သူက လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။ ငွေအိတ်ကလေးနှစ်အိတ် တန်ဟန်စူးတို့ရှေ့သို့ ကျလာသည်။

"အဲဒါ ခင်ဗျားတို့အတွက် မေးခွန်းဖြေခပဲ"

တန်ဟန်စူးက အညိုရောင် ဝတ်စုံနှင့်လူအား ဦးညွှတ်၍ အရိုအသေပြုပြီး....

"ကျေးဇူးတင်ပါတယ်"

ကြမ်းပြင်ပေါ် ကျနေသည့် ငွေအိတ်နှစ်အိတ်ကို ကောက်ယူလိုက်သည်။

"ခင်ဗျားတို့ ဆုငွေရပြီမဟုတ်လား သွားကြပေတော့"

"ဟုတ်....ဟုတ်ကဲ့။ နောင်ကိုလဲ သိချင်တာရှိရင် ခေါ်မေးပါ ခင်ဗျာ"

အညိုရောင်ဝတ်စုံနှင့်လူထံမှ တုန့်ပြန်စကားသံကို မကြားရ။

တန်ဟန်စူးတို့ နှစ်ယောက်သည် ငွေအိတ်တစ်အိတ်စီ ကိုင်ပြီး၊ ဘုံကျောင်းပျက်ထဲမှ ထွက်သည်။

ထိုအချိန်မှာပင် ခေါင်းပေါ်နှစ်လက် လွင့်ထွက်လာပြီး၊ သူတို့၏ ကျောပြင်ထဲ စိုက်ဝင်သွား၏။

"ဝှီး"

"အွန့်....အား"

တန်ဟန်စူးတို့ နှစ်ယောက်စလုံး ဘုံကျောင်းပျက် ကြမ်းပြင်ပေါ် မှောက်ကျသွားသည်။

သူတို့၏ မျက်လုံးအစုံမှာ မယုံနိုင်ဟန်၊ အံ့သြဟန်ဖြင့် ပြူးကျယ် ဝိုင်းစက်နေ၏။

အညိုရောင်ဝတ်စုံနှင့်လူ ရှေ့သို့ထွက်လာသည်။

သူက ကြမ်းပြင်ပေါ် ကျနေသည့် ငွေအိတ် နှစ်အိတ်ကို ကောက်ယူလိုက်၏။





"ကျားရဲတိုက်အကြောင်း စုံစမ်းတဲ့လူဟာ ဆုငွေရပေမယ့် အဲဒီဆုငွေကို သုံးစွဲဖို့ အခွင့်အရေး မရနိုင်ပါဘူး"

*

မြို့လယ်ခေါင်ရှိ ကွက်လပ်တွင် လူတွေ ဝိုင်းအုံနေ၏။ အားလုံးက တစ်စုံတစ်ရာကို ဝိုင်းအုံကြည့်ရှုနေပြီး၊ တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြသည်။

"သူတို့က ဖဲသမားလူရှုပ်တွေပဲ။ သူတို့ကို သတ်ချင်တဲ့ လူတွေ အများကြီးရှိတယ်။ ရန်သူတစ်ယောက်ယောက်က သူတို့ကို သတ်သွားတာ နေမှာပေါ့"

"သူတို့နဖူးမှာ ခေါင်းနဲ့ခြစ်ပြီး၊ စာရေးထားတာ မတွေ့ဘူးလား။ ရွှေနဂါးအမိန့်ဆိုတဲ့ စာလေ။ သူတို့ ရွှေနဂါးနန်းတော်ရဲ့ ကိစ္စတစ်ခုခုကို ဝင်စွက်မိလို့ အသတ်ခံရတာ ဖြစ်မယ်"

"ရွှေနဂါးနန်းတော်က သခင်ကြီး ကျူမင်းရဲ ဆုံးသွားတာနဲ့ ပျက်စီးသွားပြီ။ အခု ရွှေနဂါးနန်းတော် သခင်လေးဟာ လူငယ်သလို လုပ်တဲ့အလုပ်တွေကလဲ တော်တော်ဆိုးဝါးတယ်"

"ဟုတ်တယ်။ သူက မိန်းကလေးတွေကို ဖမ်းခေါ်တဲ့အပြင် အခု လူပါသတ်နေပြီ။ ဒါဟာ ရွှေနဂါး နန်းတော်ရဲ့ အစဉ်အလာကို ချိုးဖောက်တာပဲ။ ရွှေနဂါးနန်းတော်ဟာ အခုလို မကောင်းမှုတွေနဲ့ ဘယ်တုန်းကမှ မပတ်သက်ခဲ့ဘူး"

တစ်ယောက်တစ်ပေါက် ဝေဖန် ပြောဆိုနေသည့် စကားများတွင် ရွှေနဂါးနန်းတော်သည် အဓိက ပါဝင်နေ၏။

ကောင်းသတင်းဖြင့် ကျော်ကြားခဲ့သည့် ရွှေနဂါးနန်းတော်သည် နာမည်ပျက် စာရင်းဝင်အဖြစ်သို့ ပြောင်းလဲစ ပြုနေပြီဖြစ်၏။

အပြာရောင်ဝတ်စုံ ဝတ်ထားသည့် လူတစ်ယောက်သည် ဝိုင်းအုံနေသူများကို တိုးဝှေ့ပြီး၊ အလောင်းနှစ်လောင်း ရှိနေရာသို့ ဝင်လာသည်။

ထိုသူက မြေပြင်ပေါ် ပက်လက်လန်လျက်ကျ သေဆုံးနေသည့် တန်ဟန်စူးတို့အား ကြည့်သည်။

သေဆုံးနေသူ နှစ်ယောက်၏ ကျောပြင်တွင် နဂါးဓားများ စိုက်ဝင်နေသည်ကို တွေ့လိုက်ရ၏။

"ဟင်....ဟိုဟာ နဂါးဓား မဟုတ်လား"





"ဟုတ်တယ် အဲဒါ နဂါးဓားဘဲ"

"ဒါဆိုရင် သူတို့ကို နဂါး နန်းတော်က သတ်ဖြစ်တာ ထင်ရှားနေပြီပေါ့"

"တစ်ယောက်ယောက်က နဂါး နန်းတော်ကို နာမယ်ဖျက်တာလဲ ဖြစ်နိုင်တာပဲ"

"ဘယ်သူက အဲသလိုလုပ်မှာလဲ။ ဒီနယ်မှာ နဂါး နန်းတော်ကို ထိပါး စော်ကားရဲတဲ့ လူရှိလို့လား"

အပြာရောင်ဝတ်စုံနှင့် လူသည် တန်ယန်စူးတို့အား ကြည့်ရင်း တစ်ယောက်တစ်ခွန်း ပြောဆိုနေသည့် စကားများကို နားထောင်သည်။

"ဖယ်ကြစမ်း၊ ဖယ်ကြစမ်း၊ခင်ဗျားတို့ ဘာဝိုင်းကြည့်နေတာလဲ၊ လူသတ်မှုမှာ သက်သေလိုက်ချင်ကြလို့လား"

အော်ဟစ်ပြောဆိုသံနှင့် အတူ မြို့စား၏ ကိုယ်ရံတော်တပ်ဖွဲ့ဝင်အချို့ ဝိုင်းအုံကြည့်ရှုနေသူများကို တွန်းထိုး၍ အလောင်းနှစ်လောင်းရှိရာသို့ ရောက်လာကြသည်။

အပြာရောင်ဝတ်စုံနှင့် လူသည် ကိုယ်ရံတော် တပ်ဖွဲ့ဝင်များ ရောက်လာသည်နှင့် နေရာမှ ခွာသည်။ ဝိုင်းရံနေသူများကို ဟိုး ဝှေ့ပြီး အပြင်သို့ ထွက်လိုက်၏။

သူက ပတ်ဝန်းကျင်ကို လျှင်မြန်စွာ တစ်ချက်ကြည့်ပြီး မြို့အရှေ့ဘက် စူးစူးသို့ သုတ်ခြေတင်လျှောက်ခဲ့သည်။

အပြာရောင်ဝတ်စုံနှင့် လူ၏ မျက်နှာတွင် အံ့သြတုန်လှုပ်ဟန်၊ မကျေနပ်ဟန် အရိပ်တွေ ထင်နေသည်။

အပြာရောင်ဝတ်စုံနှင့် လူ မြို့အရှေ့ဘက်ရှိ ခြံဝင်းတဝင်းရှေ့သို့ ရောက်လာသည်။ သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး ထိုခြံဝင်း အတွင်းသို့ ဝင်သည်။

ခြံဝင်းအတွင်း၌ ခန့်ငြားထယ်ဝါသော အိမ်တစ်လုံးရှိသည်၊ အပြာရောင်ဝတ်စုံနှင့် လူမှာ ထိုအိမ်ရှိရာသို့ လျှောက်ခဲ့သည်။

အိမ်ရှေ့သို့ အရောက်တွင် သူက ခြေလှမ်းများကို ရပ်တန့်လိုက်၏။

"ဘဘယန်း ပြန်လာပြီလား"

အိမ်အတွင်းမှ ကြည်လင်စူးရှသော အသံတစ်သံပေါ်ထွက်လာသည်။ ရပ်ဖျက်ပြီး အပြာရောင်ဝတ်စုံ ဝတ်ထားသည့် ချူးယန်းက....





"ကျုပ် ပြန်လာပါပြီ သခင်လေး"

အိမ်ထဲမှ ကြားသာယုံ ပြောလိုက်လေ၏။

*

ချူးယန်းသည် ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နေသော ကျူမင်းယုံ၏ ရှေ့တွင်ရပ်လိုက်သည်၊

သူက ကျူမင်းယုံ၏ ဘေးတွင် ထိုင်နေသော လူဝဝကြီးကို တစ်ချက်ကြည့်၏။

ထိုလူဝကြီးမှာ ကူအန်ရွာတွင် စားသောက်ဆိုင်ဖွင့်ထားသော ဝမ်ပင်ဖြစ်သည်။

သူက ရွှေနဂါး နန်းတော်သို့လာရင်း ကျူမင်းယုံ ဟုစန်းမြို့သို့ အလာတွင် လိုက်လာခဲ့ခြင်းဖြစ်၏။

"ဘာထူးသလဲ ဘဘယန်း"

"ကျုပ်က ကျားရဲတိုက်နဲ့ ပတ်သက်ပြီး စုံစမ်းခိုင်းလိုက်တဲ့ ဗဲသမားနှစ်ယောက် သေသွားပါပြီ သခင်လေး၊ သူတို့ နဖူးမှာ ရွှေနဂါး အမှိန့်ဆိုတဲ့စာကို ဓားနဲ့ခြစ်ပြီး ရေးထားတယ်။ ပြီးတော့ သူတို့ကျောမှာ စိုက်နေတဲ့ ဓားတွေကလဲ ရွှေနဂါး ဓားတွေ ဖြစ်နေတယ်"

"ဒါ ကျားရဲတိုက်က လူတွေရဲ့ လက်ချက်ဖြစ်မှာပဲ"

"ဘဘသဲ အဲသလိုပဲ ထင်ပါတယ်၊ ကျားရဲတိုက်ကို အနက်ရောင်ဝတ်ထားတဲ့ လူငယ်တစ်ယောက် ရောက်နေတယ်လို့ သတင်းပေးတွေက ပြောတယ်။ အဲဒီလူငယ်ဟာ မိန်းကလေး တစ်ယောက်ကို ဖမ်းဆီးသွားတာ သူတို့ တွေ့ခဲ့တယ်လို့ ဆိုတယ်"

"အဖမ်းခံရတဲ့ မိန်းမက ဘယ်သူလဲ"

"အဲဒါကိုတော့ သူတို့ သေသေချာချာ မ ပြောနိုင်ဘူး၊ ချော မောလှပတဲ့ မိန်းမတစ်ယောက်ဆိုတာပဲ သိကြတယ်"

ချူးယန်း၏ စကားကို နားထောင်ရင်း ကျူမင်းယုံ၏ မျက်နှာထား တည်သွားသည်။ သူ၏ မျက်လုံးအစုံမှာ ဒေါသ အရောင်တွေ လက်လာ၏။





"ဒီကိစ္စကို မြန်မြန်ဖြေရှင်းမှ ဖြစ်မယ် ဘဘယန်း၊ မိန်းကလေးတွေကို သူက ဘယ်နေရာမှာ ဝှက်ထားသလဲဆိုတာ စုံစမ်းပါ။ ပျောက်နေတဲ့ မိန်းကလေးတွေကို ပြန်တွေ့ပြီးရင် ကျုန်တော် ကျားရဲတိုက်ကို စိန်ခေါ်လိုက်တော့မယ်"

*

## (၁၈) အကျဉ်းသား

ကျီမုထိသည် ချောမောလှပသော ပိုင်ရှင်းလွမ်း၏ မျက်နှာကို ငေးမောလျက်ကြည့်သည်။ မုန်းတီးခြင်း ပြည့်သိပ်နေသော ပိုင်ရှင်းလွမ်း၏ မျက်ဝန်းအကြည့်ကြောင့် ရင်ထဲမှာ ထိခိုက်ကြေကွဲသွားမိရ၏။

ပိုင်ရှင်လွမ်းက ယောကျ်ား ပီသခန့်ငြားသော ကျီမုထိ၏ မျက်နှာကို ကြည့်ပြီး မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က ပညာခြင်းပြိုင်လို့ မနိုင်တော့ ကျွန်မကို အကောက်ကြံတာ မဟုတ်လား၊ ဟိုလူယုတ်မာလေးက ကျွန်မကို မွေးရန့် အဆိပ်နဲ့ လုပ်ကြံတယ်။ ဒီအဆိပ်တွေ ရှင့်ဆီကလဲလို့ တခြားဘယ်သူ့ဆီကမှ မရနိုင်ဘူး၊ ရှင်ဘာဖြစ်လို့ အခုလို မိန်းမညာဏ်နဲ့ အကောက်ကြံရတာလဲ"

ကျိုမုထိက ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်၏။

"မင်း.... ကျုပ်ကို အထင်လွဲနေပြီ"

ပိုင်ရှင်းလွမ်း ရယ်လိုက်သည်။

"ဒါလောက် အဓိပ္ပါယ်ရှင်းနေတာ ရှင်က အထင်လွဲတယ်လို့ ပြောရသေးသလား။ ဟိုလူယုတ်မာလေးက ကျွန်မကို သူနဲ့ လက်ထပ်ရမယ်လို့ လာခြိမ်းခြောက်တယ်။ ကျွန်မ ရုပ်ပျက်ဆင်းပျက်နဲ့ မသေချင်ဘူး။ ဒါပေမယ့် သူ့လို လူယုတ်မာရဲ့ မယားဖြစ်တာထက်စာရင် သေလိုက်တာက ကောင်းပါတယ်"

ကျိုမုထိ၏ မျက်နှာတွင် စိုးရိမ်ဟန်တွေ ထင်သွား၏။

သူက တောင်းပန်ဟန် တားဆီးဟန်ဖြင့် ပိုင်ရှင်းလွမ်းကို ကြည့်သည်။ ပိုင်ရှင်းလွမ်းက စိတ်ထိခိုက်စွာဖြင့် သူ့ရင်ခွင်တွင် ပိုက်ထားသည့် ဓောင်းကို တစ်ချက်တီး ခတ်လိုက်သည်။





မိုးထစ်ချုံးသံနှင့် တူသော ဂီတသံက ပြင်းထန်စူးရှစွာ ပေါ်လာသည်။

ပြင်းထန်သော အသံလှိုင်း၏ ရိုက်ခတ်မှုကြောင့် ကျိုမုထိ၏ ကိုယ်ခန္ဓာ တုန်သွားသည်။

"ကျွန်မ ရှင့်ကို ဓောင်းသံနဲ့ တိုက်ခိုက်တော့မယ်၊ ရှင်အတွင်းအားထုတ်ပြီး ခုခံပါ"

"နေပါဦး"

"ရှင် ဘာညာဏ်များဦးမလို့လဲ၊ အဆိပ်မိထားပေမယ့် ကျွန်မက အသံ့ခံလိုမ့်မယ်လို့ မထင်ပါနဲ့"

"ကျုပ်ပြောတာကို နားထောင်ပါဦး၊ ပြီးရင် မင်းကြိုက်သလိုလုပ်ပါ"

ကျိုမုထိက စကားပြောရင်း လက်တစ်ဖက်ကို ဆက်ခနဲခါလိုက်သည်။ စူးစူးဝါးဝါး နံစော်သော အနံ့တစ်မျိုး ပျံ့လွင့်သွား၏။ ထိုအနံ့ကြောင့် ပိုင်ရှင်းလွမ်း ရင်တိုက်သွားပြီး အသက်ရှူအောင့်ထားလိုက်သည်။ သို့သော် ပုပ်အဲ့အဲ့နိုင်သော အနံ့ကို ရှူမိပြီးသွားပြီဖြစ်၍ ရင်ထဲတွင် အော်ဂလီဆန်လာ၏။

"ရှင်.... ရှင် လူယုတ်မာ"

"မင်းကျုပ်ကို အထင်လွဲပါနဲ့"

"ရှင့်ကို ကျွန်မ မုန်းတယ်"

ပိုင်ရှင်းလွှမ်းက ဒေါသနှင့် ပြောရင်း ဝေါခနဲအံချလိုက်သည်။ အံ့နေရင်းမှ သူရင်ဘတ်ကို သူ့လက်ဖြင့် ဖိထား၏။

"အမလေး ပူလိုက်တာ"

စိုးရိမ်မကင်းဖြစ်နေသော ကျိုမုထိ၏ မျက်နှာ တဖြည်းဖြည်း ပြုံးလာသည်။ ပိုင်ရှင်းလွှမ်းသည် အဆက်မပြတ် အံလိုက်ပြီးနောက် မီးတောက်တော့မည့်နှယ် အရောင်လက်နေသော မျက်လုံးအစုံဖြင့် ကျိုမုထိအား ကြည့်သည်။

"ရှင် သိပ်ယုတ်မာတယ်"

"ကျုပ်"

"ရှင့်ကို ကျွန်မ သတ်မယ်"

ပိုင်ရှင်းလွှမ်းက စကားအဆုံးတွင် လက်တစ်ဖက်ကို မြှောက်ပြီး ကျိုမုထိအား ရိုက်ချလိုက်၏။ ကျိုမုထိက ပိုင်ရှင်းလွှမ်း၏ ရိုက်ချက်ကို ခုံခံခြင်း မပြု၊ ရှောင်တိမ်းခြင်း မပြုဘဲ ငြိမ်ခံနေ၏။





ရိုက်ချက်က သူ့ရင်ဘတ်တည့်တည့်သို့ကျလာရာမှ လမ်းကြောင်းပြောင်းပြီး သူ့ပခုံးပေါ်သို့ ရောက်သွားသည်။

"ဝုန်း"

ထိုင်နေသော ကျိုမူထိ၏ ခန္ဓာကိုယ် နောက်သို့လှန်ကျသွားသည်။ သူသည် ပြန်ထထိုင်ရန် ကြိုးစားရင်း ချောင်း ဟွတ်ဟွတ်ဆိုးပြီး သွေးများ ဝေါခနဲ အန်ချလိုက်၏။

"မင်း– ကျေနပ်ပြီလား....။ မကျေနပ်သေးရင် ကျုပ်ကို ထပ်ရိုက်ပါ။ အခု– မင်းမှာ ဘာအဆိပ်မဝဒနာမှ မရှိတော့ဘူး။ မွေးရန့်အဆိပ်ကို ကျုပ်က ဖြေပေးလိုက်ပါပြီ။ မင်း– စောစောက အန်လိုက်တဲ့အထဲမှာ အဆိပ်တွေ ပါသွားပြီ။ ဒီအဆိပ်က မင်းကို ဒုက္ခမပေးနိုင်တော့ပါဘူး"

ပိုင်ရှင်းလွှမ်း၏မျက်နှာတွင် ထူးခြားသော အရိပ်တွေ ထင်သွား၏။ သူက သံသယအ ကြည့်ဖြင့် ကျိုမူထိကို ကြည့်သည်။

ကျိုမူထိမှာ ပိုင်ရှင်းလွှမ်း၏ရိုက်ချက်ကြောင့် အတွင်းဒဏ်ရာရသွားသဖြင့် အတွင်းအား လေ့ကျင့်ပြီး၊ ထို အတွင်းဒဏ်ကို ကုစားနေသည်။

ပိုင်ရှင်းလွှမ်းသည် ကျိုမူထိအား အတန်ကြာအောင်စူးစိုက်ကြည့်နေသည်။ အဆိပ်ဖြေပေးလိုက်ပြီဆိုသည့် ကျိုမူထိ၏စကားကို သူ့စိတ်ထဲတွင် မယုံမရဲဖြစ်နေ၏။

သူက တခဏအကြာတွင် မယုံမရဲနှင့် အတွင်းအားကို စတင်လှည့်ပတ်ကြည့်သည်။

မေ့ရန် အဆိပ်မိထားစဉ်ကကဲ့သို့ အတွင်းအားထုတ်လျှင် သူ့ရင်ဘတ်၌ စူးခနဲ အောင့်ခနဲ ဖြစ်သွားတတ်သည့်ခံစားချက်မျိုး မပေါ်ပေါက်တော့ပေ။

ပိုင်ရှင်းလွှမ်းသည် အတွင်းအားလေ့ကျင့်ပြီး အတွင်းဒဏ်ကို ကုနေသော ကျိုမူထိအား အကဲခတ်ရင်း၊ ရင်ထဲတွင်ထိထိခိုက်ခိုက် ခံစားမှုတွေ ပေါ်လာသည်။

'စောစောက မခံနိုင်အောင် နံစော်တဲ့အနံ့ရလိုက်တာဟာ အဆိပ်ဖြေတာလား မသိဘူး။ သူ့အပေါ် ငါ ရက်ရက်စက်စက် လုပ်မိတာ မှားပြီထင်တယ်'

ပိုင်ရှင်းလွှမ်း စိတ်လှုပ်ရှားစွာဖတွေးနေဆဲတွင် ကျိုမူထိထံမှ သက်ပြင်းချသံပေါ်လာ၏။ သူက မျက်လုံးအစုံကို မှေးမှိတ်ထားရာမှ ဖြည်းညှင်းစွာ ဖွင့်ကြည့်သည်။

"ရှင်– သက်သာသွားပြီလား"

မမျှော်လင့်ဘဲ ပိုင်ရှင်းလွှမ်းထံမှ သိမ်မွေ့စွာ မေးလိုက်သံပေါ်လာသဖြင့် ကျိုမူထိ အံ့ဩသွားပုံရသည်။





သူက အရောင်တဖျပ်ဖျပ်လက်နေသော မျက်လုံးအစုံဖြင့် ပိုင်ရှင်းလွှမ်းအား ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ရှင်.... ကျွန်မကို ဘယ်အချိန်က အဆိပ်ဖြေပေးတာလဲ"

"မေ့ရန့်အဆိပ်ကို အပုပ်နံ့ဖြေဆေးနဲ့ ဖြေရတယ်။ အပုပ်နံ့ရပြီး မင်းအန်လိုက်တော့၊ အန်တဲ့အထဲမှာ အဆိပ်တွေပါသွားတယ်။ မင်း အတွင်းအားလေ့ကျင့်ပြီး စမ်းသပ်ကြည့်ပါပါလား။ မေ့ရန့်အဆိပ်ဟာ ချက်ချင်း ဒုက္ခပေးတဲ့ အဆိပ်မဟုတ်ဘူး။ နှစ်ရှည်လများ ခံစားရပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်စေတဲ့ အဆိပ်။ ဒါပေမယ့် အတွင်းအားထုတ်ရင် ရင်ဘတ်ထဲအောင့်သွားတတ်တယ်။ ခဏခဏ အဲသလိုဖြစ်ပြီး နောက်တော့ အတွင်းအားထုတ်လို့ မရတော့ဘူး။ အခု မင်းကိုယ်မှာအဆိပ်မရှိတော့ဘူး။ မင်း အတွင်းအား ထုတ်သုံးလို့ ရပါပြီ"

ပိုင်ရှင်းလွှမ်း၏ ရင်ထဲတွင် ရှင်းလင်းစပြုလာသည်။ သူ့မျက်လုံးအစုံမှ မုန်းတီးခြင်းအငွေ့အသက်တွေ လွင့်ပါးပျောက်ကွယ်လာ၏။

"ကျွန်မ စိတ်ဆိုးပြီး ရှင့်ကိုရိုက်လိုက်တော့ ရှင် ရှောင်နိုင်ရဲသားနဲ့ ဘာဖြစ်လို့ မရှောင်တာလဲ။ ကျွန်မကို အထင်သေးလို့လား"

ကျိုမူထိက ကြေကွဲစွာပြုံးပြီး ခေါင်းခါပြလိုက်သည်။

"ညီမကို အစ်ကိုကြီး ဘယ်တုန်းကမှ အထင်မသေးခဲ့ပါဘူး။ အခုဆိုရင် ညီမက အစ်ကိုကြီးနဲ့တွေ့တိုင်း လိုင်းပညာ ပြိုင်ခဲ့တာ ဆယ်နှစ်ရှိသွားပါပြီ။ တစ်ခါမှ တစ်ယောက်ကို တစ်ယောက် မနိုင်သေးဘူး။ အတွင်းအားပညာမှာ အစ်ကိုကြီး ညီမကို မရှိ ပါဘူး။ ဆရာက အစ်ကိုကြီးကို ဆေးပညာနဲ့ အဆိပ်ပညာမှာ ပညာကုန် သင်ပေးခဲ့သလို၊ အတွင်းအားပညာကျတော့ ညီမကို ပညာကုန် သင်ပေးခဲ့တယ်။ ဒီအကြောင်းကို အစ်ကိုကြီးအကြိမ် ကြိမ် ပြောခဲ့ပြီးပါပြီ။ ဒါပေမယ့် ညီမက လက်မခံဘူး"

"ညီမ အစ်ကိုကြီးကို အထင်လွဲခဲ့ပါတယ်"

ပိုင်ရှင်းလွမ်း၏မျက်နှာမှာ ဒေါသအရိပ်အယောင်များ ပြေ ပျောက် လွင့်စင်ပြီး ကြည်လင်လာ၏။ ပိုင်ရှင်းလွမ်း၏ အမူ အယာကို ကြည့်ပြီး ကျိုမူထိ စိတ်ချမ်းသာသွားပုံရ၏။

"အခု ညီမ အဆိပ်ပြေသွားပြီ။ ကျားရဲတိုက်သခင်ကအနိုင် ကျင့်တာကို ခံနေဖို့ မလိုတော့ဘူး။ ညီမ ဒီကနေ အမြန်ဆုံး ထွက်သွားပါ"

"ဟား ဟား ဟား ဟား ဟား"

ကျိုမူထိ၏ စကားအဆုံးတွင် စူးရှကျယ်လောင်သောရယ်သံ တစ်သံ အခန်းနံရံများကို ပဲ့တင်ရိုက်ခတ်လျက် ပေါ်လာ၏





တစ်ဆက်တည်းပင် ပိုက်ကွန်တစ်ခု လျင်မြန်စွာ ကျလာပြီး ကျိုမူထိနှင့် ပိုင်ရှင်းလွမ်း တို့အား အုပ်မိုးလိုက်သည်။

သူတို့နှစ်ယောက် ပိုက်ကွန်ထဲတွင် မလှုပ်နိုင် မရုန်းနိုင် အမိခံလိုက်ရလေ၏။

*

အုပ်မိုးထားသည့် ပိုက်ကွန်က စုစည်းလာပြီး ကျိုမူထိတို့ အား တဖြည်းဖြည်း တင်းကြပ်စွာ ရစ်ပတ်သည်။

"ဟား....ဟား.... ခင်ဗျားတို့က ကျုပ်ကို ထောင်လှန့်ဖို့ကြံစီ နေတာကိုး။ ဝမ်ဟိုးကို လွယ်လွယ်ကူကူနဲ့ ထောင်လှန့်လို့မရဘူး ဆိုတာ ခင်ဗျားတို့ သိသင့်ပါတယ်။ ကျိုမူထိ ခင်ဗျားက ကျုပ် အကြံအစည်ကို ဖျက်ဖို့ ကြံတဲ့အတွက် အပြစ်ပေးရမယ်။ ကြယ် တာရာ သခင်မကလဲ ကျုပ်ကို ငြင်းဆန်တဲ့အတွက် အပြစ်ပေး ရမယ်"

အခန်းတံခါးပေါက်တွင် လာရပ်နေသော ဝမ်ဟိုးအား တွေ့ လိုက်ရသည်။ ဝမ်ဟိုးသည် ရယ်မောရင်း ရှေ့သို့ တိုးလာ၏။

လက်ကို တစ်ချက်အလှုပ်တွင် သူ့လက်ထဲမှ ပုတီးစေ့များ လွင့်ပျံထွက်လာပြီး၊ ကျိုမူထိနှင့် ပိုင်ရှင်းလွမ်းတို့အား လာထိသည်။

အဓိက သွေးကြောနေရာကို ထိပြီး၊ ကျိုမူထိတို့နှစ်ယောက် အကြောပိတ် ခံလိုက်ရသည်။

"ကျုပ်ဟာ မကြာခင် သိုင်းလောကမှာ ထင်ရှားကျော်ကြားတဲ့ လူတစ်ယောက် ဖြစ်လာတော့မယ်။ ကျားရဲတိုက်ရဲ့ ဂုဏ်သတင်း သိုင်းလောက တစ်ခုလုံးမှာ ပျံ့နှံ့သွားလိမ့်မယ်၊ ကျုပ် အောင်ပွဲခံတဲ့အချိန်မှာ ခင်ဗျားတို့ကို ရှိစေချင်ပေမယ့် ခင်ဗျားတို့က အပြစ်ကျူးလွန်တဲ့လူတွေ ဖြစ်တဲ့အတွက် ကျုပ်အနားမှာ မရှိနိုင်တော့ဘူး"

ကျိုမူထိသည် အလွန်အမင်း ခံပြင်းဟန်ဖြင့် ဝမ်ဟိုးအား ကြည့်သည်။ ပိုင်ရှင်းလွမ်းက မုန်းတီးခြင်း ပြည့်သိပ်နေသော အကြည့်ဖြင့် ကြည့်နေ၏။

"ခင်ဗျားတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် သိပ်ကြင်နာကြတော့ နှစ်ယောက်ထဲနေရမယ့် နေရာတစ်ခုကို ကျုပ် ပို့ထားမယ်။ ကျားရဲတိုက်ရဲ့ မြေအောက်ခန်းမှာ တစ်သက်လုံး သွားနေပေတော့"





အမှတ် ၁၅/၁၃၈၊

ဝမ်ဟိုးသည် ကျိုမူထိတို့အား ပြောပြီး၊ နောက်ကျောမှ ခြေသံကြောင့် လှည့်ကြည့်သည်။ သူ့ရှိရာသို့ [illegible]လျှောက်လာနေသည့် ထုန်စွမ်းအိအား တွေ့လိုက်ရ၏။

"ဘာထူးခြားလို့လဲ ထုန်စွမ်းအိ"

"ဖဲသမားနှစ်ယောက် သေသွားပါပြီ။ သူတို့ဟာ နဂါးခါးနဲ့ အလုပ်ကြုံခံရပြီး၊ နဖူးမှာ နဂါးအမိန့်ဆိုတဲ့ စာတမ်း အထိုးခံထားရပါတယ်"

ထုန်စွမ်းအိ၏ စကားကို ကြားသည်နှင့် ဝမ်ဟိုး အားရပါးရ ရယ်မောလိုက်သည်။

"သေပုံ သေနည်းကတော့ သိပ်ကောင်းတယ်။ မသေခင် သူတို့ဆီက ဘာသတင်း ရသေးသလဲ"

"သူတို့ကို နဂါးနန်းတော်ကလာတဲ့လူ သတင်းစုံစမ်းခိုင်းတယ်လို့ ပြောပါတယ်။ သူတို့က အနယ်နယ်အရပ်ရပ်က မိန်းကလေးတွေကို ဖမ်းဆီးတဲ့ အနက်ရောင်ဝတ်လူရွယ် ကျားရဲတိုက်ထဲ ဝင်သွားလို့ စောင့်ကြည့်နေကြတာလို့ ပြောကြတယ်"

"ဟား....ဟား....ဒါဆို နဂါးနန်းတော်က သတင်းရသွားပြီပေါ့"

"ဟုတ်ပါတယ် သခင်လေး။ အဲဒီအတွက် နဂါးနန်းတော်က စိန်ခေါ်စာ ပို့လိုက်ပါတယ်"

"ဘယ်တုန်းကပို့တာလဲ။ အဲဒီစာ ဘယ်မှာလဲ"

"ကျွန်တော် ကျားရဲတိုက်ကို ပြန်လာတဲ့အချိန်မှာ လူငယ်လေး တစ်ယောက်က လာပို့သွားပါတယ်။ စာက ဒီမှာပါ"

ထုန်စွမ်းအိက သူ့အင်္ကျီထဲမှ စာတစ်စောင်ကို ထုတ်ယူပြီး ဝမ်ဟိုးအား ပေးလိုက်သည်။

ဝမ်ဟိုးက ထိုစာကို လျင်မြန်စွာ ဖတ်ရှု၏။ စာကို ဖတ်ပြီးသည်နှင့် သူက ဟားတိုက်၍ ရယ်မောလိုက်သည်။

"သူက နောက်သုံးရက်အကြာ ကျောက်စက်ဘာတောင်မှာ ကျုပ်နဲ့တွေ့ဖို့ ချိန်းဆိုလိုက်တယ်။ နဂါးနန်းတော် သခင်လေးတဲ့။ ဟား....ဟား....ဟား....ဟား.... ဘယ်သူက သခင်အစစ်လဲဆိုတာ အဖြေပေါ်တော့မှာပေါ့။ ထုန်စွမ်းအိ ဒီနှစ်ယောက်ကို မြေအောက်ခန်းထဲ ပို့ထားလိုက်ပါ။ သူတို့ကို နေ့စဉ် အစာအသောက် မှန်မှန်ပို့ပြီး၊ မသေအောင်ထားပါ။ မြေအောက်ခန်းထဲမှာ ကြင်ကြင်နာနာနဲ့ နေပါစေ"





"အခုပဲ သူတို့ကို မြေအောက်ခန်းထဲ ပို့ထားလိုက်ပါ့မယ် သခင်လေး"

"ကောင်းတယ်။ ကောင်းတယ်။ မြန်မြန်ပို့လိုက်၊ ကျားရဲတိုက် သခင်ကို ဆန့်ကျင်တဲ့အရသာဟာ ဘယ်လိုရှိတယ်ဆိုတာ၊ သူတို့ သိသွားစေချင်တယ်။ ပြီးရင် နောက်သုံးရက်မှာ တွေ့ဆုံရမယ့် တိုက်ပွဲအတွက် တိုင်ပင်ကြတာပေါ့"

*

## (၁၁) တိုက်ပွဲ

လေသည် ပြင်းပြင်းထန်ထန် တိုက်ခတ်နေသည်၊ ပြင်းထန်သော လေအဟုန်ကြောင့် ကျောက်ဝက်ဘာတောင်ပေါ်တွင် ဖုန်မှုန်သဲမှုန်တို့ မြင်ကွင်းတစ်ခုလုံးကို ပိတ်ဆို့မတတ် လွင့်ပါးနေသည်။

ကျူမင်းယုံသည် ကျောက်ဝက်ဘာတောင်ပေါ်ရှိ ကျောက်ကလပ်ပေါ်တွင် တည်ငြိမ်စွာရပ်နေသည်။ သူ၏ အနက်ရောင်ဝတ်စုံ အနားစတို့မှာ လေအဟုန်တွင် တလွင့်လွင့်ပါနေ၏။

တဝုန်းဝုန်းနှင့်တိုက်ခတ်နေသည့် လေအဟုန် တဖြည်းဖြည်း ငြိမ်သက်လာသည်။ လွင့်ပါးနေသည့် ဖုန်မှုန့်သဲမှုန့်တို့ကင်းစင်စ ပြုလာ၏။

ကျူမင်းယုံသည် တောင်ပေါ်သို့ တက်သည်။ လမ်း တစ်လျှောက်သို့ ကြည့်လင်စူးရှသော မျက်လုံးအစုံဖြင့် လှမ်းကြည့်နေသည်။ လမ်းတစ်လျှောက်တွင် လှုပ်ရှားမှုတစ်စုံတစ်ရာကိုမှ မတွေ့ရသေးပေ။

တိုက်ခတ်နေသည့်လေက တဖြည်းဖြည်းငြိမ်သက်သွားသည်၊ ကျောက်ဝက်ဘာတောင်ပေါ်တွင် ရှားရှားပါးပါးပေါက်နေသော သစ်ပင်ကြီးတစ်ပင်ပေါ်မှ ငှက်တစ်ကောင်၏ တေးဆိုသံကို ကြားရ၏။

ထိုငှက်ငယ်၏ တေးသံမှအပ ကျောက်တောင် ပေါ်တွင် အခြား အသံဗလံမရှိဘဲ ငြိမ်သက်နေသည်။

အနက်ရောင်ဂဝတ်စုံဝတ်ထားသော ကျူမင်းယုံမှာ ကျောက်ရုပ် တစ်ရုပ်အလား လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်စွာ ရပ်နေသည်။

သူ့လက်တစ်ဖက်က ခါးတွင် ချိတ်ဆွဲထားသည့် ရတနာဓားကို ဆုပ်ကိုင်ထားလျက်ရှိ၏။





အဝေးဆီမှ မြင်းခွာသံကို ကြားရသည်။ ကျူမင်းယုံ၏ မျက်လုံးအကြည့် အသံထွက်ပေါ်လာရာဘက်သို့ လှည့်သွား၏။

ကျောက်ဝက်ဘာတောင်အောက်ဘက်လမ်းအတိုင်းအပြင်း စိုင်းနှင်လာသော မြင်းတစ်စီးကို တွေ့ရသည်။

မြင်းပေါ်တွင် အနက်ရောင်ဝတ်ဆင်ထားသောလူရွယ်တစ်ယောက် စီးနှင်းလိုက်ပါလာ၏။

ကျူမင်းယုံသည် ကျောက်ဝက်ဘာတောင်သို့ လျင်မြန်စွာ ချဉ်းကပ်လာနေသော မြင်းနှင့် မြင်းစီးရှင်ကို တည်ငြိမ်စွာ စူးစိုက်ကြည့်နေသည်။ သူကြည့်နေဆဲမှာပင် မြင်းက တဖြည်းဖြည်း နီးပြီး၊ ကျောက်တောင်ခြေရင်းသို့ ရောက်လာ၏။

ကျောက်တောင်ခြေရင်းတွင် အပြင်းစိုင်းနှင်လာသည့်မြင်း ရပ်သွားသည်။

မြင်းပေါ်မှ လူရွယ် ခုန်ဆင်းပြီး ကျောက်တောင်ပေါ်သို့ လျင်မြန်စွာ ပြေးတက်လာသည်။

အပြေး တက်လာနေသော လူရွယ်၏ ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း ကြည့်နေရင်းမှ ကျူမင်းယုံ သိလိုက်သည်။

ကျောက်ဆောင် ကျောက်တုံးများကြားမှ ခုန်ပျံပြေးလွှားလာသည့် အနက်ရောင်သဏ္ဌာန် ကျူမင်းယုံရှိနေသော ကျောက်ကလပ်ပေါ်သို့ ရောက်လာသည်။

အနက်ရောင် ကိုယ်ကြပ်ဝတ်စုံဝတ်ထားပြီး ခါးတွင် မည်းနက်သော ဓားအိမ်နှင့် ဓားတစ်လက် ချိတ်ဆွဲထားလျက်၊ သူ့ကို နဖူးမှာ ဖဲကြိုးအနက် စည်းထားသည့် လူရွယ်က ကျောက်ကလပ်ပေါ်သို့ ရောက်ရောက်ချင်း ကျူမင်းယုံအား ဂါရဝပြုလိုက်သည်။

"ကျုပ် ကျားရဲတိုက်သခင် ဝမ်ဟိုးက ဂါရဝပြုပါတယ်"

သူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်သော ဝမ်ဟိုးအား ကြည့်ရင်း ကျူမင်းယုံ၏ ရင်တွင် ထူးထူးခြားခြား လှုပ်ရှားသွား၏။

ငယ်ရွယ်ပြီး ရုပ်ရည် ချောမောသော ဝမ်ဟိုးသည် နဂါးနန်းတော်၏ ဂုဏ်သတင်း ညှိုးမှိန်အောင် လုပ်နေသူ ဟုတ်ပါ့မလားဟု သံသယဖြစ်လာမိ၏။

"ရွှေနဂါးနန်းတော် သခင်လေးက ကျုပ်ကို ဘာကြောင့် ဖိတ်ခေါ်သလဲဆိုတာ သိပါရစေ"





ဝမ်ဟိုး၏ နောက်ဆက်တွဲစကားကိုအကြားတွင် ကျူမင်းယုံ၏ ကိုယ် ဆတ်ခနဲ တုန်သွားသည်။ သူက အေးစက်စက်နိုင်သောအကြည့်ဖြင့် ဝမ်ဟိုးအား ကြည့်လိုက်ပြီး....

"ခင်ဗျား ဘာကြောင့် ရွှေနဂါးနန်းတော်ရဲ့ နာမည်ကို အလွဲသုံးစား လုပ်နေသလဲဆိုတာ ကျုပ်သိချင်တယ်"

ဝမ်ဟိုးက အဓိပ္ပာယ်ရှာရခက်သောအကြည့်ဖြင့် ကျူမင်းယုံကို ကြည့်သည်။ သူက တစ်ချက်ရယ်လိုက်ပြီး....

"ဘာအထောက်အထားနဲ့ ခင်ဗျားက ကျုပ်တို့ကို စွပ်စွဲနေတာလဲ"

"အထောက်အထား ဟုတ်လား။ အထောက်အထားရအောင်ရှာပြီး၊ သက်သေခံမယ့် လူနှစ်ယောက်ကို ခင်ဗျား သတ်လိုက်ပြီ မဟုတ်လား။ ပြီးတော့ အဲဒီလူနှစ်ယောက်ကို နဂါးနန်းတော်ကပဲ ရှင်းပစ်သလို လုပ်ခဲ့တယ်။ အနယ်နယ်အရပ်ရပ်က မိန်းကလေးတွေကို ဖမ်းခေါ်တော့လဲ ဒီလိုပဲ။ ရွှေနဂါးနန်းတော်နဲ့ ပတ်သက်တဲ့ အမှတ်အသားတွေ ချန်ထားခဲ့တယ်။ ဒါဟာ ရွှေနဂါးနန်းတော်ကို သက်သက် နာမည်ဖျက်တာပဲ။ ဒီအတွက် ကျုပ်နဲ့ စာရင်းရှင်းရလိမ့်မယ်"

ကျူမင်းယုံ၏ စကားအဆုံးတွင် ဝမ်ဟိုးက အားရပါးရ ရယ်လိုက်သည်။ သူ့ရယ်သံက ကျောက်ဝက်ဘာတောင်တစ်ခုလုံး ပဲ့တင်ထပ်မတတ် ပေါ်လာ၏။

"ခင်ဗျားက ကျုပ်ကို စိတ်အထင်နဲ့ မတရား စွပ်စွဲနေတာပဲ။ ကျုပ်တို့ ကျားရဲတိုက်ဟာလဲ ခင်ဗျားတို့ ရွှေနဂါးနန်းတော်လိုပဲ သိုင်းလောကထဲမှာ ဂုဏ်သိက္ခာရှိပါတယ်။ ကျားရဲတိုက်ဟာ ဒုစရိုက်သမားတွေရဲ့ နေရာ မဟုတ်ပါဘူး။ ခင်ဗျားက ကျုပ်တို့ ကျားရဲတိုက်ကို စော်ကားတဲ့အတွက် ကျုပ်နဲ့ စာရင်းရှင်းရမှာပဲ"

"ကောင်းပြီ။ အခုကိစ္စကို ဓားနဲ့ ဖြေရှင်းတာ အကောင်းဆုံးပဲ။ ဘယ်လိုတိုက်မလဲဆိုတာ ပြောပါ"

"ခင်ဗျားက ဖိတ်ခေါ်တာ ခင်ဗျားပဲပြောပါ"

ကျူမင်းယုံက ခေါင်းခါပြလိုက်သည်။

"ကျုပ်က ဖိတ်ခေါ်တဲ့လူဆိုတော့ ခင်ဗျားကို အခွင့်အရေးပေးပါတယ်။ ခင်ဗျားသဘောကျ ိုက်ခိုက်မယ့် အစီအစဉ်ကို ပြောပြပါ"





ဝမ်ဟိုးသည် သူ့ သဘောထားကို ရုတ်တရက် မပြောဘဲ၊ တွေဝေသွားသည်။ အတန်ကြာအောင် တွေဝေနေပြီးမှ သူက ပြုံးလျ…….

"ကျုပ်တို့ လက်နက်မဲ့ တိုက်ခိုက်ကြမယ်"

"လက်နက်မဲ့ ဟုတ်လား"

"ဟုတ်တယ်။ တိုက်ခိုက်တဲ့နေရာမှာ အရှုံး အနိုင်ပေါ်ရင် တော်ပြီ"

"ခင်ဗျား သေရမှာ ကြောက်လို့လား"

ကျူမင်းယုံ၏ အမေးကြောင့် ဝမ်ဟိုး ရယ်လိုက်သည်။ ရယ်ရင်း လက်ခုပ်တစ်ချက် တီးလိုက်၏။ လက်ခုပ်သံ အဆုံးတွင် ကျောက်ဆောင်အကြိုအကြားမှ ပုန်းအောင်းနေသော အညိုရောင် ဝတ်စုံ ဝတ်ထားသူများ ထွက်လာသည်။

ထိုသူတို့၏ အင်္ကျီရင်ဘတ်ပေါ်တွင် ကျားရဲတစ်ကောင်ပုံကို ရေးထိုးထား၏။

"ခင်ဗျားရဲ့ ဖိတ်ခေါ်ချက်ကို မသကာတာနဲ့ ကျုပ်က ကျုပ်ရဲ့လူတွေကို ကြိုတင်ပြီး လွှတ်ထားခဲ့တယ်။ သူတို့ကို ထုတ်ပြ

လိုက်တာက ကျုပ် လူမသတ်ချင်ဘူးဆိုတာ သိစေချင်လို့ပဲ၊ ကျုပ်တို့နှစ်ယောက်ရဲ့ တိုက်ပွဲမှာ ကျုပ်ရဲ့လူတွေ ဝင်မစွက်စေရဘူး”

ဝမ်ဟိုး၏ ထူးဆန်းသောသဘောထားကြောင့် ကျူမင်းယုံ၏ စိတ်ထဲတွင် ထူးဆန်းသွားမိ၏။

ဝမ်ဟိုးက မည်သည့်အဓိပ္ပာယ်နှင့် ထိုသို့ လုပ်နေကြောင်း သဘောမပေါက်နိုင်အောင် ရှိမိသည်။

“ကောင်းပြီ။ ကျုပ်တို့ အခု ပြိုင်ပွဲစမယ်။ အနိုင်အရှုံးပေါ်ရင် တော်ပြီ”

“ခင်ဗျားနိုင်ရင် ကျုပ်အပေါ် ကြိုက်သလို ဆုံးဖြတ်ပါ။ တကယ်လို့ ခင်ဗျားရှုံးသွားရင်၊ ကျုပ်တို့ ကျားရဲတိုက်နဲ့ ပတ်သက်ပြီး စွပ်စွဲထားတာတွေကို ရုပ်သိမ်းပါ။ ခင်ဗျားအနေနဲ့ မှားယွင်းမိတယ်ဆိုတာ လူသိရှင်ကြား ကြေညာပါ”

ကျူမင်းယုံ တွေခနဲ တစ်ချက်ဖြစ်သွား၏။ ပြီးမှ ခေါင်းကို ညင်ညင်သာသာ ညိတ်လိုက်သည်။

ဝမ်ဟိုး၏ အကြံအစည်ကို တဖြည်းဖြည်း ရိပ်မိလာသလို ရှိသည်။





“ခင်ဗျား အသင့်ဖြစ်ပြီလား”

ဝမ်ဟိုး၏ မေးသံကို ကြားရသည်။ ကျူမင်းယုံက ခေါင်းညိတ်ပြလိုက်၏။

“ကျုပ် အဆင်သင့်ပဲ။ ခင်ဗျား စတိုက်ပါ”

*

ဝမ်ဟိုးက တိုက်ကွက်တစ်ကွက်ကို လျှင်မြန်စွာ ထုတ်လိုက်သည်။ လက်ဝါးရိပ်များသည် ကျူမင်းယုံ၏ ကိုယ်ပေါ်သို့ အုပ်မိုးကျလာ၏။

ကျူမင်းယုံက လေပွေ ဝေ့ယမ်းသကဲ့သို့ ပေါ်လာသည့် လက်ဝါးရိုက်ချက်ကို ဟန့်မပျက် ခုခံချေဖျက်လိုက်သည်။

ဝမ်ဟိုးက တိုက်ကွက်အသစ်ကို ထပ်မံပြီး ထုတ်သည်။ ကျူမင်းယုံက ထိုတိုက်ကွက်ကို ခုခံချေဖျက်ပြန်၏။

ဝမ်ဟိုး၏ တိုက်ကွက်များမှာ ရွှေနဂါးသိုင်းကွက်များဖြစ်နေသဖြင့် ကျူမင်းယုံ၏ စိတ်ထဲတွင် အံ့သြနေမိလျက်က ခုခံချေဖျက်နေရခြင်း ဖြစ်၏။

ဝမ်ဟိုး၏ တိုက်ကွက်များ တဖြည်းဖြည်း အရှိန်မြင့်လာသည်။ သူ၏ပြင်းထန်သောလက်ဝါးရိုက်ချက်ကြောင့် ပတ်ဝန်းကျင်ရှိ လေများ တဟူးဟူး ထသွား၏။

ကျူမင်းယုံက ရွှေနဂါး ပါးပြင်းတိုက်ကွက်ကို ရွှေနဂါးလက်သူ့းတောက် တိုက်ကွက်ဖြင့် ပြန်လည်ခုခံသည်။

ယခုအချိန်ထိအောင် သူသည် တိုက်စစ် မဆင်နိုင်သေးဘဲ၊ ဝမ်ဟိုး၏ တိုက်ကွက်များကို စနစ်တကျ ခုခံနေရဆဲဖြစ်၏။

ဝမ်ဟိုးက မာန်သွင်းအော်ဟစ်ပြီး အပေါ်သို့ခုန်တက်လိုက်သည်။ လေထဲတွင် ကိုယ်ကိုလှည့်ပြီး ကျူမင်းယုံအား လက်ဝါးဖြင့် အုပ်မိုး ရိုက်ချ၏။

ကျူမင်းယုံသည် လက်ဝါးရိုက်ချက်၏ အတွင်းပိုင်းသို့ တိုးဝင်လိုက်သည်။ တပြိုင်နက်တည်းပင် တိုက်ကွက်ကို စတင်ထုတ်သည်။ သူ့လက်ဖဝါးဖြင့် အောက်မှ အထက်သို့ လှန်ပြီး ရိုက်သည်။ လက်ဝါးရိုက်ချက်က ဝမ်ဟိုး၏ ရင်ညွန့်ဆီသို့တိုးဝင်၏။





ဝမ်ဟိုးက လက်သူ့းနှင့် လက်ခလယ် နှစ်ချောင်းထဲထောင်ပြီး ကျန်လက်ချောင်းများကို ထုတ်ထားသည့်လက်ဖြင့် ပြန်ထိုးသည်။

ကျူမင်းယုံ၏ လက်ဝါးက ဝမ်ဟိုး၏ ရင်ညွန့်ဆီသို့ဝင်သွားသလို၊ ဝမ်ဟိုး၏ လက်သူ့းကလည်း ကျူမင်းယုံ၏ မျက်လုံးဆီသို့တန်းဝင်လာ၏။ ခန္ဓာကိုယ်နှင့် ထိမည့်ဆဲဆဲတွင် နှစ်ယောက်စလုံး ထိတ်လန့်သွားပြီး တိုက်ကွက်များကို ပြန်လည် ရုပ်သိမ်းလိုက်ကြသည်။

နှစ်ယောက်စလုံး တပြိုင်နက်တည်း နောက်သို့ ကျွမ်းပစ်ပြီး ခုန်ထွက်သည်။

ဝမ်ဟိုးနှင့် ကျူမင်းယုံတို့သည် တူညီသောသိုင်းကွက်များကို လေ့ကျင့်ထားသူများဖြစ်သဖြင့် တစ်ယောက်ကို တစ်ယောက် ထိခိုက်အောင် မတိုက်နိုင်သေးပေ။

တစ်ခဏအတွင်းမှာပင် သူတို့သည် သိုင်းကွက်တစ်ရာခန့်ထိ ယှဉ်ပြိုင်မိသွား၏။

သူတို့သည် နောက်ခုန်ဆုတ်လိုက်ကြရာမှ တစ်ယောက်ထံသို့ တစ်ယောက် ပြန်လည် ပြေးဝင်သည်။ လျင်မြန်ပြင်းထန်သော တိုက်ကွက်ဖြင့် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်တိုက်ခိုက်ကြပြန်၏။

သိုင်းကွက်နှစ်ရာခန့်ထိ ယှဉ်ပြိုင်မိချိန်တွင် ဝမ်ဟိုး၏ သိုင်းကွက်များ ရုတ်တရက် ပြောင်းသွားသည်။ သူသည် ကျူမင်းယုံ၏ ခန္ဓာကိုယ်ပေါ်ရှိ အဓိကသွေးကြောနေရာများကို တိုက်ခိုက်လာသည်။

ဝမ်ဟိုး၏ သိုင်းကွက်တို့မှာ ရွှေနဂါး သိုင်းကွက်ကျမ်းပါ သိုင်းကွက်များနှင့် ဆင်ဆင်တူသော်လည်း ရွှေနဂါးသိုင်းကွက်များ မဟုတ်တော့ပေ။

အတွင်းအားနှင့် ကိုယ်ဖော့ပညာကို အသုံးပြုပြီး လျင်မြန်စွာ တို့ကိခိုက်သော ပညာဖြစ်သည်။ ဝမ်ဟိုး၏ ခန္ဓာကိုယ် ဘယ်မှညာ၊ ညာမှ ဘယ်သို့ လျင်မြန်စွာ ရွေ့လျားသွားတတ်သဖြင့် ကျူမင်းယုံ၏ ခေါင်းထဲတွင် မူးနောက်လာသည်။

"ဟော့.... မင်း"





ဝမ်ဟိုး၏ လှုပ်ရှားမှု ရုတ်တရက်နှေးကွေးသွားသည်။ သူက လက်ဝါးတစ်ဖက်ကိုမြှောက်ပြီး ဖြည်းညှင်းစွာရိုက်ချသည်။

ရိုးစင်းသော တိုက်ကွက်ဖြစ်သော်လည်း အားအပြည့်ပါနေသည့် ရိုက်ချက်ကို ကျူမင်းယုံ မရှောင်နိုင်။ လက်ဝါးရိုက်ချက် အမိခံရပြီး နောက်သို့ ဝုန်းခနဲ လွင့်စင်သွား၏။

"ဒါ.... ဒါ"

ကျူမင်းယုံက ဝမ်ဟိုးအား ထိတ်လန့်တုန်လှုပ်စွာ ကြည့်ရင်း သွေးများ ဝေါခနဲ အန်ချလိုက်သည်။

ဝမ်ဟိုးက ကျူမင်းယုံနှင့် မနီးမဝေးတွင် လက်နှစ်ဖက်ကို ပိုက်ပြီး ရပ်၏။ သူ့မျက်နှာတွင် ကျေနပ်အားရသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

"ခ.... ခင်ဗျားရှုံးသွားပြီ။ ဒါကို ခင်ဗျားဝန်ခံတယ်မဟုတ်လား"

ကျုမြင်းယုံက သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ရန် ကြိုးစားရင်း ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျား ရှုံးပြီဆိုတော့ ကျုပ်သတိပေးထားတာကိုမမေ့ပါနဲ့"

"ကျုပ်.... ကျုပ် ကတိမပျက်စေရဘူး"

"ကောင်းပြီ.... နောက် အဆင်သင့်တဲ့အခါ တွေ့ကြတာပေါ့"

စကားအဆုံးတွင် ဝမ်ဟိုး နေရာမှခုန်ထွက်သည်။ ကျောက်ဝက်ဘာ၁တောင်မှ ပြေးဆင်းစဉ် ကျားရဲတိုက် အမှတ်အသားနှင့် သိုင်းသမားများ ဝမ်ဟိုး၏ နောက်သို့ ပြေးလိုက်သွားကြသည်။

ဝမ်ဟိုးတို့ တောင်ခြေသို့ ရောက်အသွားတွင် ကျုမြင်းယုံနေရာတွင် ထိုင်ချလိုက်၏။ သူက ရင်ဘတ်တွင် ရသွားသည့်ဒဏ်ရာကို ကုစားရန် အတွင်းအား စဘင်လေ့ကျင့်သည်။





ပြင်းထန်သောဒဏ်ရာကို ရထားသဖြင့် ကျုမြင်းယုံ၏ ကိုယ်ယိမ်းထိုးနေသည်။ သူက ယိမ်းထိုးနေသောကိုယ်ကို တည်ငြိမ်အောင် ထိန်းနေရ၏။

*

## (၁၂) ထွက်ခွာခြင်း

ကျူမင်းယုံသည် ချောင်းတဟွတ်ဟွတ် ဆိုးရင်း၊ ရွှေနဂါးနန်းတော်ဝင်းအတွင်းသို့ ယိမ်းထိုးလျက် ဝင်လာသည်။

ကျူမင်းယုံ၏ မျက်နှာမှာ သွေးဆုတ်ဖြူရော်နေသဖြင့် အိမ်တော် သားများ အထိတ်တလန့် ဖြစ်ကုန်ကြ၏။

“သခင်လေး....သခင်လေး”

"လူလေး....ဘာဖြစ်လာတာလဲ"

လုကျော်ရှန်းနှင့် လူဝကြီး ဝမ်တို့ ကျူမင်းယုံ အနီးသို့ ချဉ်းကပ်လာကြသည်။

"ကျွန်တော် ရှုံးလာခဲ့ပြီ"

"ဘာ....ဘာ....ဘာပြောတယ် သခင်လေး"

"ကျွန်တော် ကျားရဲတိုက်က ဝမ်ဟိုးကို ရှုံးလာခဲ့ပြီ။ သူက ရွှေနဂါးသိုင်းရဲ့ အနှစ်ချုပ်ခုနစ်ကွက်ကို တတ်နေတယ်"

"ဟင်....ဒါဖြစ်ရင်"

"ကျွန်တော်ဟာ ရွှေနဂါးမျိုးဆက်အစစ်မှ ဟုတ်ရဲ့လားဆိုတာ ကိုယ့်ကိုယ်ကို သံသယဖြစ်နေမိပြီ။ ရွှေနဂါး သိုင်းကွက်တွေ သူ့လက်ထဲကို ဘယ်လိုလုပ် ရောက်နေတာလဲ။ သူဟာ အနှစ်ချုပ် ခုနစ်ကွက်ကို ဘယ်လိုလုပ် တတ်နေတာလဲ"

ကျူမင်းယုံသည် စကားပြောရင်းမှ ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။ လူဝကြီး ဝမ်က ကျူမင်းယုံအား ဖေးမလိုက်ပြီး-





"လူလေး။ စကားမပြောပါနဲ့။ ဝေဒနာသက်သာအောင် အရင်ကုစားပါ။ ဝေဒနာသက်သာဖို့က အရေးကြီးပါတယ်"

"ဟုတ်ပါတယ် သခင်လေး။ ဘဘသမားတော်ကြီးကို ခေါ်လိုက်ပါ့မယ်"

"မခေါ်ပါနဲ့။ ကျွန်တော် အတွင်းဒဏ်ရာ ရလာတာကို ကိုယ့်ဘာသာကိုယ် ကုစားပါ့မယ်။ ဘဘရှန်း အိမ်တော်သားတွေကို စုစည်းလိုက်ပါ"

"ဘာဖြစ်လို့လဲ သခင်လေး"

ကျူမင်းယုံက ရွှေနဂါးနန်းတော်ကို ကြေကွဲစွာကြည့်လိုက်သည်။ စိတ်ထိခိုက် ကြေကွဲနေခြင်းကြောင့် သူ့မျက်လုံးအစုံက ရီဝေနေ၏။

"ကျွန်တော် အိမ်တော်သားတွေကို မှာစရာရှိလို့ပါ"

"သ....သခင်လေးက"

"အိမ်ထဲကိုရောက်တဲ့အခါ ကျွန်တော်ပြောပြပါ့မယ် ဘဘရှန်း"

လူဝကြီး ဝမ်နှင့် လုကျောက်ရှန်းတို့က ကျူမင်းယုံအား တွဲပြီး၊ အိမ်ထဲသို့ ဝင်သည်။

ဧည့်ခန်းဆောင်သို့အရောက်တွင် ကျူမင်းယုံက ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်ချလိုက်၏။

"အစ်ကို ဘာဖြစ်လာလို့လဲ"

သာယာချိုလွင်သော မေးသံနှင့်အတူ အနားသို့ ပိုင်စုပန်း ရောက်လာသည်။ သူက ကျူမင်းယုံအား ငုံ့ကြည့်ပြီး....

"အစ်ကို အတွင်းဒဏ်ရာ ရလာသလား"

ကျူမင်းယုံ ခေါင်းညိတ်ပြလိုက်၏။ ပိုင်စုပန်းက သူ့အင်္ကျီရင်ဘတ်ကြားမှ ဆေးဘူးတစ်လုံးကို လျင်မြန်စွာ ထုတ်ယူသည်၊ ဘူးထဲမှ ဆေးလုံးသုံးလုံးကို ထုတ်ပြီး....

"ဒါဟာ ညီမတို့ ကြယ်တာရာခြံဝင်းရဲ့ ဒဏ်ကြေအားတိုးဆေးပါ။ ရတနာပန်းဆီဆေးလို့ ခေါ်ပါတယ်။ ဒီဆေးကို သောက်လိုက်ပါ အစ်ကို"

"ကျုပ်"





"အစ်ကိုစကားကို ညီမ နားထောင်ပြီး၊ ရွှေနဂါးနန်းတော်မှာ လာနေ နေတယ်။ ကျွန်မစကားကို နားထောင်ပြီး ဒီဆေးကို သောက်ပါ"

ကျူမင်းယုံက ငြင်းဆန်ခြင်း မပြုတော့ဘဲ၊ ပိုင်စုပန်း တိုက်သည့် ဆေးကို သောက်လိုက်သည်။

"အခုချက်ချင်း အတွင်းအားလေ့ကျင့်ပါအစ်ကို။ခဏလေးနဲ့ ဆေးစွမ်း ပြပါလိမ့်မယ်"

ကျူမင်းယုံသည် ထိုင်ခုံပေါ်တွင် တင်ပျဉ်ခွေထိုင်လိုက်သည်။ ပြီး.... ချက်ချင်းပင် အတွင်းအား စတင်လေ့ကျင့်၏။

အပူလှိုင်းတစ်ခု သူ့ရင်တွင် ပေါက်ဖွားလာ၏။ ထိုအပူလှိုင်းက ခန္ဓာကိုယ်အနှံ့ ပျံ့ပြီး၊ သွေးကြောများထဲသို့ စီးဝင်သည်။

ရင်ညွန့်တွင် အောင့်သက်နာကျင်နေသော ဝေဒန၂တစ်ရပ်ရှိနေသည်။ ပူလောင်သောအားတစ်ရပ်က ထိုဝေဒနာကို တိုက်ခိုက်၏။

အောင့်သက်နာကျင်နေသော ဝေဒနာ ကဖြည်းဖြည်းကင်းပျောက် သက်သာလာသည်။

ကျူမင်းယုံသည် စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး အတွင်းအား လေ့ကျင့်သည်။ ထိုသို့ လေ့ကျင့်နေရင်း၊ ပူနွေးသော အားလှိုင်းတစ်ခု ကျောပြင်ဆီမှ စီးဝင်လာသည်ကို သူသိလိုက်၏။

ထိုအားက သူ့ ကိုယ်အတွင်းရှိအားနှင့် ပေါင်းစပ်ပြီး၊ ခန္ဓာကိုယ်အနှံ့ ညင်သာစွာ လှည့်ပတ်သည်။

သူသည် တဖြည်းဖြည်းနှင့် နှစ်သက်ဖွယ် စည်းစိမ်တစ်မျိုးကို ရရှိလာ၏။

ထမင်းအိုးတစ်လုံး ချက်ခန့်အကြာတွင် ကျူမင်းယုံ ထံမှ သက်ပြင်းချသံ ပေါ်လာသည်။ သူက အတွင်းအား လေ့ကျင့်နေခြင်းကို ရပ်ဆိုင်းပြီး၊ မျက်လုံးဖွင့်လိုက်၏။

သူ၏ မျက်နှာမှာ သွေးရောင်များ လွှမ်းနေပြီး၊ ကြည်လင်လန်းဆန်းသည့် အသွင်သဏ္ဍာန် ရှိလာသည်။ သို့သော် သူ၏ မျက်လုံးအစုံမှာ ရီဝေဝေအရိပ်တို့ ထင်နေလျက်ရှိ၏။

"ဘဘရှန်း အိမ်တော်သားတွေကို စုလိုက်ပါ။ မိထွေးငါးဖော်ကိုလဲ ဖိတ်ခေါ်လိုက်ပါ"

"သခင်လေး မှာကြားချင်တာ ဘဘကို အရင်ပြောပြပါဦး"





ကျူမင်းယုံ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။ သူက ရီဝေသော မျက်လုံးအစုံဖြင့် အခန်းထဲတွင် ရှိနေသူများကို ကြည့်ပြီး....

"ကျွန်တော် ရွှေနဂါးနန်းတော်ကနေ ခွာရတော့မယ်"

"ဟင်....ဘာဖြစ်လို့လဲ သခင်လေး"

"ကျွန်တော် ရှုံးနိမ့်တဲ့အတွက် ကတိပေးခဲ့ရတယ်။ ကျားရဲတိုက်နဲ့ ပတ်သက်ပြီး၊ ကျွန်တော် အထင်မှား အမြင်မှားနဲ့ စွပ်စွဲမိတယ်လို့ ကြေညာပေးရမယ်။ ဒါကို ကျွန်တော့်ကိုယ်စား ဘဘရှန်းကပဲ ကြေညာပေးပါ"

"သခင်လေးက"

"ကျွန်တော် သိုင်းလောကထဲဝင်ပြီး၊ တရားခံအစစ်ကို ရှာပါမယ်။ တရားခံအစစ်ကို ဖော်ထုတ်ပြီးမှ ရွှေနဂါးနန်းတော်ကို ပြန်လာခဲ့ပါ့မယ်"

ကျူမင်းယုံ စကားပြောနေစဉ် မိထွေးငါးဖော်တို့ ရောက်လာသည်။ ကျူမင်းယုံက မိထွေးငါးဖော်အား ဂါရဝပြုလိုက်ပြီး....

"ကျွန်တော် တရားခံအစစ်ကိုရှာဖို့ သိုင်းလောကထဲ ဆင်းမယ်။ မမတို့ ရွှေနဂါးနန်းတော်ကို အုပ်ချုပ်ပြီး နေခဲ့ပါ"

"တရားခံအစစ်က သိုင်းလောကထဲ ဆင်းပြီးရှာမှ တွေ့မှာလား သားတော်လေး။ ကျွားရဲတိုက်သခင်က တရားခံ မဟုတ်ဘူးလား"

"ခုချိန်ထိအောင် သူ့ကို တရားခံလို့ စွပ်စွဲလို့ မရသေးပါဘူး။ တစ်ခုတော့ရှိတယ်။ သူဟာ ရွှေနဂါးသိုင်းကျမ်းကို ပြည့်စုံအောင် သတ်ထားတယ်။ ဒါနဲ့တင်ပဲ ခုတလောဖြစ်ပွားနေတဲ့ ကိစ္စတွေဟာ သူ့လက်ချက်ဆိုတာ မှန်းဆလို့ ရပါတယ်။ ဒါပေမယ့် တရားခံဟာ သူပါပဲဆိုတာ သိုင်းလောကသားတွေ လက်ခံဖို့လိုပါတယ်။ အဲဒီအတွက် ကျွန်တော်အသေအချာ ရှာရမယ်"

"သားတော်လေး အနေနဲ့ ရွှေနဂါး နန်းတော်မှာနေပြီး အထောက်အထားရှာလို့ ရပါတယ်"

ကျူမင်းယုံက ပဉ္စမမိထွေးအားကြည့်ပြီး ခေါင်းခါပြလိုက်သည်။

"ကျွန်တော်ဟာ ရွှေနဂါးသခင်လေးဆိုတဲ့ ဘွဲ့ ခံလောက်အောင် ပညာ မပြည့်ဝသေးပါဘူး။ ဒီနေ့ ကျွားရဲ နန်းတော်သခင် ဝမ်ဟိုကို ရှုံးနိမ့်ခဲ့တာဟာ ကျွန်တော် ပညာမပြည့်စုံလို့ပဲ။ ကျွန်တော့်အနေနဲ့ ရွှေနဂါးသိုင်းကျမ်းရဲ့ လျှို့ဝှက်ချက်ကို ရှာရမယ်။ ပြီးတော့ ဝမ်ဟိုဟာ တရားခံဆိုရင် သူ တရားခံဖြစ်တဲ့အကြောင်း အထောက်အထားရှာရမယ်။ မမတို့က စံအိမ်သခင်မတွေပီပီ ရွှေနဂါးနန်းတော်ကို စောင့်ရှောက်ကာကွယ်ထားကြပါ"





*

ကျူမင်းယုံသည် မိထွေးငါးဖော်အား တာဝန်များ ခွဲဝေပေးအပ်ပြီးနောက် သူ့အိပ်ခန်းဆောင်အတွင်းသို့ဝင်သွားသည်။

အတန်ကြာတွင် ထိုအိပ်ခန်းဆောင်မှ အသက်သုံးဆယ်အရွယ် တည်ကြည်ခန့်ငြားသော လူရွယ်တစ်ယောက်ထွက်လာသည်။

ထိုလူရွယ်သည် အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး၊ အဝတ်စအနီဖြင့်ပတ်ထားသော ဓားတစ်လက်ကို ကိုင်ထား၏။

မိထွေးငါးဖော်နှင့် အိမ်တော်အမှုထမ်းများသည် အိပ်ခန်းထဲမှ ထွက်လာသည့် လူစိမ်းကို မြင်ပြီး အံ့အားသင့်သွားကြသည်။

လူဝကြီး ဝမ် တစ်ယောက်သာ အံ့အားသင့်ဟန် မရှိဘဲ လူရှယ်အနီးသို့ ချဉ်းကပ်သွား၏။

"လူလေး.... တကယ်သွားတော့မှာလား"

မျက်နှာစိမ်းလူရှယ်အဖြစ် ရုပ်ဖျက်ထားသည့် ကျူမင်းယုံက ခေါင်းညိတ်ပြသည်။

"ဘဘ.... လူလေးပြန်ရောက်မလာမချင်း ဒီမှာပဲနေတော့မယ်။ အမှုအခင်းကို မြန်မြန်ဖြေရှင်းပြီး ပြန်လာခဲ့ပါ"

"စိတ်ချပါ ဘဘဝမ်၊ ကျွန်တော်သွားနေတဲ့ အချိန်အတွင်း အိမ်တော်သားတွေအနေနဲ့ ပိုင်စုပန်းကို စောင့်ရှောက်ထားကြပါ။ မကြာခင် သူ့အစ်မ ပိုင်ရှင်းလွမ်း ပြန်ရောက်လာပါလိမ့်မယ်။ အဲဒီအခါကျရင် သူ့ကို ခေါ်သွားပါလိမ့်မယ်"

ကျူမင်းယုံ၏ စကားကို အကြားတွင် ပိုင်စုပန်းရှေ့သို့ တိုးလာ၏။ သူက ကျူမင်းယုံ၏အနီးတွင် ရပ်လိုက်ပြီး....

"အစ်ကိုသွားရင် ညီမလဲ လိုက်ခဲ့ပါရစေ"

"ညီမက ဘာဖြစ်လို့ လိုက်မှာလဲ။ ဒီခရီးမှာ အစ်ကို့အတွက် အဖော်မလိုပါဘူး။ ပြီးတော့ မမပြန်လာရင်"

"မမပြန်လာရင် အစ်ကို့နောက် လိုက်သွားတဲ့အကြောင်း ပြောရုံပါပဲ။ မမက သဘောတူမှာပါ"





ကျူမင်းယုံ ခေါင်းခါပြလိုက်သည်။

"မလိုက်ခဲ့ပါနဲ့ ညီမ.... အစ်ကိုတစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားပါရစေ"

"အစ်ကို"

"နေခဲ့ပါ ညီမ"

ကျူမင်းယုံက သံပြတ်ဖြင့်ပြောပြီး ဧည့်ခန်းဆောင်မှ ထွက်သည်။ လုကျောက်ရှန်းက သူ့နောက်မှ ကပ်ပြီးလိုက်လာ၏။

ကျူမင်းယုံသည် လုကျောက်ရှန်းအား ကြည့်လိုက်ပြီး....

"ဘဘရှန်းအနေနဲ့ ရွှေနဂါးနန်းတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မယ်ဆိုတာ ကျွန်တော် ယုံပါတယ်။ သိုင်းလောကထဲမှာ ကျွန်တော်နဲ့ ပတ်သက်ပြီး ဘယ်လို သတင်းဆိုးမျိုးပဲကြားကြား မတုန်လှုပ်ပါနဲ့။ ကျွန်တော်တို့ရဲ့ ရန်သူဟာ သိပ်ကျောက်ကျစ် စဉ်းလဲပါတယ်။ သူဟာ ကျွန်တော့်ကို နာမည်ပျက်အောင် အမျိုးမျိုး လုပ်မှာပဲ။ ဘဘတို့အနေနဲ့ ကျွန်တော် ပျောက်သွားတယ်ဆိုတာကြေညာပါ။ ဒါမှ ရွှေနဂါးနန်းတော် အန္တရာယ်က ကင်းလွတ်ပါလိမ့်မယ်"

"သခင်လေးဟာ ရွှေနဂါး နန်းတော်အတွက် အနစ်နာခံတော့မယ်ဆိုတာ ဘဘသိပါတယ်။ ဘယ်နေရာမျိုးပဲရောက်နေနေ ဘဘတို့ကို ဆက်သွယ်ပါလို့ မှာချင်တယ်"

"စိတ်ချပါ ဘဘ"

"ဘဘတို့ကလဲ ရန်သူနဲ့ပတ်သက်ပြီး စုံစမ်းမှာပါ။ မှန်ကန်မွန်မြတ်တဲ့ စိတ်ထားရှိသူဟာ ဘယ်တော့မှ မဆုံးရှုံးတတ်ပါဘူး"

ရွှေနဂါးနန်းတော် အပြင်သို့ အရောက်တွင် ကျူမင်းယုံက ခန်းနား ထည်ဝါသော အဆောက်အဦးကြီးကို ရီဝေသော မျက်လုံးအစုံဖြင့် တစ်ချက် လှမ်းကြည့်သည်။

"ဖေဖေ့ကို သတ်သွားတဲ့ တရားခံပေါ်မှ ကျွန်တော် ပြန်လာမယ် ဘဘ။ ကျွန်တော့်တစ်သက် တရားခံ ရှာမတွေ့ခဲ့ရင်၊ ကျွန်တော် ဘယ်တော့မှ ပြန်မလာတော့ဘူး။ အဲဒီအခါကျမှ ရွှေနဂါးနန်းတော်ကို ဖျက်သိမ်းလိုက်ပါ။ ဝန်ထမ်းတွေ အားလုံးကို လုပ်ကိုင်စားသောက်နိုင်ဖို့ အရင်းအနှီးတွေ ပေးလိုက်ပါ"

"သခင်လေး.... ဒါ"

"ဒီအတိုင်း ဖြစ်မယ်လို့ ကျွန်တော်မပြောပါဘူး။ ဖြစ်နိုင်တာကို စဉ်းစားတာပါ။ ဒီအတွက် ဘဘရှန်း ကျွန်တော့်ကို ကတိပေးပါလား"

လုကျောက်ရှန်းကမျက်ရည်ရောင်တောက်နေသောမျက်လုံးအစုံဖြင့် ကျူမင်းယုံအား ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်၊ ကျူမင်းယုံက ပြုံးပြီး....





"ဘဘက ကတိပေးတဲ့အတွက် ကျွန်တော် စိတ်အေးသွားပါပြီ။ ပိုင်စုပန်းအတွက်လဲ စိတ်ချပါရစေ ဘဘ"

"စိတ်ချပါ.... ဘဘတို့ ဝိုင်းပြီး စောင့်ရှောက်ကြပါ့မယ်"

ကျူမင်းယုံက ခေါင်းကို ညင်ညင်သာသာညိတ်လိုက်သည်။ ပြီး— အိမ်ရှေ့မှ ခွာထွက်၏။

"သခင်လေး.... မြင်းယူသွားပါလား"

ကျူမင်းယုံ သည် လုကျောက်ရှန်း အား လှည့်ကြည့်ပြီး ခေါင်းခါပြလိုက်သည်။

"ကျွန်တော့်အတွက် မြင်းမလိုပါဘူး"

စကားအဆုံးတွင် ကျူမင်းယုံ နေရာမှ လျင်မြန်စွာ ပြေးထွက်၏၊ ကိုယ်ဖော့ပညာကိုသုံးပြီး ပြေးခဲ့သဖြင့် သူ့ခန္ဓာကိုယ်သည် ရွှေနဂါးနန်းတော် အပြင်သို့ လျင်မြန်စွာ ရောက်လာလေသည်။

*

## (၁၃) ခရီးသည် သိုင်းသမား

တောင်ပူစာလေးကို ဖြတ်ကျော်ခဲ့ပြီးသည်နှင့် တောင်ကြားလမ်း တစ်ခုကို တွေ့ရသည်။

ကျူမင်းယုံသည် တောင်ကြားလမ်း အဝင်ဝသို့ရောက်သည်နှင့် ကောင်းကင်တွင် လင်းတများ ပျံဝဲနေသည်ကို တွေ့လိုက်ရ၏။

ကျူမင်းယုံသည် ပျံဝဲနေသော လင်းတများကို ကြည့်ပြီး၊ မျက်မှောင်ကြုံ့သွားသည်။

တောင်ကြားလမ်းတွင် လူသေအလောင်း (သို့မဟုတ်) ဒဏ်ရာ ပြင်းထန်စွာ ရထားသူ ရှိကောင်းရှိနေလိမ့်မည်ဟု သူတွေးသည်။

သေဆုံးနေသည်မှာ လူမဟုတ်ဘဲ တိရစ္ဆာန်လည်း ဖြစ်နိုင်ကြောင်း ဆက်တွေးမိ၏။

ကျူမင်းယုံသည် တစ်ချက် တွေတွေဝေဝေ ဖြစ်သွားပြီးနောက်၊ ရှေ့သို့ပြေးထွက်သည်။ သူက တောင်ကြားလမ်းအတွင်းသို့ လျင်မြန်စွာ ပြေးဝင်၏။

ကောင်းကင်တွင် ပျံဝဲနေသော လင်းတတစ်ကောင် အောက်သို့ ထိုးစိုက်ဆင်းလာသည်။ ပွီးခနဲ၊ ဘုတ်ခနဲ မည်သံနှင့်အတူ လင်းတမှာ မပျံသန်းနိုင်တော့ဘဲ၊ အောက်သို့ တရှိန်ထိုး ထိုးကျ၏။

အဖြစ်အပျက်ကိုကြည့်ပြီး၊ ကျူမင်းယုံ၏ စိတ်ထဲတွင် ထူးထူး ခြားခြား လှုပ်ရှားသွားသည်။

သူက ရှေ့သို့ ဆက်လက်ပြေးထွက်၏။ ပြေးရင်းနှင့် ပုပ်အဲ့အဲ့နိုင်သော အနံ့ကို ရှူရှိုက်ရလာသည်။

တခဏအတွင်းမှာပင် တောင်ကြားလမ်းထဲတွင် ပြန့်ကျဲနေသော လူသေအလောင်းများကို တွေ့ရသည်

ပြန့်ကျဲနေသော လူသေအလောင်းများကြားတွင် အသက်ရှင်နေသော လူတစ်ယောက် ရှိလိမ့်မည်ဟု သူ တွေးမိသည်။





သူက လူသေအလောင်းများကို စေ့စေ့စပ်စပ် လိုက်ကြည့်သည်။ ထိုအခါ အလောင်းများကြားမှ လှုပ်ရှားမှု တစ်ခုကို တွေ့ရသည်။

အသေကောင်တစ်ကောင်ကဲ့သို့ ငြိမ်သက်နေသော လူတစ်ယောက်၏ ပါးစပ်မှ ပြင်းထန်သော လေမှုတ်သံနှင့် အတူ လက်နက်ပုန်း ပစ်လွှတ်သည့်ပမာ ခဲလုံးတစ်လုံး လွင့်ထွက်လာသည်ကို တွေ့ရ၏။

ခဲလုံးက ကျူမင်းယုံထံသို့ အရှိန်နှင့် တိုးဝင်လာသည်။ ကျူမင်းယုံက ခဲလုံးကို လက်ဖြင့် ဖျပ်ခနဲ ဖမ်းယူလိုက်၏။

သူက ခဲလုံးကို လှုပ်သည်ဆိုရုံ လှုပ်နိုင်သောလက်ဖြင့် ပစ်လွှတ်လိုက်သူအား လှမ်းကြည့်သည်။ သွေးကွက်ညိုညိုတွေ ဖုံးလွှမ်းနေသည့်ကြားမှ အရောင်တဖျပ်ဖျပ်လက်နေသော မျက်လုံးအစုံဖြင့် ကြည့်နေသည့် မိန်းကလေးတစ်ယောက်ကို သူတွေ့လိုက်ရ၏။

သူက ထိုမိန်းကလေးအနီးသို့ တိုးကပ်သွားပြီး....

“မင်း ဘယ်သူလဲ။ ငါ့နာမည် ကျူမင်းယုံလို့ ခေါ်တယ်။ ငါဟာ မင်းအတွက် ရန်သူတစ်ယောက် မဖြစ်နိုင်ပါဘူး”

အသေကောင်ကဲ့သို့ လဲနေသော မိန်းကလေး၏ မျက်လုံးအစုံ ပို၍ဝင်းလက်တောက်ပသွားသည်။ သို့သော် ထိုမိန်းကလေးထံမှ စကားသံ ပေါ်ထွက်လာခြင်း မရှိပေ။

ကျူမင်းယုံက မိန်းကလေး၏အနီးတွင် ဒူးထောက်ထိုင်ပြီး၊ အကဲခတ် ကြည့်ရှုသည်။ ထိုအခါကျမှ မိန်းကလေးသည် အကြောပိတ်ခံထားရကြောင်း သိလိုက်ရသည်။

မိန်းကလေးမှာ အကြောပိတ် ခံထားရသဖြင့် တစ်ကိုယ်လုံး မလှုပ်ရှားနိုင်သော်လည်း၊ သွေးကြောများ ပြန်ပွင့်အောင် ကြိုးစား ရင်းမှ လက်တစ်ဖက်လှုပ်သည်ဆိုရုံ လှုပ်လာနိုင်သဖြင့်၊ ထို လက်နှင့် ခဲလုံးများကိုရှာပြီး ပစ်ခတ်ခြင်း ဖြစ်သည်။

အပုပ်ကောင်ရှာသည့် လင်းတကို ခဲဖြင့် ပစ်ခတ်နေသူမှာ ထိုမိန်းကလေးပင် ဖြစ်သည်။

ကျူမင်းယုံက မိန်းကလေး၏ကိုယ်ပေါ်သို့ လက်ဖြင့် တရွရွ စမ်းပြီး၊ ပိတ်နေသော သွေးကြောများကို ဖွင့်ပေးလိုက်သည်၊

အကြောပွင့်ပွင့်ချင်း မိန်းကလေးက ထမထနိုင်ဘဲ၊ တခဏ ကြာမှ ထထိုင်သည်။ သူက ကျေးဇူးတင်ဟန်ဖြင့် ကျူမင်းယုံ အား ကြည့်လိုက်၏။

"ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်..."





"ကျေးဇူးတင်တာကိုထားပြီး မင်း ဘယ်သူလဲ ဆိုတာကို ပြောပါဦး။ ဒီပတ်ဝန်းကျင်မှာ သေဆုံးနေတဲ့ လူတွေကကော မင်းနဲ့ တစ်ဖွဲ့တည်းသားတွေလား"

မိန်းကလေးက ပတ်ဝန်းကျင်ရှိ လဲကျ သေဆုံးနေသူတို့၏ အလောင်းကိုကြည့်သည်။ သူ့မျက်နှာတွင် ခံပြင်းနာကြည်းဟန် တို့ ရိပ်ခနဲပေါ်သွားပြီး....

"ကျွန်မနာမည် ဆွေယဉ်လို့ခေါ်ပါတယ်။ ကျွန်မတို့ဟာ ပန်းဝက်ပါတောင်က လူတွေပါ။ ဒီတောင်ကြားမှာ ရွှေနဂါး နန်းတော်က လူတွေနဲ့ ရင်ဆိုင် တိုက်ပွဲ ဖြစ်ပွားခဲ့ပါတယ်"

"ရွှေနဂါးနန်းတော်ကလူတွေ.... ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"မင်းတို့နဲ့ ရွှေနဂါးနန်းတော်က လူတွေ ရန်ငြိုးရှိကြလို့ လား"

ဆွေယဉ်က ခေါင်းခါပြသည်။

"ရန်ငြိုးမရှိပါဘူး"

"ဒါနဲ့တောင် ဘာဖြစ်လို့ တိုက်ခိုက်ရတာလဲ"

"ကျွန်မတို့ရဲ့ အစ်မကြီးကို ရွှေနဂါးနန်းတော်က ဖမ်းခေါ်သွားတယ်။ အဲဒီကိစ္စကို မေးတဲ့အခါ ရွှေနဂါး နန်းတော်က လူတွေဟာ မဖြေရှင်းဘဲ ကျွန်မတို့ကို တိုက်ခိုက်ခဲ့တာပဲ။ အစ်မကြီးကို ရှာဖို့ထွက်လာတဲ့ ကျွန်မတို့ လူဆယ်ယောက်မှာကျွန်မတစ်ယောက်ပဲ အသက်ရှင်လျက်ကျန်တော့တယ်"

ဆွေယဉ်၏ စကားကို နားထောင်ရင်း၊ ကျူမင်းယုံ၏ရင်ထဲတွင် ထိထိခိုက်ခိုက် ခံစားလိုက်ရ၏။

သူက ဒဏ်ရာဗလပွနှင့်ဖြစ်နေသော ဆွေယဉ်အား ဂရုဏာသက်မိသည့်နည်း၊ နာမည်ဆိုးတစ်ခုရလိုက်သော ရွှေနဂါး နန်းတော်အတွက် ရင်လေးသွားမိသည်။

"မင်းတို့နဲ့ တိုက်ခိုက်တဲ့ လူတွေဟာ သူတို့ကိုယ် သူတို့ ရွှေနဂါးနန်းတော်ကလို့ ပြောကြသလား"

"ပြောနေစရာတောင် မလိုပါဘူး။ သူတို့အင်္ကျီရင်ဘတ်မှာ ရွှေနဂါးပုံ ရေးထားတယ်။ ပြီးတော့– အနက်ရောင် ရွှေနဂါး အလံကိုလဲ ကိုင်ထားကြတယ်"





ဆွေယဉ်တို့နှင့် ရင်ဆိုင် တိုက်ခိုက်ခဲ့သူတို့မှာ ရွှေနဂါးနန်းတော်မှ လူတွေမဟုတ်ကြောင်း၊ ကျူမင်းယုံ စိတ်ထဲတွင် ပို၍ သေချာသွား၏။

ရွှေနဂါးနန်းတော်မှလူတွေ ပြင်ပသို့မထွက်ကြောင်း သူသိထားပြီး ဖြစ်သည့်ပြင်၊ အပြင်သို့ ထွက်သည့်အခါတွင်လည်း အနက်ရောင် အလံကို မသုံးဘဲ၊ အနီရောင် အောက်ခံပေါ်၌ ရွှေနဂါးတစ်ကောင်ပုံပါသော သုံးထောင့် အလံကိုသာ သုံးတတ်ကြသည်။

ယခု ဆွေယဉ်တို့နှင့် ရင်ဆိုင် တိုက်ခိုက်သူတို့မှာ ရွှေနဂါး နန်းတော်မှ သိုင်းသမားများ အသွင် ဟန်ဆောင်ထားကြသူများပင်ဖြစ်ကြောင်း သူ သိလိုက်သည်။

"ဒီအချက်အလက်တွေကြောင့် အဲဒီလူတွေဟာ ရွှေနဂါး နန်းတော်က လူတွေပါလို့ ပြောလို့မရပါဘူး။ ရွှေနဂါး နန်းတော်က လူတွေအဖြစ် ဟန်ဆောင်ထားတဲ့ လူတွေလဲဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ပေါ်လွင်အောင် စုံစမ်းမှ ကောင်းမယ်။ ညီမထင်တဲ့အတိုင်း မှန်နေရင် ရွှေနဂါး နန်းတော်ကို တိုက်ခိုက်သွားပြီး ဖြေရှင်းတာ အကောင်းဆုံးပါပဲ"

"ဟုတ်တယ် အစ်ကို.... တိုက်ပွဲပြီးလို့ ဒဏ်ရာနဲ့ ကျန်ခဲ့မှ ကျွန်မလဲ အဲဒါကို စဉ်းစားမိတယ်။ အခုတော့ လွန်သွားပြီ။

ကျွန်မတို့လူတွေလဲ သေဆုံးကုန်ပြီ။ ကျွန်မ ပန်းဝက်ဘာတောင်ကို ပြန်မှဖြစ်မယ်"

"မင်းတစ်ယောက်တည်း ပန်းဝက်ပါတောင်ကို ဘယ်လို လုပ်ပြန်မလဲ။ အစ်ကို မင်းကို လိုက်ပို့ပါ့မယ်"

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ"

"ပန်းဝက်ပါတောင်ကို လူစိမ်းဝင်လို့ မရလို့ပါ"

"အစ်ကို မစင်ပါဘူး။ မင်းကို စိတ်ချရတဲ့နေရာထိ ရောက်အောင် ပို့ရုံ ပို့ပေးမယ်"

"ကျွန်မဘာသာ ကျွန်မပဲ သွားပါ့မယ်ရှင်"

ကျူမင်းယုံက ဆွေယဉ်အား ကြည့်ပြီး ပြုံးလိုက်သည်။

"မင်း ဒါလောက် မာနမကြီးပါနဲ့။ မင်းဟာ အခုဒဏ်ရာတွေ ရထားတယ်။ အနည်းဆုံး သုံးရက်လောက် ဒီနေရာမှာ အကြောပိတ်ခံထားရလို့ အစာပြတ် ရေပြတ်နဲ့ နေနေရတယ်။ အခု ခရီးကြမ်းကို တစ်ယောက်တည်း နှင်မယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တဲ့ ကိစ္စဘဲ။ မင်းကို အစ်ကို လိုက်ပို့





မယ်၊ အစ်ကို့စကားကို နားမထောင်ရင် မင်းတင်ပါးကို ခပ်စပ်စပ်လေး ရိုက်ပေးမယ်"

ကျူမင်းယုံက ရင်းနှီးခင်မင်စိတ်ဖြင့် ခပ်ပေါ့ပေါ့ပြောလိုက်သည်။ သို့သော် ထိုစကားကြောင့် ဆွေယဉ်မှာ ရှက်သွားပြီး မျက်လွှာကို ကပျာကယာချလိုက်လေ၏။

*

ကျူမင်းယုံသည် ပထမဆုံး ဆွေယဉ်အား သူ့တွင်ပါလာသော စားသောက်ဖွယ်ရာများကို ကျွေးသည်။ ပြီး....ဆွေယဉ်၏ ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကို ဆေးထည့်ပေးသည်။

ဆွေယဉ်သည် ကျူမင်းယုံ၏ ပြုစုမှုကို ငြိမ်သက်စွာ ခံနေ၏။ တောင်ကြားလမ်းကို ဖြတ်ပြီး ခရီးထွက်ချိန်တွင် သူက ကျူမင်းယုံအား အားပြုပြီးလိုက်သည်။ ငယ်ရွယ်နုနယ်သော

သူ့မျက်နှာတွင် ကြည်နူးဟန်၊ ရှက်ရွံ့ဟန်နှင့် အားကိုးယုံကြည်ဟန်တို့ ထင်နေလေ၏။

ကျူမင်းယုံတို့သည် ပန်းဝက်ပါတောင်ရှိရာ အရှေ့စူးစူးသို့ ဦးတည်ပြီး ထွက်ခဲ့ကြသည်။ နေ့ဝက်ခန့် ခရီးနှင်ခဲ့ပြီး နောက် မြို့တစ်မြို့သို့ ရောက်၏။ ထိုမြို့မှာ လမ်းဆုံမြို့ဖြစ်သော ချန်စူး မြို့ပင်ဖြစ်သည်

ကျူမင်းယုံတို့သည် တည်းခိုဆောင်တစ်ခုတွင် တည်းခိုသည်၊ ဆွေယဉ်၏ အဝတ်အစားများမှာ သွေးလိမ်းလိမ်း၊ ဖုံအလိမ်း လိမ်း ကပ်နေသဖြင့် အဝတ်အစားအသစ်များ ဝယ်ယူရ၏၊ ရေမိုးချိုးပြီး အဝတ်အစားသစ်များ ဝတ်ဆင်လိုက်သည့်အခါ တွင် ဆွေယဉ်၏ ချောမောလှပသော ရုပ်သွင်ပေါ်လွင်လာ သည်။

သူတို့ တည်းခိုဆောင်၌ ညစာ စားနေစဉ် မြင်းခွာသံများ ကြားရပြီး၊ လူ ဆယ်ရောက်ခန့်ပါသည့် မြင်းစီးသမားအုပ်စု ရောက်လာသည်။ ထိုလူဆယ်ရောက်မှာ အနယ်နယ် အရပ်ရပ်မှ ရောက်လာပြီး ရွှေနပါး နန်းတော်ကို တိုက်ခိုက်ရန် စုစည်းမိသူ များ ဖြစ်သည်။

ကျူမင်းယုံသည် ၊ ညစာ စားသောက်ရင်း မြင်းစီးသမား ဆယ်ရောက်တို့ အပြန်အလှန် ပြောနေသည့် စကားကို နား ထောင်သည်။

"ရွှေန ါး နန်းတော်ဟာ ဟူစန်းမြို့မှာရှိပေမယ့် ဖမ်းသွား တဲ့ မိန်းကလေးတွေကို ဟူစန်းမြို့မှာ ထားမယ်မထင်ဘူး၊ ကျူပ် တို့ လူလွှတ်ပြီး စုံစမ်းတော့ အဖမ်းခံရတဲ့ မိန်းကလေးတွေ ဟူစန်းမြို့ ပတ်ဝန်းကျင်မှာ မရှိဘူးလို့ သိရတယ်။ ရွှေနဂါး သခင်လေးဟာ ကျူပ်တို့ ညီမတွေကို သူ့ရဲ့ လျှို့ဝှက်အိမ်မှာထား တာ ဖြစ်လိမ့်မယ်"

"သူ့ရဲ့ လျှို့ဝှက်အိမ်က ဘယ်မှာလဲ"

"အဲဒါကို ကျူပ်မသိလို့ပေါ့.... သိရင် ခုချက်ခြင်း သွား တယ်"

"ဒါဆိုရင်တော့ လျှို့ဝှက်အိမ်ကို သိဖို့အတွက် ရွှေနဂါး နန်းတော်ကို အရင်သွားပြီး စုံစမ်းရမယ်ထင်တယ်"

"ရွှေနဂါး နန်းတော်ထိအောင် သွားဖို့မလိုပါဘူး၊ ဒီမြို့ မှာတင် စုံစမ်းလို့ရပါတယ်။ ကျူပ်က ဒီမြို့မှာ လူတစ်ယောက် နဲ့ တွေ့ဖို့ ချိန်းထားတယ်၊ အဲဒီလူက ကျူပ်တို့ သိချင်တာကို သိရ အောင် စုံစမ်းပေးလိမ့်မယ်"

"သူက ဘယ်သူလဲ"

"အကုန် သိစေရပါ"

အကုန်သိ စောရဆိုသည့် အမည်ကြောင့် မြင်းစီးသမားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"အကုန်သိ စောရ၊ ဟုတ်လား ဒီနာမယ်ကို ကြားဖူးပါတယ်။ ဒါပေမယ့် သူ့ကိုတော့ တစ်ခါမှ မမြင်ဖူးဘူး"

သူက လျှို့ဝှက်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ အကုန်သိစောရလို့ နာမယ်ရထားပေမယ့် သူ့ဗျားပစ္စည်းကို ဘယ်တော့မှ မခိုး မဝှက်ဘူး။ လျှို့ဝှက်တဲ့ သတင်းတွေကိုတဲ ခိုးယူတတ်တဲ့အတွက် သူ့ကို အကုန် သိစောရလို့ ခေါ်ကြတာပါ"

"ဘာတဲဖြစ်ဖြစ် သူဟာ ထူးခြားတဲ့ လူတစ်ယောက်ဖြစ်မယ်လို့ ကျုပ်တို့ ယုံကြည်ပါတယ်"

"ကျုပ်ကို ထူးခြားတယ်လို့ ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ တကယ်တော့ ကျုပ်က မထူးခြားလှပါဘူး"

မြင်းစီးသမား ဆယ်ယောက်က ရုတ်တရက်ပေါ်လာသည့် စကားသံကြောင့် ဟိုဟိုသည်သည် ကြည့်ကြသည်။

အားလုံး၏ အကြည့်က ကပ်လျက်စားပွဲတွင် ထိုင်နေသူထံသို့ ရောက်သွားကြ၏။

ထိုသူမှာ အစိမ်းရောင်ဝတ်စုံကို ဝတ်ထားပြီး၊ ဦးထုပ်အနက်တစ်လုံး ဆောင်ထားသည်။ ဖော်ရွေသည့် မျက်နှာထားရှိပြီး ဉာဏ်ထက်မြက်ဟန် ပေါ်သည်။





"ခင်ဗျားက အကုန် သိစောရ မဟုတ်လား"

"ဟား ဟား လူတွေက ကျုပ်ကို အဲသလို ခေါ်ကြတာပဲ။ ဒါပေမယ့် ကျုပ်က အကုန်မသိပါဘူး။ ရွှေနဂါး နန်းတော်ဟာ ဖမ်းသွားတယ်ဆိုတဲ့ မိန်းကလေး ခုနှစ်ယောက်အကြောင်းကို ကျုပ် စုံစမ်းလို့ မရသေးဘူး။ ဒီမိန်းကလေးတွေကို ရွှေနဂါး နန်းတော်က တကယ်ဖမ်းသွားတာမှ ဟုတ်ရဲ့လားလို့ ကျုပ်သံသယဖြစ်လာတယ်"

အကုန်သိစောရ၏ စကားကြောင့် ကျူမင်းယုံ ဆတ်ခနဲ ခေါင်းထောင်သွားသည်။ သူက ဆက်ပြောလာမည့် စကားကို နားစွင့်၏။

"ရွှေနဂါး နန်းတော်သခင် ကျူမင်းရဲဟာ မိန်းမတွေ အများကြီး ယူခဲ့သူပဲ။ အခု သူ့အမွေဆက်ခံတဲ့ သူ့သားဟာလဲ အဖေလိုပဲ လာမှာပေါ့"

အကုန်သိစောရက ခေါင်းကို ညင်ညင်သာသာ ခါယမ်းလိုက်သည်။

"အဲသလို တွက်လို့ မရပါဘူး။ ကျုပ်သိသလောက်တော့ အခု ရွှေနဂါး နန်းတော်သခင်လေးဟာ မိန်းမ ကိစ္စရှင်းတဲ့ လူငယ်ပါ။ ဒါနဲ့တောင် သူက မိန်းကလေး ခုနှစ်ယောက်ကို

ဘာဖြစ်လို့ ဖမ်းသွားသလဲဆိုတာ ကျုပ်နားမလည်ဘူး၊ ဒီကိစ္စကို ကျုပ်စုံစမ်းပါ့မယ်။ ခင်ဗျားတို့ ဒီမြို့မှာ ခုနှစ်ရက် တပတ် အပန်းဖြေပြီး နေကြပါ။ ပြဿနာတစ်ခုကို အသေအချာ စုံစမ်းပြီးမှ ဆုံးဖြတ်လုပ်ကိုင်တာ အကောင်းဆုံးပါပဲ"

"ခင်ဗျားက ဘယ်လိုလုပ် စုံစမ်းမှာလဲ"

မြင်းစီးသမား ဆယ်ယောက်အနက် တစ်ယောက်က မေးလိုက်သည်။ အကုန်သိစောရက ရယ်ပြီး....

"အဲဒါ ကျွန်တော့အပိုင်ပါ၊ ဘယ်လို စုံစမ်းရမလဲဆိုတာ ကျုပ်သိပါတယ်။ မိတ်ဆွေတို့ ညတိုင်း ဒီဆိုင်ကို လာခဲ့ကြပါ၊ ထူးထူး ခြားခြား သတင်းရတာနဲ့ ကျုပ်လာပြီး အကြောင်းကြားပါ့မယ်။ ခုနှစ်ရက် တပတ်လို့ ပြောပေမယ့် သုံးရက်လောက်အတွင်းမှာ သတင်း တစ်ခုခု ရပါလိမ့်မယ်"

"ဒီအတွက် ခင်ဗျားကို ကျုပ်တို့က ဆောင်ရွက်ခ ဘယ်လောက်ပေးရမှာလဲ"

"ကတိတခွန်းပဲ ပေးရမယ်"

"ဘာကတိလဲ"





"အရမ်းကာရော ဆုံးဖြတ်ပြီး လူမသတ်ပါဘူးဆိုတဲ့ ကတိပါ"

ကျူမင်းယုံသည် အကုန်သိစောရ၏စကားကြောင့် စိတ်လှုပ်ရှားသွားမိ၏။

သူ့စိတ်ထဲမှ အကုန်သိစောရအား လေးစားသွားမိသည်။

သူက အကုန်သိစောရနှင့် သီးသန့်တွေ့ဆုံရန် စဉ်းစားလိုက်သည်။ စဉ်းစားချင့်ချိန်တတ်သော အကုန်သိစောရအား အဖြစ်မှန်များ ပြောပြလိုက်လျှင် ရွှေနဂါး နန်းတော်ကို ကယ်တင်နိုင်လိမ့်မည်ဟု သူတွေးမိ၏။

ထို့ကြောင့် သူက ဆွေယဉ့်အနားသို့ကပ်ပြီး အသံကိုတိုးတိုးဖြင့် မှာကြားစရာရှိတာကို မှာသည်။

"အစ်ကို ရုတ်တရက်အပြင်ကို ထွက်သွားရင် ညီမ မလိုက်ပါနဲ့၊ အခန်းကို ပြန်သွားပြီး စောင့်ပါ၊ အပြင်မှာ ကြာကြာမနေဘဲ ပြန်လာပါ့မယ်၊ အစ်ကိုသွားမယ့် ကိစ္စဟာ ညီမတို့ပန်းဝက်ပါတောင်နဲ့လဲ ဆိုင်တဲ့ ကိစ္စဆိုတာ သိထားပါ"

*

## (၁၄) အကုန်သိ ဘိုးဘိုး

အကုန်သိစောရသည် ညနေခင်းအပြင်းပြေ လမ်းလျှောက်သူပမာ မြစ်ဆိပ်ဆီသို့ အေးအေးလူလူ လျှောက်သွားနေသည်။ ကျှုမင်းယုံ အကုန်သိစောရနောက်သို့ ထပ်ချပ်မခွာ လိုက်ခဲ့၏။

မြစ်ဆိပ်တွင် လှေသမ္ဗာန်တွေ ဆိုက်ကပ်ထားသည်။ အကုန်သိစောရသည် မြစ်ဆိပ်၏ အနောက်ဘက်တွင် တစ်စီးထဲ သပ်သပ်ဆိုက်ကပ်ထားသည့် ခေါင်မိုးတပ် သမ္ဗာန်တစ်စီးပေါ်သို့ ခုန်တက်လိုက်၏။ ပြီး–အမိုးခုံးအတွင်းသို့ ခေါင်းငုံ့ပြီး ဝင်သွားသည်။

ယုံကျူမင်းယုံသည် မြစ်ဆိပ်တွင်ရပ်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ မြစ်ဆိပ်တွင် လူအသွားအလာများ များစားစားမရှိ။ မ...က်ာဘွယ်ရာ မတွေ့သဖြင့် အကုန်သိစောရ ခုန်တက်သွားသော သမ္ဗာန်ပေါ်သို့ ခုန်တက်လိုက်သည်။

"ဘယ်သူလဲ"

အမိုးခုံးအတွင်းမှ အိုမင်းသော အသံတစ်သံဖြင့် မေးလိုက်သံကိုကြားရသည်။

"ကျွန်တော် ယုံကျူခင်ဗျာ၊ အကုန်သိစောရနဲ့ ဆွေးနွေးစရာရှိလို့ပါ"

"အထဲကို ဝင်ခဲ့"

ကျူမင်းယုံက အမိုးအောက်သို့ ခေါင်းငုံ့ပြီး ဝင်လိုက်သည်။

အမိုးခုံးအောက်ရှိ လှေဝမ်းထဲတွင် အကုန်သိစောရနှင့် အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်တို့ ထိုင်နေသည်။ သူတို့က လှေဝမ်းထဲဆင်းလာသော ကျူမင်းယုံအား အကဲခတ်ဟန်ဖြင့် ကြည့်နေကြသည်။





"ထိုင်ပါ.... မင်းက ဘာကိစ္စနဲ့ အကုန်သိစောရကို တွေ့ချင်တာလဲ"

"သူနဲ့ နှစ်ယောက်ထဲ ဆွေးနွေးစရာရှိလို့ပါ"

"နှစ်ယောက်ထဲ ဆွေးနွေးလို့ မရဘူး၊ ဒီဆွေးနွေးပွဲမှာ ကျုပ်ပါပါမှ ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက ကျုပ်ရဲ့ နေရာမို့ပဲ"

"ဒါထက် ဘိုးဘိုးက"

"အကုန်သိ ဘိုးဘိုးဆိုတာ ကျုပ်ပဲ"

ကြားလိုက်ရသည့် အမည်ကြောင့် ကျူမင်းယုံ၏ စိတ်ထဲတွင် ထူးဆန်းသွားမိ၏။ သူက အကုန်သိဘိုးဘိုးနှင့် အကုန်သိစောရတို့အား ပါရဝပြုလိုက်ပြီး...

"ခုတလော သိုင်းလောကထဲမှာ သောင်းကျန်းနေတဲ့ ရွှေနဂါး နန်းတော်က သိုင်းသမားအကြောင်း တိုင်ပင်ဆွေးနွေးချင်လို့ပါ"

"ရွှေနဂါး နန်းတော်က သိုင်းသမားတွေ သောင်းကျန်း နေတယ် ဟုတ်လား ကျုပ်အဲဒါကို မကြားမိပါလား"

"ကျွန်တော်လဲ ကိုယ်တွေ့တော့ မကြုံပါဘူး၊ သတင်းကြား တာပါ။ မိန်းကလေး ခုနှစ်ယောက်ကို ဖမ်းသွားတာ ပန်း ဝက်ပါတောင်က သိုင်းသမားတွေကို ချုအန်း တောင်ကြားမှာ သတ်ဖြတ်တာတွေဟာ ရွှေနဂါး နန်းတော်ရဲ့ လက်ချက်လို့ သိုင်းလောကထဲမှာ ပြောဆိုနေကြတယ်"

"အဲဒီအတွက် မင်းက ဘာဆွေးနွေးချင်တာလဲ"

"အဲဒါတွေဟာ အမှန်ဘဲလားဆိုတာ သိချင်ပါတယ်"

"အမှန်ဟုတ် မဟုတ် ကျုပ်တို့လဲ မသိဘူး၊ ဒါပေမယ့် သိုင်း လောကထဲမှာ နာမယ်ကောင်းနဲ့ ကျော်ကြားတဲ့ ရွှေနဂါး နန်းတော်ဟာ အခုလို ဒုစရိုက်မှုတွေ ကျူးလွန်တယ်ဆိုတာ တော့ လက်မခံချင်ဘူး"

"ဘိုးဘိုးက ရွှေနဂါးနန်းတော်ကို တော်တော်ခင်တွယ်ပုံရ တယ်"

အကုန်သိ ဘိုးဘိုးက ကျုမင်းယုံအား တည်ကြည်သော မျက်နှာနှင့် လှမ်းကြည့်သည်။





"ရွှေနဂါးနန်းတော်ဟာ ခင်တွယ်စရာကောင်းတဲ့ နေရာမို့ ကျုပ် ခင်တွယ်တာပဲ။ ရွှေနဂါးနန်းတော် သခင်တွေဟာ သိုင်း လောကရဲ့ ဦးစီးခေါင်းဆောင်တွေအဖြစ် ဂုဏ်သိက္ခာရှိရှိ နေခဲ့ ကြတယ်။ ခုတစ်လောမှာတော့ ရွှေနဂါးနန်းတော်ဟာ ဖြစ် ချက် အမျိုးမျိုးကြောင့် ဂုဏ်သိက္ခာကျပြီးရင်း ကျရင်း ဖြစ်နေ တယ်"

"ဒီကိစ္စတွေကြောင့် ရွှေနဂါးသခင်လေးဟာ ဘယ်ရောက် မှန်း မသိဘဲ ပျောက်နေတယ်။ မင်းဟာ ရွှေနဂါးနန်းတော် ကို အပြစ်ရှာချင်တဲ့သူဆိုရင် မြန်မြန်ပြန်ပါ။ ကျုပ်တို့က ရွှေ နဂါးနန်းတော်နဲ့ ပတ်သက်ပြီး မကောင်းပြောတာကို မကြား ချင်ဘူး"

ကျုမင်းယုံက အကုန်သိဘိုးဘိုးအား အညင်သာဆုံး အပြုံး ဖြင့်ကြည့်သည်။ ပြီး– အကုန်သိစောရဘက်သို့လှည့်လိုက်သည်။

"ကျွန်တော်က ရွှေနဂါးနန်းတော်ကို မလိုမုန်းထားစိတ် မရှိပါဘူး။ အကုန်သိစော့ရဟာ အမှန်တရားကို မြတ်နိုးတဲ့သူ လို့ ယူဆမိတဲ့အတွက်၊ ရွှေနဂါးနန်းတော်က အဖြစ်အပျက် တွေကို အမှန်အတိုင်း သိရအောင် ပြောပြချင်လို့ လာခဲ့တာ ပါ"

"မင်းက ရွှေနဂါးနန်းတော်နဲ့ ပတ်သက်ပြီး ဘာတွေ သိ ထားလို့လဲ"

"လူတွေမသိတဲ့ အကြောင်းအရာ အတော် များများကို ကျွန်တော်သိပါတယ်။ ဒီအကြောင်းအရာတွေကို လုံခြုံစိတ်ချရတဲ့ နေရာမှာပြောမှ ဖြစ်လိမ့်မယ်"

"ဒီနေရာက လုံခြုံစိတ်ချရပါတယ်"

ကျူမင်းယုံက ရွှေနဂါး နန်းတော်အကြောင်း၊ ရွှေနဂါးနန်းတော်၏ ရန်သူ ကျားရဲတိုက်အကြောင်းတို့ကို ခရေစေ့တွင်းကျ ပြောပြလေ၏။

*

"ဒီအတိုင်းဆိုရင် ကျားရဲတိုက်က ရွှေနဂါးနန်းတော်ကို နာမည်ဖျက်နေတာပေါ့ ဟုတ်လား"

"ကျွန်တော် အဲသလိုပဲထင်ပါတယ်။ သက်သေအထောက်အထား မရှိတဲ့အတွက် သေချာပေါက် စွပ်စွဲလို့တော့ မရပါဘူး"





ကျူမင်းယုံ၏စကားကို နားထောင်ရင်း၊ အကုန်သိ ဇောရနှင့် အကုန်သိဘိုးဘိုးတို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြ၏။

ပြီး- အကုန်သိဘိုးဘိုးက ပါးနပ်ထက်မြက်သော အကြည့်ဖြင့် ကျူမင်းယုံအား လှမ်းကြည့်သည်။

တစ်ခဏမျှ စူးစူးစိုက်စိုက်နှင့် ကြည့်နေပြီးနောက်၊ သူက လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

"ရွှေနဂါးသခင်လေးကို ကျုပ် အကုန်သိဘိုးဘိုးက ဂါရဝပြုပါတယ်"

"ဘိုးဘိုး.... ကျွန်တော်"

"သခင်လေးအနေနဲ့ ဆက်ပြီး လျှို့ဝှက်နေဖို့ မလိုပါဘူး။ ကျုပ်ဟာ ရွှေနဂါးသခင် ကျူမင်းရဲရဲ့ မိတ်ဆွေပါ။ ကျုပ် ရွှေနဂါးနန်းတော်ကို ဝင်ထွက်နေတဲ့ အချိန်မှာ သခင်လေးဟာ ဒယ်ငယ်ပဲရှိပါသေးတယ်"

ကျူမင်းယုံသည် အကင်းပါးသော အကုန်သိ ဘိုးဘိုးအား လိမ်ညာ၍ မရတော့ကြောင်း စဉ်းစားမိပြီး ငြိမ်နေလိုက်သည်။

"လူလေးဟာ ကြီးလေးတဲ့ တာဝန်တစ်ခုကို ယူနေရပြီ။ ရွှေနဂါးနန်းတော် တည်မြဲရေးဟာ လူလေးရဲ့ လက်ထဲမှာပဲရှိတယ်"

"ဟုတ်ကဲ့- ဒါကြောင့် ကျွန်တော် လျှို့ဝှက်ပြီး ခရီးထွက်လာခဲ့တာပါ။ စားသောက်ဆိုင်မှာ ဟောဒီက အကုန်သိစောရရဲ့ စကားကို ကြားပြီးတော့၊ အကုန်သိစောရဟာ အမှန်ဘရားကို လက်ခံတဲ့လူပဲဆိုပြီး အကူအညီတောင်းရအောင် လိုက်ခဲ့တာပါ"

"အခု- ရွှေနဂါးနန်းတော်ကိစ္စမှာ ကျုပ်က အကုန်သိစောရ မဟုတ်ဘူး။ အကုန်မသိစောရ ဖြစ်နေပါပြီ"

"ဒါကြောင့် အကုန်သိအောင် စုံစမ်းပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်"

"ကျုပ်လဲ စုံစမ်းနေတာပါပဲ....။ အခု သခင်လေးဆီက ကျွားရဲတိုက်နဲ့ ပတ်သက်ပြီး သိလာရတော့ ကျုပ်စုံစမ်းဖို့ ပိုပြီး လွယ်သွားပါပြီ။ ပြဿနာအားလုံးဟာ ဒီမြို့ကို အခြေခံတယ်လို့ ကျုပ် ယူဆပါတယ်။ ဖြစ်နိုင်ရင် သခင်လေး ဒီမြို့မှာ ခေတ္တနေစေချင်တယ်"





အကုန်သိစောရ၏စကားကို နားထောင်ရင်းမှ ကျူမင်းယိုက ခေါင်းခါပြလိုက်သည်။

"ကျွန်တော် ဒီမှာကြာကြာမနေနိုင်ပါဘူး။ ပန်းဝက်ပါတောင်က ဆေ့ယဉ်ကို လိုက်ပို့ဖို့ တာဝန်ရှိနေပါသေးတယ်။ ဒီတာဝန်ကိုထမ်းဆောင်ပြီးမှ ပြန်လာခဲ့ပါ့မယ်"

"မသွားမဖြစ်လို့ သွားရမယ်ဆိုရင်တော့ သွားပါ။ ကျုပ်တို့ သိသင့်တာတွေကို သိရအောင် စုံစမ်းထားပါ့မယ်"

ကျူမင်းယိုက အကုန်သိစောရအား ကျေးဇူးတင်စွာဖြင့် ကြည့်ပြီး နေရာမှ ထလိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

"သခင်လေးက တကယ်ပဲ သွားတော့မှာလား"

"ဟုတ်ကဲ့.... ကျွန်တော်သွားပါ့မယ်"

"ပန်းဝက်ပါတောင်ကို သွားမှာဆိုတော့၊ သတိထားဖို့မှာပါရစေ။ ပန်းဝက်ပါတောင်ဟာ သိပ် လျှို့ဝှက်ပါတယ်။ တောင်ပေါ်ကို လူစိမ်း အတက်မခံပါဘူး။ သခင်လေးအနေနဲ့ ခွင့်ပြုချက်မရဘဲ အတွင်းကို မဝင်ပါနဲ့။ မလွဲမကင်းသာ ပန်း

ဝင်္ကပါ မယ်တော်နဲ့ တွေ့ခွင့်ကြုံရင် အတတ်နိုင်ဆုံး သူ့ကို လိုက်လိုက်လျောလျော ဆက်ဆံပါ။ သူက ကူညီမယ်ဆိုရင်၊ လ လေး အတွက် အကူအညီအများကြီး ရနိုင်ပါတယ်”

*

ကျူမင်းယုံနှင့် ဆွေယဉ်တို့သည် ချန်စားမြို့မှ တိတ်ဆိတ်စွာ ထွက်ခဲ့ကြ၏။ ချန်စားမြို့မှအထွက်တွင် သူတို့က မြင်းလှည်းတစ်စီးကို ငှားရမ်းစီးနင်း လိုက်ပါလာခဲ့သည်။

“ချန်စားမြို့မှာတုန်းက အစ်ကို ဘယ်ကိုထွက်သွားတာလဲ”

“အကုန်သိစောရန့် သွားတွေ့တာပါ။ သူ့ဆီက ရွှေနဂါး နန်းတော်အကြောင်း သိရမလားလို့ သွားစုံစမ်းတာ”

“ဘာတွေသိခဲ့ရလဲ အစ်ကို”





ကျူမင်းယုံက ချက်ချင်းပြန်မဖြေဘဲ၊ မြင်းလှည်း အတွင်း၌ သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော ဆွေယဉ်အား အကဲခတ်ကြည့် ကြည့်သည်။ ပြီးမှ....

“ရွှေနဂါးသခင်လေး သိုင်းလောကထဲ ဝင်လာပြီဆိုတာပဲ သိရပါတယ်”

“အဲဒါတော့ သူပြောမှမဟုတ်ပါဘူး လူတိုင်းသိကြတာပဲ”

ကျူမင်းယုံက ပြုံးပြီး ခေါင်းခါပြလိုက်သည်။

“လူတိုင်းသိသလို ရွှေနဂါးသခင်လေးက ဒုစရိုက်မှုတွေ ကျူးလွန်ဖို့ သိုင်းလောကထဲ ထွက်လာတာ မဟုတ်ပါဘူး။ သူက ရွှေနဂါးနန်းတော်ကို နာမည်ပျက်စရာဖြစ်နေတာတွေကို စုံစမ်းဖို့ ထွက်လာတာလို့ သိရတယ်”

ကျူမင်းယုံ၏ စကားအဆုံးတွင် ဆွေယဉ် မဲ့ပြုံး ပြုံးလိုက်သည်။

“အစ်ကိုက သူပြောတာကို ယုံသလား”

"ယုံတယ် မယုံဘူးတော့ မဟုတ်ပါဘူး။ အကျိုးအကြောင်းကို သိထားရတာပေါ့။ ဘယ်ကိစ္စမှာမဆို စိတ်လိုက်မာန်ပါ မဆုံးဖြတ်တာဟာ အကောင်းဆုံးပါပဲ"

ဆွေယဉ်သည် ကျုမင်းယုံအား စေ့စေ့ကြည့်ပြီး၊ ပြုံးလိုက်သည်။ သူ့မျက်နှာတွင် အပြစ်တင်ဟန်၊ ရန်လိုဟန်တွေ မရှိတော့ပေ။

"အစ်ကိုဟာ စိတ်သဘောထားကောင်းတဲ့ လူတစ်ယောက်ဆိုတာ ညီမ သိပါတယ်။ ဘကယ်လို့များ ရွှေနဂါးနန်းတော်သခင်လေးဟာ အစ်ကို့လို သဘောထားကောင်းတဲ့ လူဆိုရင် ဘယ်လောက်ကောင်းမလဲ"

"သူဟာ စိတ်သဘောထား မကောင်းဘူးလို့ ညီမ ယူဆသလား"

ဆွေယဉ်က ချက်ချင်း အဖြေမပေး။ မြင်းလှည်းဖြတ်သန်းလာသည့် ခရီးလမ်းကို ကြည့်၏။

"အခု ညီမတို့ရဲ့ ပထမ မမအဖမ်းခံနေရတော့ သူ့ကို အကောင်းမမြင်နိုင်ပါဘူး"





"ဒီကိစ္စ မကြာခင် ရှင်းသွားပါလိမ့်မယ် ညီမ"

ဆွေယဉ်က ခေါင်းကို ခပ်လေးလေး ညိတ်ပြသည်။ အပြင်ဘက် ရှုခင်းကို ကြည့်နေရာမှ....

"ပန်းဝက်ပါတောင်ကို ရောက်ပြီးတာနဲ့ ညီမ သိုင်းလောကထဲ တစ်ခေါက်ပြန်ဝင်မယ်။ အဲဒီအခါကျ အမှန်ကို သိရမှာပါပဲ"

*

## (၁၅) နောက်ယောင်ခံ

တောင်ခြေတွင် မြင်းလှည်းရပ်သွား၏။ ဆွေယဉ်က ရီဝေသော အကြည့်ဖြင့် ကျူမင်းယုံအား ကြည့်လိုက်ပြီး....

"အစ်ကို ဒီနေရာကနေ ရှေ့ဆက်လို့ မရတော့ပါဘူး။ ဒီကနေပြီး ပြန်ပါ။ ညီမကို အခုလိုလိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ အစ်ကို့ကျေးဇူးကို ညီမ တစ်သက်မမေ့ပါဘူး"

ကျူမင်းယုံက ဆွေယဉ်အား ပြုံးလျက်ကြည့်ပြီး၊ ခေါင်းခါပြလိုက်သည်။

"ကျေးဇူးစကားကို မပြောပါနဲ့။ အစ်ကို ကူညီတာဟာ ကျေးဇူးအတင်ခံချင်လို့ မဟုတ်ပါဘူး"

"ဒါပေမယ့် ညီမက"

ကျူမင်းယုံက ဆွေယဉ်အား လက်ကာပြလိုက်သည်။ ဆွေယဉ်၏ စကား တစ်ပိုင်းတစ်စနှင့် ပြတ်သွား၏။

"အကုန်သိစေရ ပြောသလိုပဲ၊ ပြဿနာရှိလာတဲ့အခါမှာ စိတ်လိုက်မာန်ပါမလုပ်ဘဲ၊ အဖြေသိအောင်ရှာဖို့ အစ်ကို ပြောချင်ပါတယ်"

"ဟုတ်ကဲ့။ အစ်ကို့စကားကို ကျွန်မ နားထောင်ပါမယ်"

ဆွေယဉ်က အရည်လည် အရောင်လက်နေသော မျက်လုံးအစုံဖြင့် ကျူမင်းယုံအား စူးစိုက်ကြည့်သည်။ ပြီး– ခြေတစ်ချက်ဆောင့်၍ ခုန်ပြီး၊ တောင်ပေါ်သို့ လျင်မြန်စွာ ပြေးတက်သွား၏။

ကျူမင်းယုံသည် တောင်ခြေတွင် ရပ်ပြီး၊ တောင်ပေါ်သို့ ပြေးတက်သွားသော ဆွေယဉ်အား ငေးကြည့်သည်။





မြင်ကွင်းထဲမှ ဆွေယဉ် ပျောက်ကွယ်သွားသောအခါတွင် မြင်းလှည်းသမားဘက်သို့ လှည့်လိုက်ပြီး၊ ငွေတုံးတစ်တုံး ထုတ်ပေးလိုက်သည်။

"ကျုပ် မြင်းလှည်းခ ရပြီးပါပြီ"

"ဒါက အပိုပေးတာပါ။ ခရီးမြန်မြန်ရောက်အောင် ပို့ပေးတဲ့အတွက် ဆုပေးတာပါ။ ကျွန်တော် ပြန်မလိုက်တော့ပါဘူး။ ခင်ဗျား သွားနိုင်ပါပြီ"

မြင်းလှည်းသမားက ကျူမင်းယုံအား အကြိမ်ကြိမ် အထပ်ထပ် အရိုအသေပေးပြီး၊ မြင်းလှည်းကို မောင်းထွက်သွားသည်။

ကျူမင်းယုံက တောင်ခြေရှိ ပင်စည်လုံးပတ် ကြီးမားသော သစ်ပင်တစ်ပင်အောက်သို့ ဝင်လိုက်သည်။

သူသည် အတန်ကြာအောင် သစ်ပင်အောက်တွင် ရပ်ပြီး၊ ပတ်ဝန်းကျင်ကို ကြည့်နေသည်။

ပတ်ဝန်းကျင် တစ်ခုလုံးသည် ငြိမ်သက်နေ၏။ သာယာနာပျော်ဖွယ်ရှိသော ကျေးသံ ငှက်သံများကို ကြားနေရသည်။

မြင့်မားသည့် ပန်းဝက်ပါတောင်ပေါ်တွင် မြူခိုးများဝေနေသည်။ တောင်ပေါ်တွင် မည်သည့်လှုပ်ရှားမှုမှ မရှိသကဲ့သို့ ငြိမ်သက်နေ၏။

သူက တောင်အောက်တွင် အတန်ကြာအောင် ရပ်နေပြီးနောက်၊ လှေခါးထစ်လမ်းအတိုင်း တောင်ပေါ်သို့ အပြေးတက်သည်။

ကိုယ်ဖော့ပညာသုံးပြီး လျင်မြန်စွာသွားနေသဖြင့် သူ့နားထဲတွင် လေတိုးသံ တဝီဝီနှင့် မြည်နေ၏။

ကွေ့ကွေ့ကောက်ကောက်နိုင်သော လှေခါးထစ် လမ်းက တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်။ သူက လူသွားလမ်းမှ ဖဲ့ကျဉ်ပြီး၊ စေ့စေ့ သိပ်သိပ်ပေါက်နေသော သစ်ပင်များပေါ်သို့ ခုန်တက်လိုက်သည်။

သစ်ပင် တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးပြီး၊ တောင်ပေါ်သို့ ဆက်တက်၏။

အမြင့်ပိုင်းသို့ရောက်လေ၊ တောင်ခိုးတွေက ပို၍ဝေလာလေဖြစ်သည်။ အပေါ်သို့တက်ရင်း၊ ပန်းဝက်ပါ တောင်ပေါ်ရှိ အိမ်များကို မြင်ရသည့် အနေအထားသို့ ရောက်လာ၏။





ကျူမင်းယုံ သစ်ပင်တစ်ပင်ပေါ်တွင် နားလိုက်သည်။ သစ်ပင်ပေါ်မှ နေ၍ ပန်းဝက်ပါဂိုဏ်းတည်ရာကို ကြည့်သည်။

တောင်ပေါ်တွင် ရောင်စုံပန်းများ ဖူးပွင့်နေသော ပန်းခင်းကို မျက်စိတဆုံး မြင်ရသည်။ ထိုပန်းခင်း၏ တစ်ဖက်တွင် စုစုဝေးဝေး ရှိနေသော အိမ်ဆယ်လုံးခန့်ကို တွေ့ရ၏။

အိမ်ဆယ်လုံးအနက် အနီရောင်ဆေးသုတ်ထားသည့် အိမ်ကြီးမှာ ပန်းဝက်ပါမယ်တော်၏ နေအိမ်ဖြစ်မည်ဟု သူ ခန့်မှန်းမိသည်။

ကျူမင်းယုံသည် သစ်ပင်ပေါ်မှ ခုန်ချလိုက်၏။ မြေပြင်ပေါ်သို့ ခြေချသည်မှာပင် မိန်းကလေးသုံးယောက် အနားသို့ ရောက်လာကြသည်။

"ရပ်လိုက်"

မိန်းကလေးသုံးယောက်သည် လခြမ်းသဏ္ဌာန် ဓားမောက်ကိုယ်စီ ကိုင်လျက် ကျူမင်းယုံအား ဟာရိဂံ အနေအထားဖြင့် ဝိုင်းရံလိုက်ကြသည်။

ကျူမင်းယုံက သစ်ရွက်များနှင့် ရောနေသော၊ စိမ်းသော အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးသုံးယောက်ကို ကြည့်ပြီး ရယ်လိုက်သည်။

"ကျုပ် အစကတည်းကရပ်နေတာ မင်းတို့က ဘာဖြစ်လို့ ထပ်ပြီး ရပ်ခိုင်းနေတာလဲ"

ကျူမင်းယုံ၏ စကားကြောင့် မိန်းကလေး သုံးယောက်မှာ သူကိုအမှားကို သူတို့ သိသွားကြပြီး၊ ပြုံးချင် ရယ်ချင်ဖြစ်သွားကြ၏။

သို့သော် သူတို့က မပြုံးမရယ်ဘဲ မျက်နှာထားကို ချက်ချင်း တင်းလိုက်၏။

"ဒီကနေ ရှေ့ကို တစ်လှမ်းမှ မတိုးနဲ့လို့ ပြောတာ။ ဒီနေရာဟာ ပန်းဝက်ပါဒေတာင်၊ တိုအပေါ်မှာ တားမြစ်ထားတဲ့ နေရာလို့ စာရေးထားတာ မတွေ့ဘူးလား"

"ကျုပ်က ပန်းဝက်ပါမယ်တော်နဲ့ တွေ့ချင်လို့ပါ"

"ဂိုဏ်းချုပ်ကြီးက အပြင်လူကို လက်ခံပြီး မတွေ့တတ်ပါဘူး"

"ကျုပ်က ဒီဂိုဏ်းထဲ ဝင်မယ်ဆိုရင်ကော"

မိန်းကလေး သုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး၊ ခစ်ခနဲ ရယ်လိုက်ကြသည်။





"ဝင်လို့ရပါတယ်"

"ဒါဆိုရင် ဂိုဏ်းဝင်အသစ်အဖြစ် ကျုပ်ကို လက်ခံတွေ့ဆုံဖို့ ပြောပေးပါ"

"အဲဒါဆိုရင် စည်းကမ်းချက်တစ်ခုကို အရင်လိုက်နာရပါလိမ့်မယ်"

"စည်းကမ်းချက် ဟုတ်လား။ ဘာ စည်းကမ်းချက်လဲ"

"ရှင့်ကို ရှင် မိန်းကလေးဖြစ်အောင် အရင်လုပ်ရလိမ့်မယ်"

"ဘယ်လို"

ကျူမင်းယုံ မျက်မှောင် ကြုံ့သွားသည်။ မိန်းကလေး သုံးယောက်က ပြုံးစိစိ လုပ်နေကြပြီး....

"ပန်းဝက်ပါဂိုဏ်းဟာ မိန်းကလေးတွေကိုပဲ လက်ခံတယ်။ ရှင် ဒီဂိုဏ်းထဲဝင်ချင်ရင်၊ ကိုယ့်ကိုယ်ကို မိန်းကလေးဖြစ်အောင် အရင်လုပ်ရမယ်"

အလယ်မိန်းကလေး၏စကားကြောင့် ကျူမင်းယုံ ရယ်လိုက်သည်။ ယခောကောင်းပုံရသော မိန်းကလေးသုံးယောက်သည်

သူ့ကို ပန်းဝက်ပါတောင်သို့ ဝင်ခွင့်ပြုလိမ့်မည်ဟု စိတ်က ထင်နေ၏။

"အဲဒါဆိုရင်တော့ ကျုပ် လက်လျှော့ရမယ် ထင်တယ်။ ခက်တာက ကျုပ်ကိစ္စဟာ ပန်းဝက်ပါမယ်တော်နဲ့ တွေ့မှဖြစ်မယ့် ကိစ္စဆိုတော့ သူ့ကို တွေ့ခွင့်ရဖို့ ကြိုးစားရမှာပဲ"

"ဒါ...လုံးဝမဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီအထဲကို ဂိုဏ်းချုပ်ကြီးက ခွင့်မပြုရင် ဘယ်သူမှ ဝင်လို့မရဘူး"

"ဒါကြောင့် ခွင့်ပြုချက်တောင်းပေးဖို့ ညီမတို့ကို ပြောတာပါ။ ကျုပ်က တောင်ကြားလမ်းမှာ အတိုက်ခိုက်ခံရတဲ့ ပန်းဝက်ပါ ဂိုဏ်းသားတွေအကြောင်း ပြောပြချင်လို့ ဆိုတာ မင်းတို့ ဂိုဏ်းချုပ်ကြီးကို ပြောပြပါ"

မိန်းကလေးသုံးယောက်က တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။





"ပန်းဝက်ပါ ဂိုဏ်းသားခြောက်ယောက်အသတ်ခံရတဲ့ကိစ္စ မဟုတ်လား။ ရှင်က အဲ့ဒီကိစ္စနဲ့ ပတ်သက်နေတယ်ဆိုရင် သေပေတော့"

"သူဟာ သခင်မလေးနောက်ကနေ တိတ်တိတ် လိုက်လာတဲ့လူ ဖြစ်လိမ့်မယ်။ သူ့ကို သတ်ပစ်"

"သုံးယောက်နဲ့ တစ်ယောက် ရှင့်ကို အနိုင်မကျင့်ချင်ဘူး။ လက်နက်ထုတ်ပါ"

မိန်းကလေးသုံးယောက်၏စကားကြောင့် ကျူမင်းယို့ ရယ်လိုက်သည်။

"မင်းတို့ လက်နက်မပါတဲ့ ကျုပ်ကို ထိအောင်ပဲတိုက်ခိုက်ကြပါအုံး"

မိန်းကလေးသုံးယောက် အံကြိတ်လိုက်ကြပြီး ကျူမင်းယို့အား ဓားဖြင့် တစ်ပြိုင်နက်တည်း တိုက်ခိုက်လာကြ၏။

မိန်းကလေးသုံးယောက်သည် လခြမ်းသဏ္ဍာန် ဓားမြှောက်များဖြင့် ဩဂုံအနေအထားမှ ဝင်ရောက်တိုက်ခိုက်သည်။

ကျူမင်းယုံသည် မိန်းကလေးသုံးယောက်၏ တိုက်ခိုက်မှုကို ခဲရာခဲဆစ် ရှောင်တိမ်းရဟန်ဖြင့် ရှောင်တိမ်းသည်။

မိန်းကလေးသုံးယောက်မှာ ပို၍အားတက်လာပြီး ကျူမင်းယုံအား ဖိပြီး တိုက်သည်။

အမှန်စင်စစ်တွင် မိန်းကလေးသုံးယောက်၏သိုင်းပညာသည် နပေါင်းတိုက်ခိုက်သည့်တိုင်၊ ကျူမင်းယုံ၏ အင်္ကျီစကိုပင်ထိခိုက်အောင် မတိုက်နိုင်ပေ။

ကျူမင်းယုံက မိန်းကလေးသုံးယောက်အား အလွယ်တကူ အနိုင်ယူ၍ ရသော်လည်း၊ ကမင်သက်သက်ပင် အလူးအလဲခံရဟန် ဆောင်နေသည်။

"မင်းတို့ လွန်မယ်နော်.... ကျုပ်က မင်းတို့ရန်သူ မဟုတ်ပါဘူး"

"ရန်သူ မဟုတ်ဘူးဆိုရင် ရှင် ဂိတောင်ပေါ်ကနေ ဆင်းသွားပါ။ ကျွန်မတို့ ရှင့်ကို ခွင့်လွှတ်လိုက်မယ်"





"ကျုပ် ဂိုဏ်းချုပ်ကြီးနဲ့ တွေ့မှ ဖြစ်မယ်"

"ရှင် သေရင်တောင် တွေ့ခွင့်မရဘူး"

မိန်းကလေးသုံးယောက်၏တိုက်ကွက်က ပို၍ပြင်းထန်လာသည်။ သို့သော် သူတို့၏တိုက်ခိုက်မှုက ကျူမင်းယုံအား ထိခိုက်အောင် တတ်နိုင်စွမ်းမရှိ။

မိန်းကလေးသုံးယောက်မှာ သူတို့၏ တိုက်ခိုက်မှုထိရောက်ခြင်း မရှိသဖြင့် ဒေါသထကြီးဖြစ်လာကြသည်။ သူတို့က ရက်စက် ကြမ်းတမ်းသော တိုက်ကွက်များကို အသုံးပြုလာကြသည်။

တလက်လက်ထနေသော ဓားရိပ်များကြားတွင် ကျူမင်းယုံ ပွတ်ခါသီခါနှင့် ရှောင်တိမ်းနေသည်။ ရှောင်တိမ်းရင်းနှင့်သူက မိန်းကလေးသုံးယောက်၏ သိုင်းကွက်များကို လေ့လာ၏။

မိန်းကလေးသုံးယောက်၏သိုင်းကွက်များမှာ အဆင့်အတန်းမြင့်မားသော သိုင်းကွက်များပင်ဖြစ်သည်။

သို့သော် ထိုမိန်းကလေး သုံးယောက်က အတွေ့အကြုံနုနယ်ပြီး ကျွမ်းကျင်မှုမရှိသေးသဖြင့်၊ ကျူမင်းယုံအား ထိခိုက်အောင် မတတ်နိုင်ခြင်း ဖြစ်၏။

မိန်းကလေးသုံးယောက်မှာ ကျုမင်းယုံအား တိုက်ခိုက်ရင်း မောပန်းလာကြသည်။ ယခုအချိန်ထိ၊ ထိခိုက်အောင် မတိုက်ခိုက်နိုင်သေးသဖြင့် သူတို့စိတ်ထဲတွင် သံသယဖြစ်လာကြ၏။

ကျုမင်းယုံသည် ဟန်ဆောင်ပြီး အသေအလဲ ရှောင်တိမ်းနေရဟန်ပြုနေကြောင်း သိလာကြသည်။

"ရှင်.... ဘာဖြစ်လို့ ခုထိအောင် တိုက်ကွက်မထုတ်သေးတာလဲ"

"ကျုပ်.... ကျုပ် မတတ်နိုင်ဘူး"

ကျုမင်းယုံက အလွန် ပင်ပန်းနွမ်းနယ်ဟန်ဖြင့် နောက်သို့ ခုန်ဆုတ်သည်။ မိန်းကလေးသုံးယောက်က ညာသံပေးပြီး ကျုမင်းယုံအား ဓားဖြင့် မိုးခုတ်လိုက်၏။

ကျုမင်းယုံ နေရာမှ လှစ်ခနဲ ခုန်ထွက်သည်။ သူ၏ ခန္ဓာကိုယ်သည် ပေါ့ပါးသွက်လက်စွာ တိုက်ပွဲစည်းအပြင်သို့ရောက်သွား၏။

မိန်းကလေးသုံးယောက်မှာ မျက်နှာပျက်သွားကြပြီး၊ ရုတ်တရက် ပျောက်သွားသော ကျုမင်းယုံအား ရှာသည်။

သူတို့ ကျောခိုင်းထားရာတွင် ကျုမင်းယုံအား တွေ့သဖြင့် လျင်မြန်စွာ ဝိုင်းလိုက်ကြ၏။





"မင်းတို့ကို ကျုပ် အရှုံးပေးပါတယ်"

"အရှုံးပေးရင် ဒီကနေ ထွက်သွားပါ"

"ကျုပ် တောင်းပန်ပါတယ်။ ကျုပ်က ပန်းဝက်ပါ မယ်တော်နဲ့ မတွေ့ရင် မဖြစ်လို့ပါ"

"ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ခွင့်မရှိဘူးဆိုတာ ရှင့်ကို ဘယ်နှစ်ခါ ပြောရမလဲ"

"ညီမတို့ သူ့ကို သွားပြီး အကြောင်းမကြားသေးဘဲနဲ့ အခုလို ပြောနေတာ မကောင်းပါဘူး။ ဧည့်သည်တစ်ယောက် ရောက်လာရင် အိမ်ရှင်က ဝတ္တရား ကျေပွန်ရပါတယ်"

မိန်းကလေးသုံးယောက်သည် ကျုမင်းယုံအား ဆက်လက် တိုက်ခိုက်မည်ပြုရာမှ တွေတွေဝေဝေ ဖြစ်သွားကြသည်။

သူတို့က တစ်ယောက်မျက်နှာကို တစ်ယောက် တွေတွေဝေဝေနှင့် ကြည့်၏။ ပြီးမှ သုံးယောက်အနက်၊ ခေါင်းဆောင်ဖြစ်ပုံရသော အလယ်မိန်းကလေးက မျက်နှာထားကို တင်းပစ်လိုက်ပြီး....

"ပန်းဝက်ပါတောင်ဟာ ဘယ်ဧည့်သည်တွေကိုမှ လက်မခံတတ်ဘူး"

"ဟုတ်တယ်.... ပန်းဝက်ပါတောင်က ညွှန်သည်ကို အလို မရှိဘူး"

"ရှင် ဒီကနေ မြန်မြန်ထွက်သွားပါ"

မိန်းကလေးသုံးယောက် ရှေ့တိုးလာကြသည်။ ကျူမင်းယုံ နောက်သို့ ဆုတ်လိုက်၏။ သူသည် ပန်းဝက်ပါတောင်၏ သတ်မှတ်နယ်မြေအတွင်းသို့ ရောက်နေပြီဖြစ်ကြောင်း သိလိုက်၏။

"ရှင်.... နောက်မဆုတ်နဲ့"

"ဟင်.... ဘာဖြစ်လို့လဲ။ မင်းတို့က ရှေ့တိုးလာနေတာ ကျုပ် နောက်မဆုတ်လို့ ဖြစ်မလား"

"မဆုတ်နဲ့"

မိန်းကလေးခေါင်းဆောင်က ဓားမောက်ဖြင့် ခုတ်ချလိုက်သည်။ ကျူမင်းယုံက နောက်သို့ ထပ်ပံပြီး ခုန်ဆုတ်သည်။

"ရှင်.... နောက်မဆုတ်နဲ့ဆိုတာ မကြားဘူးလား"

မိန်းကလေးများ၏ဟန့်တားသံကြောင့် ကျူမင်းယုံရယ်ချင် သွားသည်။ သို့သော် မရယ်ဖြစ်။ ရုတ်တရက် မိန်းကလေး





သုံးယောက်နှင့် သူ့ကြားသို့ ခုန်ပျံ ရောက်ရှိလာသော လူရိပ် ကြောင့် အံ့အားသင့်ပြီး မျက်လုံးပြူးသွားရသည်။

ရောက်ရှိလာသည့် လူရိပ်မှာ ပိုင်စုပန်း ဖြစ်နေသည်ကိုတွေ့ ရ၏။

"ဟင်.... ညီမ"

ပိုင်စုပန်းက ကျူမင်းယုံအား လက်ကာပြလိုက်သည်။ ကြီး မိန်းကလေးသုံးယောက်ဘက်သို့ လှည့်ကာ လက်ဝါးကိုထောင် ပြလိုက်သည်။

သူ့လက်ဝါးထဲတွင် ကျောက်စိမ်းပြား တစ်ပြားကို ကိုင် ထားလျက်ရှိ၏။

"ဟင်.... ကျောက်စိမ်းအမိန့်"

တိုက်ခိုက်ရန်ပြင်ဆင်နေသော မိန်းကလေးသုံးယောက်သည် ရုတ်ချည်းပင် လက်နက်များကို လွှတ်ချပြီး၊ မြေပြင်ပေါ် ဒူး ထောက် ထိုင်ချလိုက်ကြလေ၏။

*

## (၁၆) ကျောက်စိမ်းအမိန့်နှင့် ပန်းဝတ်ပါမယ်တော့်

မိန်းကလေးသုံးယောက်၏ အပြုအမူကြောင့် ကျူမင်းယုံ အံ့အားသင့်သွားသည်။ သူက မိန်းကလေးများတစ်လှည့်၊ ပိုင်စုပန်းအား တစ်လှည့် ကြည့်သည်။

"ဂိုဏ်းချုပ်ကြီးကို ကျောက်စိမ်းအမိန့်ရှင် မရောက်နေတယ်လို့ သွားအကြောင်းကြားပါ"

ပိုင်စုပန်း၏အသံ တည်ငြိမ်စွာ ပေါ်လာသည်။ ဒူးထောက်ထိုင်နေသည့် မိန်းကလေး သုံးယောက်အနက် ခေါင်းဆောင်မိန်းကလေး နေရာမှ ထသည်။

ချထားသည့် ဓားမောက်ကို ကောက်ယူပြီး၊ ပန်းခင်းခြံရှိ ထားသော ပန်းဝက်ပါဂိုဏ်းတည်ရာသို့ ပြေးထွက်သွား၏။

"ညီမ ဘယ်ကနေ ဒီကိုရောက်လာတာလဲ။ အစ်ကို ထွက်လာကတည်းက လိုက်လာတာ မဟုတ်လား"

ပိုင်စုပန်းက ကျောက်စိမ်းအမိန့်ပြားကိုသိမ်း၍ နောက်ဆုတ်ရင်းမှ ခေါင်းညိတ်ပြသည်။

"အစ်ကိုကို စိတ်မချလို့ လိုက်လာတာ။ ချန့်စားမြို့ကိုရောက်မှ အစ်ကို့သတင်းကိုရပြီး ဒီရောက်အောင် လိုက်ခဲ့တာပါ"

"ဒီ အမိန့်ပေးကျောက်စိမ်းပြားက ဘာအဓိပ္ပာယ်လဲ ညီမ"

"ပန်းဝက်ပါဂိုဏ်းရဲ့ အမိန့်ပေး ကျောက်ပြားပါ။ ဒါ… မမရဲ့ပစ္စည်းပဲ။ မမကပေးထားလို့ ညီမ ရထားတာပဲအစ်ကို"

ကျူမင်းယုံနှင့် ပိုင်စုပန်းတို့ စကားပြောနေဆဲတွင် ထွက်သွားသော မိန်းကလေးပြန်ရောက်လာသည်။ သူက ပိုင်စုပန်းတို့ရှေ့တွင် ရပ်၍ ဦးညွတ် ဂါရဝပြုပြီး….





"ကျွန်မ စကားစိမ်းတစ်က ကျောက်စိမ်းအမိန့်ရှင်ကိုကြိုဆိုပါတယ်။ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ဆုံဖို့ကြွပါ"

"ဒီအစ်ကိုက ကျုပ်နဲ့အတူလာတဲ့ လူပဲ။ သူ့ကိုပါခေါ်ခွဲရမယ်"

"ကျောက်စိမ်းအမိန့်ရှင်ရဲ့ သဘောအတိုင်းပါပဲ။ ညီမနှစ်နဲ့ ညီမသုံး ဒီမှာ ဆက်ပြီးစောင့်နေပါ။ မမ အမိန့်ရှင်ကို စကားဖြူအဖွဲ့လက်ထဲအပ်ပြီး ပြန်လာပါ့မယ်"

စကားစိမ်းတစ်က စကားအဆုံးတွင် တံတိုင်းသဖွယ်ကာရံနေသော ပန်းခင်းကြားသို့ တိုးဝင်သွားသည်။

ကျူမင်းယုံနှင့် ပိုင်စုပန်းတို့က ထိုမိန်းကလေး နောက်သို့ လိုက်ခဲ့ကြ၏။

ပန်းဝက်ပါဆိုသည့်အတိုင်း ပန်းခင်းမှာ ဝက်ပါတစ်ခုဖြစ်နေသည်။ စကားစိမ်းတစ်က ဝက်ပါကွက်များကို နင်းပြီး ရှေ့မှ ဦးဆောင်၍ လျှောက်သည်။

ကျူမင်းယုံတို့က နောက်မှ ထပ်ချပ်မကွာ လိုက်သည်။

ပန်းခင်းအဆုံးတွင် မြေကွက်လပ်တစ်ခုသို့ ရောက်သည်။ ထို မြေကွက်လပ်တွင် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းက လေး သုံးယောက် ရပ်နေကြ၏။ သူတို့က ကျူမင်းယုံတို့အား ဦးညွှတ် ဂါရဝပြုလိုက်ပြီး....

"အမိန့်ရှင်ကို ကျွန်မတို့ စကားဖြူ ညီအစ်မတွေက ကြိုဆို ပါတယ်။ ကျွန်မတို့နောက်က လိုက်ခဲ့ပါရှင်"

အဖြူရောင်ဝတ် မိန်းကလေးသုံးယောက်က မြေကွက်လပ်ကို ဖြတ်လျှောက်သည်။ စကားစိမ်းတစ်သည် ပန်းဝက်ပါခင်းကို ဖြတ်ပြီး၊ နောက်ကြောင်းပြန်လှည့်သွား၏။

ရှေ့မှ ဦးဆောင်သွားနေသော အဖြူရောင် မိန်းကလေး သုံး ယောက် ဆေးအနီသုတ်ထားသော အိမ်ကြီးရှေ့တွင် ရပ်လိုက် သည်။

ထိုအိမ်ရှေ့တွင် အဝါရောင် ဝတ်ထားသော မိန်းကလေး သုံးယောက် ရှိနေကြ၏။ ထိုသုံးယောက်က ကျူမင်းယုံတို့အား ဂါရဝပြုလိုက်ကြသည်။

"အမိန့်ရှင်ကို စကားဝါ ညီအစ်မတွေက ကြိုဆိုပါတယ်။ ဂိုဏ်းချုပ်ကြီးနဲ့တွေ့ဖို့ ကြွပါရှင်"





စကားဝါသုံးယောက် အိမ်အတွင်းသို့ ဝင်လိုက်ကြသည်။ ကျူမင်းယုံတို့က နောက်မှလိုက်၏။ သူတို့သည် ကော်ဇောအနီ ခင်းထားသော အခန်းတစ်ခန်းထဲသို့ ရောက်သွားသည်။

လမ်းတစ်လျှောက်တွင် အစိမ်းရောင်၊ အဖြူရောင်၊ အဝါ ရောင် ဝတ်ထားသည့် မိန်းကလေးသုံးဆယ်ခန့်က စီတန်းလျက် ရပ်နေကြ၏။

ရပ်နေသူများအဆုံးတွင် ထိုင်ခုံများချထားပြီး၊ ထိုင်ခုံ မြင့် မြင့် တစ်လုံး၌ အနက်ရောင်ဝတ်စုံ ဝတ်ထားသော အဘွားအို တစ်ယောက် ထိုင်နေသည်။

ထိုအဘွားအို၏ ဘေးတွင် အပြာရောင်ဝတ်စုံ ဝတ်ထားသည့် ဆွေယဉ်ကို ရပ်နေလျက် တွေ့ရ၏။

"ကျောက်စိမ်းပြား အမိန့်ရှင် ရောက်လာပါပြီ ဂိုဏ်းချုပ် ကြီး"

အနက်ရောင်ဝတ်ထားသည့် ပန်းဝက်ပါ ဂိုဏ်းချုပ်ကြီးက ကျူမင်းယုံနှင့် ပိုင်စုပန်းတို့အား အရောင်တဖျပ်ဖျပ် လက်နေ သည့် မျက်လုံးအစုံဖြင့် ကြည့်သည်။ သူ့မျက်နှာမှာ အမူအရာ ကင်းမဲ့နေ၏။

"အမိန့်ရှင်က ဘယ်သူလဲ"

ပိုင်စုပန်း ရှေ့သို့တိုးသွားပြီး၊ ပန်းဝက်ပါ ဂိုဏ်းချုပ်ကြီးအား ဂါရဝပြုလိုက်သည်။

"ကျွန်မ ပိုင်စုပန်းက အမိန့်ရှင်ပါ"

"ကြယ်တာရာ သခင်မလေးနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"မမ ပိုင်ရှင်းလွှမ်းက ကျွန်မရဲ့ မမပါ။ ပန်းဝက်ပါတောင်ကို ရောက်ရင် သုံးဖို့အတွက် ကျွန်မကို ကျောက်စိမ်းအမိန့်ပြား ပေးထားပါတယ်။ ဒီအမိန့်ပြားကို ဂိုဏ်းချုပ်ကြီးလက်ထဲ အပ်ပါတယ်"

ပိုင်စုပန်းက ကျောက်စိမ်းပြားကို ထုတ်ပြီး ကိုင်လိုက်သည်။

ဂိုဏ်းချုပ်ကြီးဘေးတွင် ရပ်နေသော ဆွေယဉ် ရှေ့တိုးလာပြီး၊ ပိုင်စုပန်းလက်ထဲမှ အမိန့်ပေးကျောက်စိမ်းပြားကို ယူသည်။ ပြီး....ဂိုဏ်းချုပ်ကြီးလက်ထဲသို့ အပ်လိုက်၏။

"သူက ဘယ်သူလဲ"





ဂိုဏ်းချုပ်ကြီးက ကျူမင်းယုံအား ညွှန်ပြပြီး မေးသည်။

"သမီးကို တောင်ကြားလမ်းမှာ ကယ်တင်ခဲ့တဲ့လူဟာ သူပါ ဘွားဘွား"

"သူနဲ့ ကျောက်စိမ်းပြား အမိန့်ရှင်နဲ့ ဘယ်လို ပတ်သက်လို့လဲ"

"သူဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပါ။ ကျွန်မကို အရှက်တကွဲဖြစ်ရမယ့်ဘေးက ကယ်ထားပါတယ်"

ဂိုဏ်းချုပ်ကြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။ ကျူမင်းယုံကို စေ့စေ့ကြည့်လိုက်ပြီး....

"မင်းက ပင်ကိုယ်မျက်နှာကို ဘာဖြစ်လို့ ဖုံးကွယ်ထားရတာလဲ"

"ကျွန်တော်"

"ပန်းဝက်ပါနန်းတော်မှာ ဟန်ဆောင်မှုကို အလိုမရှိပါဘူး။ ပင်ကိုယ်မျက်နှာနဲ့ နေပါ"

ဂိုဏ်းချုပ်ကြီး၏ စကားအဆုံးတွင် ကျူမင်းယုံက သူ့မျက်နှာကို လက်ဖြင့် သပ်လိုက်သည်။ ထိုအခါ သားရေပြား မျက်နှာအတုတစ်ခု လက်ထဲတွင်ပါလာပြီး၊ ချောမောခန့်ငြား သော ကျူမင်းယုံ၏ ပင်ကိုယ်မျက်နှာ ပေါ်လာ၏။

"ဟင်"

"အစ်ကို"

"မင်း ဘယ်သူလဲ"

ကျူမင်းယုံက ဂိုဏ်းချုပ်ကြီးအား လက်နှစ်ဘက် ဆုပ်ပြီး ဂါရဝပြုလိုက်သည်။

"ကျွန်တော် ကျူမင်းယုံပါ။ ရွှေနဂါးနန်းတော်သခင် ကျူမင်းရဲရဲ့ အမွေခံသားပါ"

ကျူမင်းယုံအား ကြည့်နေသော ဂိုဏ်းချုပ်ကြီး၏ မျက်နှာတွင် ထူးခြားသော အရိပ်အယောင်များ ပေါ်ပေါက်လာလေ၏။

*





"မင်းကသူ့ မြေးကိုး.... ဟုတ်ပါပြီ- ဟုတ်ပါပြီ။ ဒီမျက်နှာပါပဲ.... ဒီမျက်နှာပါပဲ"

ဂိုဏ်းချုပ်ကြီး၏ နှုတ်မှတီးတိုးပေါ်ထွက်လာသည့်စကားသံကို အတိုင်းသား ကြားလိုက်ရ၏။ ဂိုဏ်းချုပ်ကြီး၏စကားကြောင့် ကျူမင်းယုံ၏ စိတ်ထဲတွင် ထူးဆန်းသွားမိလေသည်။

"မင်းဟာ ရွှေနဂါးနန်းတော် သခင်လေးပေါ့ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ပန်းဝက်ပါ ညီအစ်မခြောက်ယောက်ကို မင်းရဲ့လူတွေက သတ်လိုက်တာ မင်း သိသလား"

"သူတို့ကို တိုက်ခိုက်ခဲ့တာ ရွှေနဂါးနန်းတော်က လူတွေ မဟုတ်ပါဘူး။ ရွှေနဂါးနန်းတော်ကို သိက္ခာကျအောင်လုပ်ကြံချင်တဲ့ လူတစ်စုပါ"

"အဲဒီလူတွေက ဘယ်သူတွေလဲ"

"ကျားရဲတိုက်က လူတွေပါ"

"ဘာ...."

ဂိုဏ်းချုပ်ကြီး၏ အသံက ခန်းမဆောင်ကြီးတစ်ခုလုံး ပွင့်ထွက်သွားမတတ်ဟိန်းသွားသည်။ သူ၏ မျက်လုံးအစုံမှာလည်း ဒေါသရောင် တဖျပ်ဖျပ် လက်လာ၏။

"မင်းက ကျားရဲတိုက်ကို တရားခံအဖြစ် စွပ်စွဲနေတာလား"

"ရွှေနဂါးသိုင်းပညာကိုတတ်တာ ကျားရဲတိုက်က ဝမ်ဟိုး တစ်ယောက်ပဲ ရှိပါတယ်။ သူဟာ ရွှေနဂါးသိုင်းကွက်တွေကို ကျွန်တော့်ထက်ပိုပြီး ကျွမ်းကျင်လို့ သူနဲ့ ရင်ဆိုင်တဲ့အခါမှာ ကျွန်တော် ရှုံးသွားပါတယ်။ သူဟာ ကျွန်တော့်ကို နိုင်ရုံနဲ့ မကျေနပ်ဘဲ၊ ရွှေနဂါးနန်းတော်ကို သိမ်းပိုက်ချင်တဲ့ဆန္ဒရှိပုံရပါတယ်"

"သူက ဘာဖြစ်လို့ အဲသလို လုပ်ချင်ဘာလဲ"

"အဲ့ဒါကို ကျွန်တော် မသိပါဘူး။ ကျွန်တော်တို့ လူလား မမြောက်ခင်က ရွှေနဂါးနန်းတော်မှာ အရှုပ်အရှင်း တစ်ခုခု ရှိကောင်း ရှိနေပါလိမ့်မယ်။ ဒီ အရှုပ်အရှင်းဟာ အခုအချိန်ကျမှ ပြန်ပြီး အသက်ဝင်လာတာလို့ ကျွန်တော်ထင်မြင် ယူဆပါတယ်"





"အင်း"

ဂိုဏ်းချုပ်ကြီးက သက်ပြင်းချလိုက်သည်။ သေးငယ် စူးရှသော သူ့မျက်လုံးအစုံသည် ကျူမင်းယုံထံသို့ စူးစိုက်စွာရောက်မြဲ ရောက်နေ၏။

"ဟိုတုန်းက အမှားအယွင်းတစ်ခုဟာ အခုအချိန်ကျမှ အနာဟောင်း တစ်ခု ပြန်ထသလို ထလာတာကိုး။ ဒါမျိုးမဖြစ်သင့်ပါဘူး၊ ဒီလိုမဖြစ်စေရဘူးလို့ ငါသူ့ကို ကတိပေးထားတယ်။ သမီး ဆွေယဉ် သူတို့ကို ခေါ်သွားပြီး၊ ဧည့်ဆောင်မှာ နေရာချပေးလိုက်ပါ။ မနက်ဖြန်ကျမှ ကျုပ် သူတို့နဲ့ တွေ့မယ်"

ဂိုဏ်းချုပ်ကြီးက စကားအဆုံးတွင် လက်ကိုဝှေ့ယမ်းလိုက်သည်။ ခန်းမဆောင်ထဲတွင်ရှိနေသော အဖြူရောင်၊ အဝါရောင်နှင့် အစိမ်းရောင်ဝတ် မိန်းကလေးများ နေရာမှထွက်ခွာသွားကြ၏။

ဂိုဏ်းချုပ်ကြီးကလည်း ထိုင်နေရာမှထပြီး၊ အတွင်းဘက် အခန်းတစ်ခန်းသို့ ဝင်သွားသည်။

ခန်းမဆောင်တွင် ကျူမင်းယုံ၊ ဖိုင်စုပန်းနှင့် ဆွေယဉ်တို့သာ ကျန်ရစ်ခဲ့၏။

"အစ်ကို.... ကျွန်မနောက်ကို လိုက်ခဲ့ပါ"

ကျူမင်းယုံသည် သိချင်သည့်အကြောင်းအရာ များစွာရှိနေသော်လည်း ဆွေယဉ်အား မေးမြန်းခြင်းမပြုဘဲ နောက်ကလိုက်ခဲ့၏။ ကျူမင်းယုံနှင့်အတူ ပိုင်စုပန်းက ကပ်ပြီး လိုက်ခဲ့သည်။

ဆွေယဉ်သည် ကျူမင်းယုံတို့အား အခန်းငယ်များကို ဖြတ်ပြီး ခေါ်သွားသည်။

အိမ်၏ ညာဘက်ခြမ်းသို့ ရောက်သောအခါ အခန်းတစ်ခုအတွင်းသို့ ဝင်လိုက်၏။

"ဒီအခန်းက ဧည့်ခန်းဆောင်ပါ အမိန့်ရှင်မမ။ ဒီအခန်းမှာ နေပါ။ အစ်ကိုကတော့ ဟိုဘက်အခန်းမှာ နေပါ"

"ဟိုဘက်အခန်းကို နောက်မှသွားတာပေါ့။ ညီမနဲ့ စကားပြောချင်လို့ ခဏထိုင်ပါဦး"

"ဘွားဘွားရဲ့ အမိန့်မရှိဘဲ ကျွန်မ ဒီမှာ နေလို့ မရပါဘူး။ အစ်ကိုတို့ ဒီမှာ လွတ်လွတ်လပ်လပ် နေခဲ့ကြပါ။ အချိန်ကျရင်





အစားအသောက် လာပို့ပါလိမ့်မယ်။ မနက်ဖြန်ထိအောင် အပြင်မထွက်ဘဲနဲ့ နေပါ"

"အစ်ကိုတို့ကို ပန်းပက်ပါတောင်က ဖမ်းဆီးလိုက်တာလား"

ဆွေယဉ်က ပြုံးပြီး ခေါင်းခါပြသည်။

"အစ်ကိုတို့ဟာ ပန်းပက်ပါရဲ့ ဧည့်သည်ပါ။ ဧည့်သည်အဖြစ်နဲ့ လွတ်လပ်ခွင့် ရှိပါတယ်။ ဒါပေမယ့် ထင်ရာသွားနေရင် မလိုအပ်တဲ့ ပြဿနာတွေ ရှိလာနိုင်လို့ ဒီမှာနေခိုင်းတာပါ။ ပန်းစက်ပါ ဂိုဏ်းသားတွေဟာ ရွှေနဂါးနန်းတော်ကို မုန်းတီးနေကြပါတယ်"

"ညီမကရော အစ်ကို့ကို မုန်းတီးပြီး ရန်ငြိုးဖွဲ့ချင်နေပြီလား"

"အစ်ကိုက ညီမရဲ့ အသက်သခင်ပါ"

ဆွေယဉ်က ခေါင်းငုံ့ပြီး ဖြေလိုက်၏။ သို့သော် မသာမယာ ဖြစ်နေသည့် ဆွေယဉ်၏ မျက်နှာကိုကြည့်ပြီး၊ ကျူမင်းယုံမှာ စိတ်ရှုပ်ထွေး သွားမိသည်။

"ညီမကို အစ်ကို တစ်ခု ပြောချင်ပါတယ်။ တခြားမဟုတ်ပါဘူး။ သိုင်းလောကထဲမှာ ခုတလောဖြစ်ပေါ်နေတဲ့ ပြဿနာဟာ အစ်ကိုတို့ ရွှေနဂါးနန်းတော်နဲ့ မဆိုင်ပါဘူး။ ကောက်ကျစ် စဉ်းလဲတဲ့ လူတစ်ယောက်ကရွှေနဂါးနန်းတော်ကို နာမည်ဖျက်နေတာပါ။ အစ်ကိုက တရားခံအစစ်ကို ရှာဖွေဖော်ထုတ်ဖို့အတွက် ရုပ်ဖျက်ပြီး၊ သိုင်းလောကထဲ ထွက်လာခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့ တရားခံအစစ်ဟာ အစ်ကိုတို့ ရွှေနဂါး နန်းတော်က ဆိုရင်၊ သိုင်းလောကက ခုံသမာဓိ လူကြီးတွေရှေ့မှာ အစ်ကို လည်စင်းပြီး အပြစ်ပေးခံပါ့မယ်"

ဆွေယဉ်က ကျူမင်းယုံအား တုန့်ပြန်စကား မပြောဘဲ တွေဝေငေးမောလျက် ကြည့်နေသည်။ ပြီးမှ သက်ပြင်းရှည်ကြီး တစ်ချက်ချလျက်....

"အစ်ကိုဟာ လူတွေ လျှောက်သတ်နေလောက်အောင် စိတ်သဘောထား ခက်ထန်တဲ့လူ မဟုတ်ဘူးဆိုတာ ညီမ သိပါတယ်။ ညီမ ဒီအကြောင်းကို ဘွားဘွားကို ပြောပြထားပါမယ်။ ဧည့်ခန်းဆောင်မှာ အနားယူပြီး နေပါ။ ညနေစာကို ညီမကိုယ်တိုင် လာကျွေးပါ့မယ်ရှင်"





ဆွေယဉ်သည် စကားအဆုံးတွင် ကျူမင်းယုံနှင့် ပိုင်စုပန်းတို့အား မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ပြီး- အခန်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားလေ၏။

*

## (၁၇) လွတ်မြောက်ခြင်း

ပိန်းပိတ်သောအမှောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကိုအုပ်မိုးနေ၏။

ပိုင်ရှင်းလွှမ်း၏ ညင်သာသော အသက်ရှူသံကိုကြားနေရသည်။ ကျီမှူထိသည် အသက်ရှူသံကြားရာဆီသို့ အားစိုက်ပြီးကြည့်သည်။ လူပုံသဏ္ဌာန် ရေးရေးရိပ်ရိပ်ကို မြင်နေရသလိုစိတ်က ထင်မိသည်။

မင်း၊ ၁၉၅၆

"ညီမ"

ကျီမူထိ၏ခေါ်သံ တိုးညင်းစွာ ပေါ်လာသည်။ ညင်သာသော ပိုင်ရှင်းလွမ်း၏ အသက်ရှူသံ ရပ်သွား၏။ အသက်ရှူသံ အစား ပိုင်ရှင်းလွမ်း၏ စကားသံ ပေါ်လာသည်။

"အစ်ကိုကြီး အိပ်လို့မရဘူးလား"

"မှောင်နေလို့ ညနဲ့တူပေမယ့် ဒီအချိန်က ညအချိန်မဟုတ်ဘူး ထင်တယ်။ အားဖြစ်အောင် အိပ်လိုက်မယ် စိတ်ကူးပေမယ့် အိပ်လို့မရဘူး။ ညီမကော အိပ်ပျော်နေသလား"

"မအိပ်ပါဘူး အစ်ကိုကြီး။ ညီမ အတွင်းအားလေ့ကျင့်နေတာပါ။ အစ်ကိုကြီးရဲ့ ခေါ်သံကိုကြားမှ လေ့ကျင့်တာ ရပ်ပစ်လိုက်တယ်"

"အချိန်တွေ အလကား ကုန်မယ့်အတူတူ အတွင်းအား လေ့ကျင့်နေတာ ကောင်းပါတယ်။ ညီမ ဒီမှာပဲထိုင်ပြီး အတွင်းအား လေ့ကျင့်နေပါ။ အစ်ကိုကြီး မြေတိုက်ခန်းထဲ လျှောက်ကြည့်လိုက်ဦးမယ်။ တစ်နေရာရာမှာတော့ ထွက်ပေါက်ရှိမှာပဲ"

"ဒါလောက်မှောင်နေတာ အစ်ကိုကြီး ဘာကိုမြင်ရမှာလဲ"

"မျက်စိနဲ့ မမြင်ရပေမယ့် လက်နဲ့ စမ်းကြည့်လို့တော့ ရတာပဲ။ ငြိမ်နေတာထက်စာရင် ကြိုးစားကြည့်တာ မမှားပါဘူး"





"ဟုတ်ပါတယ် အစ်ကိုကြီး။ ကြည့်မယ်ဆိုရင် ကြည့်ပါ"

ကျီမူထိထိုင်နေရာမှ ထလိုက်သည်။ မြေအောက်ခန်း နံရံကို လက်ဖြင့် စမ်းပြီး တဖြည်းဖြည်း ရွေ့၏။ မြေတိုက်ခန်းနံရံမှာ ကျောက်သား အတိခံနေပြီး ထွက်ပေါက်နှင့်တူသောအရာဆို၍ တစ်စုံတစ်ရာမှ မတွေ့ရပေ။

ကျီမူထိသည် စိတ်ပျက်အား လျော့ခြင်းမရှိဘဲ နံရံကိုလက်ဖြင့် စမ်းမြဲစမ်းသည်။ သံသယရှိသောနေရာကို လက်ဖြင့် အသာအယာ ခေါက်ကြည့်၏။ သူမျှော်လင့်သကဲ့သို့ လိုဏ်သံကိုမကြားရပေ။

ကျီမူထိသည် စိတ်ပျက်အားလျော့ခြင်းမရှိဘဲ တစ်နေရာမှ တစ်နေရာသို့ ရွေ့သည်။ မြေတိုက်ခန်း နံရံကို လက်ဖြင့် ခေါက်ကြည့်၊ ထိုးကြည့်၊ ရိုက်ကြည့်လုပ်သည်။

တစ်နေရာမှ တစ်နေရာသို့ ရွေ့ရင်း အသံတစ်သံကိုကြားရသည်။ တိုးညင်လွန်းသည့်အသံမှာ ရေသံဖြစ်ကြောင်း ကျီမူထိ သိလိုက်သည်။ အတွင်းအား အလွန်းကောင်းသဖြင့် ကြားနေရသော ထိုအသံပေါ်ထွက်လာရာမှ ဝေးလံလိမ့်မည်ဟု သူတွက်ဆမိသည်'

သူက အသံပေါ်ထွက်လာရာဆီသို့ ဦးတည်ပြီး လျှောက်သည်။ မြေတိုက်ခန်းမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်ကို သတိပြုမိ၏။ အမိုးမှာလည်း တဖြည်းဖြည်း နိမ့်လာသဖြင့် ခါးကိုင်းပြီး လျှောက်ရသည်။

ခြေလှမ်းတစ်နေရာခန့် လျှောက်မိစဉ် အလင်းရောင် ရေးရေးရိပ်ရိပ်ကို တွေ့ရသည်။ ထိုအလင်းရောင်ပေါ် ထွက်နေရာထိရောက်အောင် ခါးကိုင်း၍ပင် သွား၍မရတော့။ ကျီမူထိမှာ ကိုယ်ကို ကွေးညွတ်ပြီး လျှောက်ရသည်။

အလင်းရောင်ပို၍ မိလာပြီး ရှေ့တွင် လမ်းမရှိတော့ဘဲ နံရံတစ်ခုကာဆီး နေသည်ကို တွေ့ရ၏။ သူလာခဲ့သည့် လမ်းအဆုံးမှာ ဂူပေါက်သဏ္ဌာန်ဖြစ်နေသဖြင့် ရှေ့သို့ အရမ်းမတိုးဘဲ တရွေ့ရွေ့တိုးကြည့်သည်။

သူနှင့် ရှေ့ခြေတစ်လှမ်းအကွာတွင် ကြမ်းပြင်ကြိုးပြတ်နေသည်ကို တွေ့ရ၏။ ထိုနေရာတွင် အလင်းရောင်ပို၍ ရနေသဖြင့် သူက ခေါင်းကို အနည်းငယ်ထုတ်ပြီး ကြည့်သည်။

အလင်းရောင်မှာ အပေါ်ဘက် အမြင့်ပိုင်း တစ်နေ ၇မှာ တိုးဝင်နေခြင်း ဖြစ်၏။ သူရှိနေသည့်နေရာအောက်တွင် လှုပ်ရှားနေသည့်ရေပြင်ကို မြင်ရသည်။ ထို့ကြောင့်ပင် အလင်းရောင်ဝင်





ရောက်နေသည့် နေရာမှ ရေတွင်းတစ်တွင်းဖြစ်ကြောင်း သိလိုက်ရ၏။

ထွက်ပေါက် တွေ့ပြီဆိုသည့်အသိနှင့် ကျီမူထိ ဝမ်းသာသွားသည်။ သူကချက်ချင်းပင် နောက်ကြောင်းပြန်လှည့်၏။ ပိုင်ရှင်းလှမ်းရှိနေရာသို့ လျင်မြန်စွာထွက်ခဲ့သည်။ သို့သော် မှောင်ထဲတွင် လျှောက်နေရသဖြင့် ခရီးမတွင်လှပေ။

"ညီမ.... ညီမ"

ကျီမူထိက ခတ်တိုးတိုး ခေါ်လိုက်သည်။ ရှေ့တည့်တည့်မှ ပိုင်ရှင်းလှမ်း၏သံကိုကြားရ၏။ သူက အသံကြားရာသို့လျှောက်ခဲ့သည်။

"အစ်ကိုကြီး ဘာတွေ့ခဲ့လို့လဲ"

"ထွက်ပေါက်ကို တွေ့ပြီညီမ၊ ရှေ့မှာ ရေတွင်းကြီးတစ်တွင်းရှိတယ်။ အပေါ်ကိုတက်လို့တော့ သိပ်လွယ်မှာ မဟုတ်ဘူး။ ဒါပေမယ့် အမှောင်ထဲမှာ ထိုင်နေတာထက်စာရင် ရေတွင်းအပေါ်ကိုတက်နိုင်ဖို့ ကြိုးစားကြည့်တာက ပိုကောင်းပါတယ် ညီမ၊ အဲဒီကိုလိုက်ခဲ့ပါ"

"အစ်ကိုကြီးက ဘယ်မှာလဲ။ ဟုတ်ပြီ ဟုတ်ပြီ အင်္ကျီစကိုစမ်းမိပြီ။ အစ်ကိုကြီး ရှေ့ကသွားပါ၊ ညီမအစ်ကိုကြီးရဲ့ အင်္ကျီစကို ဆွဲပြီး လိုက်ခဲ့ပါ့မယ်"

ကျီမူထိက ရှေ့မှ ဦးဆောင်ပြီး လျှောက်သည်။ ပိုင်ရှင်းလွှမ်းက ကျီမူထိ၏ အင်္ကျီစကိုဆွဲပြီး နောက်မှလိုက်၏။

"အပေါ်က ထမင်းထုတ်ချပေးပြီးသွားပြီးဆိုတော့ မကြာခင် မိုးချုပ်တော့မယ်။ ရေတွင်းအပေါ်ကို မမှောင်ခင်မှာ ကြိုးစားကြည့်ပါ"

"နေ့အလင်းရောင်မရှိပေမယ့်၊ ကြယ်ရောင် လရောင်တော့ ရှိမှာပါညီမ။ ကြိုးတစ်ချောင်းသာ ရရင် အစ်ကိုကြီး အပေါ်ကို တက်လို့ရအောင် ကြံနိုင်ပါတယ်။ ရေတွင်းအနားကိုရောက်မှ အဝတ်အစားတွေ ဆုတ်ဖြဲပြီး ကြိုးကျစ်တာပေါ့။ အပေါ်ကိုတက်လို့မရတောင်မှ အဲဒီနေရာက အလင်းရောင်ရှိတော့ နေထိုင်ရတာ အဆင်ပြေပါလိမ့်မယ်"

ပိုင်ရှင်းလွှမ်းက ဝေဖန်စကား မပြောဘဲ ကျီမူထိ၏ နောက်မှ တိတ်ဆိတ်စွာ လိုက်ခဲ့၏။ သူက လမ်းတစ်လျှောက်တွင် ကျီမူထိအား ဆယ်နှစ်လုံးလုံး ရန်သူလိုသဘောထားဆက်ဆံခဲ့သည်ကို ပြန်တွေးနေမိ၏။





ငယ်စဉ်ဘဝက ကျီမူထိနှင့်အတူနေထိုင်ခဲ့ရပုံ။ သိုင်းပညာကို အတူသင်ကြားခဲ့ရပုံ၊ ပညာစုံခဲ့ပြီးနောက် ဂိုဏ်းတူညီမတစ်ယောက်နှင့် ပတ်သက်ပြီး ကျီမူထိအား အထင်မှားခဲ့ပုံ၊ ပညာဖလှယ်ရာတွင် ကျီမူထိက အလျှော့ပေးသည်ကို အထင်သေးသည်ဟု မှတ်ယူပြီး ရန်သူစာရင်းသွင်းခဲ့ပုံတို့ကို ပြန်သတိရလာ၏။

ပိုင်ရှင်းလွှမ်းသည် စဉ်းစားတွေးတော၍ လျှောက်ရင်း၊ အမိုးက တဖြည်းဖြည်း နိမ့်လာသဖြင့် ခေါင်းကို တဖြည်းဖြည်းငုံ့ရသည်။ နောက်ဆုံးတွင် ရေတွင်းပေါက်ဆီမှ အလင်းရောင်ကို တွေ့လိုက်ရလေ၏။

*

ကျီမူထိသည် အဝတ်အစားများကို ဆုတ်ဖြဲပြီး ရှည်လျားသော ကြိုးတစ်ချောင်း ရအောင်ကျစ်သည်။ ညဝက်ခန့်အကြာတွင် ရှည်လျားသော ကြိုးတစ်ချောင်းကိုကျစ်၍ ပြီးသွား၏။

ကျီမူထိက သူ့တွင်ရှိနေသော ဓားတိုနှစ်ချောင်းကို ချိတ်သဏ္ဍာန်ဖြစ်အောင် ကြိုးဖြင့် ချည်သည်၊ ချိတ်ခိုင် မခိုင်စမ်းသပ်

သည်။ ခက်ခဲနေသော နံရံကြားသို့ ချိတ်ကို သွင်းပြီး အားထုတ်၍ ဆွဲကြည့်၏။ အားအဆင့်သုံးထိချိတ်က ခံနိုင်ရည်ရှိသဖြင့် စိတ်ကျေနပ်သွားဟန် ချိတ်ကို ပြန်ထုတ်သည်။

ပိုင်ရှင်းလွမ်းမှာ ကျီမူထိကြိုးကျစ်နေစဉ်၊ ချိတ်ပြုလုပ်နေစဉ်တွင် ကြမ်းပြင်ပေါ် ငြိမ်သက်စွာထိုင်ပြီး အတွင်းအား လေ့ကျင့်နေ၏။ အတွင်းအား လေ့ကျင့်ပြီးချိန်တွင် တရေးအိပ်သည်။

ကျီမူထိက အိပ်ပျော်နေသော ပိုင်ရှင်းလွမ်းအား အနှောက်အယှက်မပေးဘဲ၊ ရေတွင်းဘက်ထွက်သည့် အပေါက်ဝသို့ ခေါင်းပြူ၍ ထွက်သည်။ ညဝက်လုံးလုံးကျစ်ထားသည့် ကြိုးထိပ်တွင် ကပ်ထားသည့်ချိတ်ကို စက်ဝိုင်းသဏ္ဍာန်ဖြစ်အောင် ညင်သာစွာ ဝှေ့ရမ်း၏။ ချိတ်မှာ အထက်မှ အောက်သို့ စက်ဝိုင်းသဏ္ဍာန်လည်ပတ်သည်။

သူသည် လည်ပတ်နှုန်းကို တဖြည်းဖြည်း မြင့်လာအောင် အားစိုက်သည်။ ခဏအကြာ၌ ချိတ်သည် တဝီဝီနှင့် အရှိန်ပြင်းစွာ လည်လာ၏။

ကျီမူထိက အတွင်းအားကို အဆင့်ငါးထိထုတ်ပြီး ချိတ်ကို အပေါ်သို့ ပစ်တင်လိုက်သည်။ မားတိုနှစ်ချောင်းဖြင့် ပြုလုပ်ထားသည့် ချိတ်မှာ အရှိန်ပြင်းစွာ အပေါ်သို့ ပြေးတက်သွား





၏။ ခွေထားသည့်ကြိုးမှာ တရစ်ပြီးတရစ်ပြေလျက် ချိတ်နောက်သို့ ပါသွားသည်။

ချိတ်သည် ရေတွင်းအပေါ်သို့ ရောက်သွားပြီး တစ်နေရာတွင် ချိတ်မိသွားသည်။ ကျီမူထိက ကြိုးကိုဆွဲပြီး ချိတ်ခိုင် မခိုင် စမ်း၏။ ကြိုးစမှာ တင်းပြီး ငြိမ်နေသဖြင့် လူတစ်ယောက်၏ အလေးချိန်ကို ခံနိုင်ပြီဟု သူတွက်သည်။

သူက ကြိုးကို ကိုင်ထားရင်း ပိုင်ရှင်းလွမ်းဘက်သို့ လှည့်လိုက်သည်။

ပိုင်ရှင်းလွမ်းမှာ အိပ်ပျော်နေဆဲဖြစ်၍ ပခုံးကို လက်ဖြင့် နှိုးလိုက်၏။

"ညီမ....ညီမ"

ပိုင်ရှင်းလွမ်းဖျပ်ခနဲ ထထိုင်လိုက်သည်။ ရေတွင်းဝမှ ဝင်နေသော ကောင်းကင်အလင်း မှုန်ရီရီဖြင့် မြင်နေရသည်။ ကျီမူထိ၏ မျက်နှာကို ကြည့်သည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"အစ်ကိုကြီး အပေါ်ကို တက်မယ်"

"ကြိုးကျစ်လို့ ပြီးသွားပြီလား"

"ပြီးပြီ၊ ချိတ်ကို တောင်အပေါ်ပစ်တင်လိုက်ပြီးပြီ၊ အစ်ကိုကြီးက ညီမကို အရင်တက်ခိုင်းမလားလို့၊ ဒါပေမယ့် ချိတ်က စိတ်မချရတာနဲ့ အစ်ကိုကြီးပဲ အရင်တက်ဖို့ ဆုံးဖြတ်တယ်။ ညီမ အဆင်သင့်စောင့်နေပါ။ အစ်ကိုကြီးအပေါ်ကို ရောက်တာနဲ့ ညီမတက်လာခဲ့ဖို့ အချက်ပြလိုက်မယ်"

ပိုင်ရှင်းလွှမ်းက အနစ်နာခံစွန့်စားရန် ဆုံးဖြတ်သော ကျီမူထိအား ပြုံးကြည်ချိုမြသော အကြည့်ဖြင့် ကြည့်သည်။ သို့သော် မှေးမှိန်သော အလင်းရောင်တွင် ထိုအပြုံးကို ကျီမူထိမမြင်နိုင်ပါချေ။

"အစ်ကိုကြီး အရင်တက်မယ့် အစား ညီမ အရင်တက်ရင် ပိုကောင်းမယ်။ညီမတက်နေတုံး ကြိုးပြတ်ကျလာရင်လဲ အောက်မှာအစ်ကိုကြီး ရှိနေတော့ ကူညီလို့ ရတာပေါ့"

"မဟုတ်ဘူးညီမ ဒါလောက်အမြင့်က နေကျရင် သေမှာပဲ။ သေခြင်းသေရင် အစ်ကိုကြီးပဲ အသေခံမယ်။ ညီမအောက်မှာပဲ နေပါ။ ဒီမြေအောက်ခန်းထဲမှာ နေနေတာက တစ်နေ့ကျ လွတ်မြောက်နိုင်စရာအကြောင်း ရှိပါတယ်"





ကျီမူထိက ခိုင်မာစွာ ဆုံးဖြတ်ထားပြီးဟန်ဖြင့် ပြောသည်။ ပိုင်ရှင်းလွှမ်းက ကန့်ကွက်စကား မဆိုတော့ဘဲ ငြိမ်နေလိုက်၏။

"အောက်ကနေ ကြိုးကို တင်းတင်း ဆွဲထားပါ ညီမ၊ အစ်ကိုကြီးအပေါ်ကို တက်တော့မယ်"

"တက်ပါ အစ်ကိုကြီး"

ပိုင်ရှင်းလွှမ်းက ကြိုးကိုဆွဲကိုင်လိုက်သည်။ ကျီမူထိသည် ကြိုးကိုဆွဲပြီး ရေတွင်းထဲ ဆင်းလိုက်၏။ ပြီး ရေတွင်းနံရံကို ခြေဖြင့် ကန်၍ အပေါ်သို့ လျင်မြန်စွာတက်သည်။

ပိုင်ရှင်လွှမ်းမှာ အပေါ်သို့ တက်သွားနေသော ကျီမူထိအား ရင်တထိတ်ထိတ်နှင့် ကြည့်နေသည်။ တစတစနှင့် ကျီမူထိ၏ သဏ္ဍာန်မှာ သေးငယ်သွားသည်။

သူသည် အသက်ကို ဖြောင့်ဖြောင့်မရှူရဲဘဲ အပေါ်မှအချက်ပေးလာမည်ကို စောင့်ကြည့်နေ၏။ သို့သော် အတန်ကြာအောင် စောင့်နေသော်လည်း အချက်ပေးလာသည်ကို မတွေ့ရ။

ပိုင်ရှင်းလွှမ်းက အပေါ်သို့ လိုက်တက်ရန် ဆုံးဖြတ်လိုက်သည်။ ပထမဆုံး သူက ကြိုးချည်စရာနေရာ ရှာ၏။ ငေါ်ထွက်နေသော အုတ်စွန်းတစ်ခုကို တွေ့သည်နှင့် ကြိုးခိုင်အောင်ချည်လိုက်သည်။ ပြီးတင်းနေသော ကြိုးကိုတွယ်ပြီး ကိုယ်ဖော့ပညာသုံးလျက် အပေါ်သို့ တက်သည်။

ရေတွင်းနံရံကို ကန်ပြီး ကြိုးကို ခိုဆွဲထားသော ပိုင်ရှင်းလွှမ်း၏ ခန္ဓာကိုယ်သည် ဒေါင်လိုက်အနေအထားဖြင့် အပေါ်သို့ လျှင်မြန်စွာ တက်နေ၏။ တွင်းထက်ဝက်ခန့်သို့ အရောက်တွင် အပေါ်သို့ တက်နေသည့်နှုန်းက နှေးကွေးလာသဖြင့် သူသည် ပို၍ အားစိုက်ထုတ်၏။ လက်ဖြင့် ကြိုးကိုဆွဲပြီး အပေါ်သို့ လျှင်မြန်စွာ ဆက်တက်သည်။

ကြယ်ရောင်များ လင်းလက်နေသော ကောင်းကင်ပြင်ကို မြင်လာရသည်။ ကောင်းကင်အလင်းဖြင့် ရေတွင်းနံရံများကို ပြတ်ပြတ်ထင်ထင် တွေ့ရ၏။

အပေါ်သို့ရောက်လုလုတွင် မာန်သွင်းအော်ဟစ်သံ တိုက်ခိုက်သံတို့ကို ကြားရသည်။ ကျိုမူထိအပေါ်သို့ အရောက်တွင် ရန်သူနှင့် တွေ့နေပြီဟု သူသိလိုက်၏။

သူက ရေတွင်းဘောင်နှင့် သူ့ကြားရှိ အကွာအဝေးကိုမှန်းဆသည်။ ပြီး တွင်းနံရံကို ခြေဖြင့် ဆောင့်ကန်၍ အပေါ်သို့





ခုန်တက်လိုက်၏။ ပျံလွှားငှက်တစ်ကောင်ပမာ သူ့၏ခန္ဓာကိုယ် ရေတွင်းဘောင်ပေါ်သို့ ပျံဝဲရောက်ရှိသွား၏။

သူက ရေတွင်း ဘောင်ပေါ်တွင်ရပ်ပြီး ပတ်ဝန်းကျင်ကို ကြည့်သည်။ ကြယ်ရောင်အလင်းတွင် အပြင်း အထန်တိုက်ခိုက်နေသော ကျိုမူထိနှင့် သိုင်းသမားတစ်ယောက်တို့ကို တွေ့ရ၏။ ပိုင်ရှင်းလွှမ်းက သိုင်းလောက စည်းကမ်းကို ဂရုမထားတော့ဘဲ ရန်သူအား နောက်မှနေ၍ သွေးခကြော ထိုးပိတ်လိုက်သည်။

*

## (၁၈) ခရီးဇော်

ကျီမူထိနှင့် တိုတ်ခိုက်နေသူသည် အလစ်တွင် အကြောပိတ်ခံရသဖြင့် မြေပြင်ပေါ်သို့ ခွေကျသွား၏။ ကျီမူထိမှာ ပိုင်ရှင်းလွမ်းအား ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

"ဟင်.... ညီမ"

ပိုင်ရှင်းလွမ်းက ကျီမူထိအား တိတ်တိတ်နေရန် အချက်ပြလိုက်၏။ ပြီး စူးစမ်းသော မျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်ကို လျင်မြန်စွာ ကြည့်သည်။

သူတို့ရောက်နေသည့် နေရာမှာ ကျွားရဲတိုက်အနောက်ဖက် ခြံဝင်းအစွန်းတွင် ဖြစ်ကြောင်း သိလိုက်ရ၏။ ပိုင်ရှင်းလွှမ်းက ကျိမ္မူထိအနားသို့ တိုးကပ်လိုက်ပြီး....

"ညီမတို့ ဒီကနေ မြန်မြန်သွားကြရအောင် အစ်ကိုကြီး"

ကျိမ္မူထိက ခေါင်းညိတ်ပြသည်။ သူက အကြောပိတ်ခံရသဖြင့် လဲကျနေသူထံမှ ဓားကို ယူလိုက်သည်။ ပြီး ကျွားရဲတိုက်ဝင်း အုတ်တံတိုင်းဆီသို့ ဦးဆောင်ပြီး ပြေးထွက်၏။

ကျိမ္မူထိနှင့် ပိုင်ရှင်းလွှမ်းတို့ ခြံဝင်းအုတ်တံတိုင်းကို ခုန်ကျော်လိုက်ကြသည်။ အပြင်ဘက်သို့ ရောက်သည်နှင့် အနောက်စူးစူးသို့ ဦးတည်ပြီးလျှင်မြန်စွာပြေး၏။

ကိုယ်ဖော့ပညာအဆင့်မြင့်သူများ ဖြစ်၍ မကြာမီပင် ခရီးအတော်ဝေးဝေးသို့ ရောက်လာသည်။ သူတို့ တောင်ကုန်းများကို ကျော်လွှားဖြတ်သန်းနေစဉ် မနက်ခင်း၏ အလင်းရောင် ရေးရေးရိပ်ရိပ်ပေါ်လာသည်။ ထိုအခါကျမှ ပိုင်ရှင်းလွှမ်းက ကျိမ္မူထိတွင် အင်္ကျီမပါသည့်အဖြစ်ကို သိလိုက်၏။

"အစ်ကိုကြီးက အင်္ကျီကို ဆုတ်ပြီး ကြိုးကျစ်လိုက်တာ အခု အင်္ကျီမရှိတော့ဘူး"





"ကိစ္စမရှိပါဘူး။ နေထွက်လာရင် ချန်စားမြို့ကိုရောက်မှာပဲ။ အဲဒီကိုရောက်မှ အင်္ကျီဝယ်ဝတ်တာပေါ့"

"အင်္ကျီတောင်မရှိတော့တာ အစ်ကိုကြီးမှာ ဝယ်စရာ ငွေကောရှိရဲ့လား"

ပိုင်ရှင်းလွှမ်း၏ စကားကြောင့် ကျိမ္မူထိကြောင်း အန်းအန်းဖြစ်သွားသည်။ ပြီးမှ သူက အားရပါးရ ရယ်လိုက်သည်။

"ဟုတ်သားဘဲ ကြိုးကျစ်ဖို့ အဝတ်စတွေ ဆုတ်တုံးက အင်္ကျီထဲက ငွေတုံးတွေ မြေအောက်ခန်းထဲမှာ ချထားပစ်ခဲ့တယ်။ မထူးပါဘူး၊ မြို့ကိုရောက်တို့ ဝယ်စရာမရှိတော့လဲ အလှူခံရတာပေါ့"

ကျိမ္မူထိက ရိုးရိုးစင်းစင်းပင် ပြောလိုက်သည်။ သည်တစ်ခါ ပိုင်ရှင်းလွှမ်းက ရယ်သည်။ ရယ်မောရင်းမှ....

"အစ်ကိုကြီးမှာ တစ်ပြားတစ်ချပ်မှမရှိတော့ပေမယ့် ညီမမှာ ငွေကြေးရှိပါတယ်။ ညီမက အစ်ကိုကြီးကို လက်ဆောင်ဝယ်ပေးမှာပါ။ငယ်ငယ်တုန်းကဆိုရင် အစ်ကိုကြီးက မြို့ကိုသွားတိုင်း ညီမအတွက် လက်ဆောင်ဝယ်ပေး နေကျပဲ။ ဒီတစ်ခါတော့ ညီမအလှည့်ပေါ့ အစ်ကိုကြီးရယ်"

ပိုင်ရှင်လွှမ်း၏ အသံမှာ သိမ်မွေ့နွဲ့လျနေသည်။ ကျီမူထိအား ပြေးနေရင်းမှ လှည့်ကြည့်သည်။ သူ့အကြည့်သည် ရွှန်းလဲ့အရောင်လက်နေ၏

ယခုတစ်ကြိမ်တွင် ကျီမူထိသည် ပိုင်ရှင်လွှမ်း၏ အကြည့်၊ ပိုင်ရှင်းလွှမ်း၏ မျက်လုံးအစုံကို သတိပြုမိသွား၏။ သို့နှင့်အမျှ သူ့ရင်မှာ သိမ်မွေ့ညင်သာစွာ လှုပ်ရှားသွားမိလေသည်။

မြေးလွှားနေရင်းမှ စမ်းချောင်းငယ်တစ်ခုအနားသို့ ရောက်လာသည်။ စမ်းချောင်းနှင့် မနီးမဝေးတွင် ယာတောတစ်ခုကို တွေ့ရ၏။ မြေအုတ်အစိမ်းဖြင့် ဆောက်ထားသော အိမ်တစ်လုံးကိုပါ တွေ့ရသည်။

"လူနေအိမ်ကိုတွေ့ပြီ ညီမ၊ ခရီးလမ်းနဲ့ ပတ်သက်လို့ စုံစမ်းရင်း ခဏဝင်နားကြရအောင်"

ကျီမူထိက ပြေးနေသည့်အရှိန်ကို လျှော့ပြီး ပြောသည်။ ပိုင်ရှင်းလွှမ်းက ကျီမူထိလိုပင် အပြေးရှိန်ကို လျှော့ပြီး ခေါင်းညိတ်ပြသည်။ ပုံမှန်ခြေလှမ်းများဖြင့် လျှောက်ပြီး ယာတောအိမ်ဆီသို့ ချဉ်းကပ်ခဲ့ကြ၏။





အိမ်အနီးသို့ အရောက်တွင် ခွေးဘစ်ကောင်က ဝူးဝူးဝါးဝါး ထိုးဟောင်သည်။ ကျီမူထိက ရှေ့သို့ တိုးထွက်ပြီး လက်ဖျောက်တီး၍ ဟောင်နေသည့် ခွေးအနီးသို့ချဉ်းကပ်၏။

ညာဘက်မှ လက်ဖျောက်တီးနေရင်း သူက ဘယ်လက်ကို ညင်သာစွာ ဝှေ့ရမ်းလိုက်သည်။ လေလှိုင်းလှုပ်ရှားသံ ပေါ်လာပြီး သူ့လက်က ခွေး၏ကျောပြင်ကို ပွတ်သပ်လိုက်သကဲ့သို့ ရှိသွား၏။

ခွေးဟောင်ရပ်သွားသည်။ တအီအီနှင့် ဒအသံပြုပြီး အမြီးကို လှုပ်ရမ်းလာ၏။ ကျီမူထိက ခွေးကိုကြည့်၍ ပြုံးလိုက်သည်။

"သိပ်လိမ္မာတဲ့ ခွေးပဲ"

"အစ်ကိုကြီး ခွေးနိုင်ဂါထာကိုရွတ်လိုက်ပြီလား"

"ဟား....ဟား ဟုတ်တယ်၊ ညီမက အဲဒါတွေမှတ်မိသားပဲ ကိုး၊ ငယ်ငယ်တုန်းက ခွေးကိုချော့ပြရင်း ခွေးနိုင်ဂါထာ တတ်တယ်လို့ ကြွားခဲ့တာ။ တကယ်တော့ ချော့မော့တာဟာ ခွေးကိုမှ မဟုတ်ဘူး။ တခြားအကောင်တွေကိုလဲ နိုင်တဲ့ဂါထာပဲ"

ကျီမှူထိတို့သည် မြေဖြင့် ဆောက်ထားသည့် အိမ်ရှေ့သို့ ရောက်လာ၏။ သူတို့ရောက်လာစဉ်မှာပင် အိမ်ထဲမှ အရပ်အမောင်းကောင်းကောင်း၊ မုတ်ဆိတ်ကျင်စွယ် အဖွေးသားနှင့် လူတစ်ယောက်ထွက်လာသည်။

အသက်ခြောက်ဆယ်နီးပါးခန့် ရှိသည်။ ထိုလူကြီးက သေးငယ်စူးရှသော မျက်လုံးအစုံဖြင့် ကျီထိမှူတို့အား စူးစူးစမ်းစမ်း ကြည့်လိုက်သည်။

"ကျွန်တော်တို့ ခရီးဝေးကလာတဲ့လူတွေပါ၊ လမ်းမှာ ဒုက္ခရောက်လာကြလို့ အစားအသောက်နဲ့ အင်္ကျီတထည်လောက် ရောင်းပါခင်ဗျာ"

"အိမ်ထဲကို ဝင်ကြပါ၊ ကျုပ်အိမ်က စားသောက်ဆိုင် မဟုတ်တဲ့ အတွက် အစားအသောက်မရောင်းပါဘူး။ အထည်ဆိုင်မဟုတ်တဲ့အတွက် အင်္ကျီလဲ မရောင်းပါဘူး တောင်ယာသမားတစ်ယောက်ရဲ့ အိမ်ဆိုတော့ ရောက်လာတဲ့ ဧည့်သည်ကို စားသောက်ကျွေးမွေးရမယ် ဆိုတာလဲ သိပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် စကားပြောမှားသွားတဲ့ ခွင့်လွှတ်ပါ။ ကျွန်တော်က ကျီမှူထိပါ။ သမားတော်တစ်ယောက် ပါပဲ။ သူက"....





"ကျုပ်သိပါတယ်၊ မင်းတို့ဇနီးမောင်နှံဧည့်ခန်းမှာ ထိုင်ပါ ကျုပ် ဆံပြုတ်ယူခဲ့ပါမယ်။ ရော့ရော့ ကျုပ်က တောင်ယာသမားဆိုတော့ အဝတ်အစား သိပ်ကောင်းကောင်း မရှိဘူး။ ဒီအင်္ကျီကို ဝတ်ထားလိုက်ပါ"

ယာသမားကြီးတ ဖျင်ကြမ်း အင်္ကျီတစ်ထည်ကို ပေးသည်။ မူလက အပြာရောင်ဖြစ်ခဲ့ ပုံရသော အင်္ကျီမှာ နေစားပြီး ဖြူရော်နေပြီ ဖြစ်၏။ သို့သော် လျှော်ဖွတ်ထားသဖြင့် သန့်ပြန့်နေသည်။

ကျီမှူထိက ဖျင်ကြမ်း အင်္ကျီကို ဝတ်လိုက်သည်။ ယာသမားအဘိုးအို အတွင်းခန်းသို့ ဝင်အသွားတွင် ဧည့်ခန်း၌ ထိုင်လိုက်၏။ ထိုင်ရင်းမှ ပိုင်ရှင်းလွှမ်အား ကြည့်သည်။

ပိုင်ရှင်းလွှမ်းမှာ ယာသမား အဘိုးအို ပြောသွားသည့် စကားကြောင့် ရှက်သွားဟန်ဖြင့် မျက်လွှာလေးချပြီး ထိုင်နေလေ၏။

*

တောင်ယာသမားကြီး တိုက်ကျွေးသည့် ဆံပြုတ်ကိုသောက်ပြီးနောက် ကျိုမူထိတို့ ခရီးဆက်သည်။

ပန်းဝက်ပါတောင်သို့သွားရန် အဆိုပြုသည်။ ပိုင်ရှင်းလွမ်း၏ စကားကြောင့် ကျိုမူထိသည် တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုဘဲ၊ ပန်းဝက်ပါတောင်ဘက်သို့ ဦးတည်လိုက်၏။

ပန်းဝက်ပါတောင်သို့ သွားရာလမ်းသည် တောင်တန်းအသွယ်သွယ်ကို ဖြတ်ကျော်ရ၏။

ကျိုမူထိတို့သည် တစ်ညလုံး ခရီးပြင်းနှင်ခဲ့ပြီး အိပ်ရေးပျက်နေကြသော်လည်း နားရန်စိတ်မကူးဘဲ၊ခရီးတွင်အောင် လျှောက်ကြ၏။

မွန်းတည့်ချိန်သို့အရောက်တွင် ရွာတစ်ရွာသို့ ရောက်လာကြ၏။ ထိုရွာမှာ အိမ်ခြေသုံးရာခန့်ရှိပြီး တံငါသည် အများစုနေထိုင်ရာ ရွာဖြစ်သည်။

ရွာတွင် စားသောက်ဆိုင်မရှိ။

တည်းခိုခန်းမရှိပေ။ ကျိုမူထိတို့က ရွာအစွန်တွင် ရှိသော အိမ်တစ်အိမ်သို့ ဝင်လိုက်ကြသည်။





ထိုအိမ်မှာ တဲအိမ်တစ်အိမ်မျှသာ ဖြစ်၏။

အိမ်ကို ကြည့်ယုံနှင့် အိမ်ရှင်မှာ ဆင်းရဲနွမ်းပါးသူ ဖြစ်ကြောင်း သိသာနေသည်။

"အိမ်ရှင်ခင်ဗျာ၊ ကျွန်တော်တို့ ရပ်ဝေးကလာတဲ့ ခရီးသွားတွေပါ။ စားသောက်စရာများ ရရင် ဝယ်ချင်ပါတယ်"

အိမ်ရှေ့တွင် ရပ်မိသည်နှင့် ကျိုမူထိက အသံမြှင့်ပြီး ချိုသာခြင်းစွာ ပြောသည်။

ကျိုမူထိ၏ စကားသံ အဆုံးတွင် အိမ်အတွင်းမှာ အသက်လေးဆယ်အရွယ် လူတစ်ယောက်ထွက်လာသည်။

ထိုသူမှာ ပြုံးရွှင်ချိုသာသော မျက်နှာထားရှိပြီး သဘောကောင်းပုံရသည်။

"ဒီရွာမှာက အစားအသောက်ရောင်းတဲ့ ဆိုင်မရှိဘူး။ မင်းတို့က ကျုပ်အိမ်ကိုမှ ရွေးပြီးရောက်လာတော့ ကျုပ်ကပဲ ဧည့်ဝတ်ပြုရမှာပေါ့။ ကျုပ်မှာ ရောင်းစရာတော့ မရှိဘူး။ တံငါသည်တွေက ငါးပိရလို့ လက်ဆောင်လာပေးထားတဲ့ ငါးကင်

တွေတော့ ရှိတယ်။ ပေါက်စီအခြောက်နဲ့ ငါးကင်ကို စားသွားကြပေါ့"

"ငါးကင်နဲ့ ပေါက်စီဆိုတော့ သိပ်ကောင်းတာပေါ့၊ အစားအသောက်အတွက် မိတ်ဆွေကို ကျေးဇူးတင်ပါတယ်ဗျာ"

"ကြုံကြိုက်လို့ ကျွေးရတာပဲ ကျေးဇူးမတင်ပါနဲ့"

အိမ်ရှင်က လတ်ဆတ်သော ငါးကင်နှင့် အသားလွတ်ပေါက်စီများကို ချပေးသည်။

ကျိုမူထိတို့မှာ ခရီးပြင်းနှင်ခဲ့ရပြီး ဆာလောင်နေသဖြင့် ဟန်မဆောင်ဘဲ၊ အစားအသောက်ကို အားရပါးရ စားကြ၏။

သူတို့ စားသောက်နေဆဲ အိမ်ထဲသို့ လူရိပ်တစ်ရိပ် ဝင်ရောက်လာသည်။

ထိုလူရိပ်မှာ ပန်းဝက်ပါတောင်မှ ဆွေယဉ်ပင်ဖြစ်၏။

ဆွေယဉ်သည် အိမ်ထဲသို့ဝင်ခဲ့ပြီး ကျိုမူထိတို့အား တွေ့သည်နှင့် မျက်မှောင်ကြုံ့ပြီး ကြည့်သည်။





"ဧည့်သည်တွေ ရောက်နေကြတာကိုး"

ဆွေယဉ်က တစ်ယောက်ထဲ ပြောဆိုသည့်ဟန်ဖြင့် ပြောပြီး၊ အတွင်းခန်းသို့ ခြေလှမ်းတစ်ချက် လှမ်းလျက်ဝင်သည်။

ထိုအချိန်မှာပင် အိမ်ထဲအတွင်းမှ အိမ်ရှင် အမျိုးသားကြီး ထွက်လာသည်။

"ဟင်.... သခင်မလေး"

အမျိုးသားကြီး၏ နှုတ်မှ တအံ့တသြ ရေရွတ်သံပေါ်လာသည်။

သူက ချက်ချင်းပင် လက်နှစ်ဘက်ကို ဆုပ်၍ ပါရဝပြုလိုက်၏။

"သူတို့က ဘယ်သူတွေလဲ"

ဆွေယဉ်က ကျိုမူထိတို့အား ညွှန်ပြပြီး မေးသည်။

"ရပ်စေးက လာတဲ့ခရီးသွားတွေပါ။ အစားအသောက်ရှိရင်ရောင်းပါဆိုလို့ ကျွန်တော့်မှာရှိတဲ့ အစားအသောက်တွေကို ကျွေးနေတာပါ"

"ရှင့်ရဲ့ သိဟောင်း ကျွမ်းဟောင်းတွေ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

အမျိုးသားကြီး၏ အဖြေစကားအဆုံးတွင် ဆွေယဉ်က ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ဒါကြောင့် ရှင်က သူတို့အပေါ် ရက်စက်တာကိုး"

"သခင်မလေးက ဘာကို ပြောတာလဲ"

အမျိုးသားကြီးက နားမလည်နိုင်ဟန်ဖြင့် မေးသည်။ ဆွေယဉ်က မျက်နှာထားကို တင်းပစ်ပြီး....

"သူတို့ကို ဖြေဆေးတိုက်ပါ"

"ရှင်ကျွေးတဲ့ အစားအစာတွေဟာ အဆိပ်ခတ်ထားတဲ့ အစားအစာတွေဆိုတာ ကျွန်မသိတယ်။ သူတို့ကို ဖြေဆေးတိုက်ပါ"





"ကျုပ်တို့အတွက် ဖြေဆေးမလိုပါဘူး ခင်ဗျာ"

"ဘာဖြစ်လို့ မလိုတာလဲ"

"ကျုပ်တို့ ကြိုတင်ပြီး ဖြေဆေးသောက်ထားကြလို့ပါ။ သူက နဂါးလက်သည်း အဆိပ်ကို သုံးတယ်ဆိုတာ ကျုပ်သိပါတယ်။ သူသုံးတဲ့အဆိပ်က စိတ်ဖြောင့်အဆိပ်မို့ ကျွန်တော် အဆိပ်ဖြေနိုင်တာပါ"

"ရှင်တို့က ဘယ်သူတွေလဲ၊ ဘယ်ကလာပြီး ဘယ်ကိုသွားကြမှာလဲ"

"ကျုပ်က သမားတော် ကျိုမူထိပါ။ သူက ကြယ်တာရာ သခင်မ ပိုင်ရှင်းလွမ်းပါ"

ကျိုမူထိ၏ နှုတ်မှ နာမည်ခေါ်သံများကို ကြားရသဖြင့် ဆွေယဉ်၏ အမူအရာ ပြောင်းသွားသည်။

"ရှင်တို့ကို တွေ့တာနဲ့ အတော်ပဲ။ ကျွန်မက ကြယ်တာရာ သခင်မကို တွေ့ချင်နေတာ"

"ကျွန်မကို တွေ့ချင်တာက"

"ရှင့်ညီမ ကျွန်မတို့ဆီကို ရောက်နေလို့ပါပဲ။ သူက အခု ကျွန်မတို့နဲ့အတူ ဒီရွာကို ပါလာပါတယ်"

ပိုင်ရှင်းလွှမ်း၏ မျက်နှာတွင် အံ့အားသင့်ဟန်တွေ ပေါ်သွားသည်။

"ကျွန်မက သူ့ကို ရွှေနဂါးနန်းတော်မှာ နေခိုင်းတာ၊ ဒီကို ဘယ်လိုလုပ် ရောက်လာပါလိမ့်"

"သူက ကျွန်တော့်နောက်ကို လိုက်ရင်း၊ ဒီပြန်ရောက်လာတာပါ မမ။ ကျွန်တော်တို့ အခု ကျားရဲတိုက်ကို သွားကြမလို့ပါ။ ပန်းဝက်ပါ ဂိုဏ်းချုပ်ကြီးလဲ ကျွန်တော်တို့နဲ့ အတူ ပါလာပါတယ်"

ရုတ်တရက် အိမ်ထဲသို့ဝင်လာပြီး ပြောလိုက်သော ကျူမင်းယုံ စကားကြောင့် ပိုင်ရှင်းလွှမ်း ထခုန်မိမတတ် ဝမ်းသာသွားသည်။

သူက ကျူမင်းယုံအား ပြုံးရွှင်စွာ လှမ်းကြည့်လိုက်သည်။





ပန်းဝက်ပါတောင်သို့ သွားနေသည့် သူတို့ခရီး သည်ရွာတွင် ဆုံးပြီဟု သိလိုက်လေ၏။

*

## (၁၉) အသက်နှင့်ရင်း၍

ပိုင်ရှင်းလွှမ်းတို့က ကျွားရဲတိုက်တွင် သူတို့ ကြုံတွေ့ခဲ့သည်များကို ပြန်ပြောပြသည်။

ပိုင်စုပန်းကလည်း ပန်းဝက်ပါတောင်တွင် သူတို့ ကြုံတွေ့ခဲ့ရသည်များကို ပြန်လည်ဖောက်သည်ချသည်။

ပန်းဝက်ပါ မယ်တော်က ပိုင်ရှင်းလွှမ်းတို့ အပြန်အလှန်ပြောနေသည့်စကားကို စိတ်ဝင်စားစွာ နားထောင်နေသည်။

မင်း၊ ဝဋ္ဌ ၈မဲ

ဆွေယဉ်က သူတို့၏ သစ္စာခံဖြစ်သော၊ အစာထဲတွင် အဆိပ်ခတ်သူအား အပြစ်တင်စကား ပြောနေ၏။

"အခုအတိုင်းဆိုရင်တော့ ဝမ်ဟိုးဟာ ရွှေနဂါးနန်းတော်ကို ဖြိုခွဲဖို့ ကြံစည်နေတယ်ဆိုတာ ကျုပ် လက်ခံပါပြီ။ သူ့ဆီကို ကျုပ် အရင်ဆုံးသွားပါမယ်။ လူလေး ကျူမင်းယုံက ကြယ်တာရာ သခင်မတို့ ညီအစ်မနဲ့ သမားတော် ကျိုမူထိကို ရွှေနဂါးနန်းတော်အရောက် ခေါ်သွားပါ။ ကျုပ်က ဝမ်ဟိုးကို ရွှေနဂါးနန်းတော်နဲ့ မတိုက်ခိုက်ဖို့၊ ရန်ငြိုးကို ဖြတ်တောက်ဖို့ ဖျောင့်ဖျပါ့မယ်"

ပန်းဝက်ပါမယ်တော်၏ စကားအဆုံးတွင် ကျူမင်းယုံက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး.... ကျွန်တော်"

ပန်းဝက်ပါ မယ်တော်က ကျူမင်းယုံအား ခေါင်းခါပြ၊ လက်ကာပြသည်။

"လူလေး ကျူမင်းယုံ။ မင်းဟာ ဝမ်ဟိုးကို တစ်ကြိမ်ရှုံးနိမ့်ခဲ့တဲ့အတွက် သူ့အပေါ် မကျေမနပ် ဖြစ်မှာပဲ၊ သူ့ကိုရှုံးကြေးဆပ်ဖို့ နောက်တစ်ကြိမ် ပြန်ပြီးတိုက်ခိုက်ချင်မှာပဲ။ လူလေးက





ဝမ်ဟိုးကို အနိုင်ရအောင် ပြန်တိုက်ခိုက်မယ်။ သူက အငြိုးထားပြီး၊ လူလေးကို လက်စားချေဖို့ ကြိုးစားမယ်။ အဲဒါဆိုရင် အမုန်းသံသရာရှည်ပြီး လက်စားချေပွဲတွေ မဆုံးနိုင်အောင် ဖြစ်လာလိမ့်မယ်။ ဒါကြောင့် ရွှေနဂါးနန်းတော်ရဲ့အကျိုး၊ သိုင်းလောကရဲ့ အကျိုးအတွက် သည်းခံပါလို့ လူလေးကို မေတ္တာရပ်ခံချင်ပါတယ်"

ပန်းဝက်ပါမယ်တော် စကားကြောင့် ကျူမင်းယုံ တွေတွေဝေဝေ ဖြစ်သွားသည်၊

သူသည် အတန်ကြာအောင် စဉ်းစား တွေဝေနေပြီးနောက်၊ သက်ပြင်းရှည်ကြီး တစ်ချက်ကိုချပြီး၊ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် သည်းခံပြီး နေပါ့မယ်"

ကျူမင်းယုံ၏ စကားကြောင့် ပန်းဝက်ပါ မယ်တော်၏ မျက်နှာ ပြုံးရွှင်ကြည်လင်သွားသည်။ သူက ခေါင်းတဆတ်ဆတ် ညိတ်ပြီး....

"စိတ်သဘောထား ကြီးမြင့်တဲ့အတွက် လူလေးဟာ သိုင်းလောကထဲမှာ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ လူတစ်ယောက် ဖြစ်လာပါလိမ့်မယ်။ ဝမ်ဟိုးဟာ သိုင်းပညာပြိုင်တုန်း

က လူလေးကို နိုင်ခဲ့ပေမယ့်၊ စိတ်သဘောထားချင်းကျတော့ လူလေးကို ရှုံးမှာသေချာပါတယ်။ မှန်ကန်မွန်မြတ်တဲ့ စိတ်ဓာတ်နဲ့ သိုင်းလောကအကျိုးကို ဆောင်ရွက်ပါ။ ရွှေနဂါးနန်းတော်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းပါ။ မင်းရဲ့စိတ်ဓာတ်ကို သိရတဲ့အတွက် ကျုပ် တစ်သက်လုံးလျှို့ဝှက်ထားတဲ့ အကြောင်းအရာတစ်ခုကို ပြောပြပါ့မယ်။ ကျုပ်ဟာ ကျားရဲတိုက်သခင် ဝမ်ဟိုးရဲ့ အဘွားပါ။ မင်းရဲ့အဖေ ကျူမင်းရဲနဲ့ တိုက်ခိုက်ပြီး၊ လူမသိသူမသိ သေဆုံးသွားတဲ့ ကျားရဲတိုက်သခင် ဝမ်းလုံဟာ ကျုပ်ရဲ့သားပါ။ ဝမ်ဟိုးရဲ့အဘိုး ဝမ်းလုံရဲ့ဖခင်ဟာ လူလေးရဲ့ အဘိုး ကျူမင်းရဲရဲ့ ဖခင်ပါပဲ"

ပန်းဝက်ပါ မယ်တော်၏ စကားကြောင့် ကျူမင်းယုံမှာ အံ့အားသင့် တုန်လှုပ်သွားရ၏။

ဝမ်ဟိုးသည် သူ၏ ဝမ်းကွဲ ညီအစ်ကိုဟု သိလိုက်ရသဖြင့် ကြည်နူးခြင်း၊ ကြေကွဲခြင်း၊ နားမလည်နိုင်ခြင်း၊ အံ့သြခြင်း စသည့် ဝေဒနာ များစွာကို ခံစားရလာ၏။

"မင်းတို့ဘိုးဘိုးဟာ စိတ်သဘောထား သိမ်မွေ့တဲ့ လူတစ်ယောက်ပါ။ သိုင်းလောကထဲမှာ သူဟာ မာနကင်းသိုင်းသမားဆိုပြီး ကျော်ကြားပါတယ်။ သူဟာ မင်းရဲ့ဘွားဘွား ရွှေနဂါးနန်းတော် သခင်မကို ကြင်နာသလို၊ ကျားရဲတိုက်သခင်မဖြစ်တဲ့ ကျုပ်ကိုလဲ ကြင်နာပါတယ်။ ဒါပေမယ့်"





ပန်းဝက်ပါမယ်တော်က စကားကို ခေတ္တဖြတ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အဖြစ်များကို သတိရဟန် အဝေးသို့ ငေးမျှော်ကြည့်သည်။ ပြီးမှ သက်ပြင်းတစ်ချက် ဖွဖွချ၍....

"သူက စိတ်ထားကောင်း သဘောထား ပြည့်ဝပေမယ့် ကျုပ်ကတော့ ရွှေနဂါးနန်းတော် သခင်မ မဖြစ်ရတဲ့အတွက် သူ့ကို အငြိုးထားခဲ့တယ်။ အဲဒါကြောင့် သူ့ဆီက ရွှေနဂါးသိုင်းကျမ်းကို ယူကြည့်ရင်း၊ သိုင်းကျမ်းအတုတစ်ခု ပြန်ကူးရေးပြီး ဖန်တီးတယ်။ အတုမှာ သိုင်းကွက်ခုနစ်ကွက် လျော့နေပြီး၊ အစစ်မှာတော့သိုင်းကွက်အားလုံး ပြည့်စုံနေတယ်။ အတုက အခု ရွှေနဂါးနန်းတော်မှာရှိပြီး၊ အစစ်က ကျားရဲတိုက်မှာရှိနေတယ်။ ဒါပေမယ့် ရွှေနဂါးနန်းတော်ရဲ့ အမွေဆက်ခံဖို့ဆိုတာ ရွှေနဂါး ပဝါနီနဲ့ ရတနာဓားရှိမှ ဖြစ်တာ၊ အဲဒီပစ္စည်းနှစ်ခုကို ကျုပ်ရအောင် ကြံပေမယ့် မရခဲ့ဘူး။ ဒါကြောင့် ကျုပ်ရဲ့သား ဝမ်းလုံဟာ ရွှေနဂါးနန်းတော်ရဲ့ အမွေခံ မဖြစ်နိုင်ခဲ့ဘူး"

ပန်းဝက်ပါ မယ်တော်က ကျူမင်းယုံအား ရီဝေသော မျက်လုံးအစုံဖြင့် ကြည့်သည်။

ရွှေနဂါး သိုင်းကျမ်းတွင် သိုင်းကွက်ခုနစ်ကွက် လျော့နေသည့် အကြောင်းကို၊ ယခုမှ ကျူမင်းယုံ ရှင်းရှင်းလင်းလင်းသိရတော့၏။

"ကျုပ်သားနဲ့ ကျုပ်မြေးဟာ ရွှေနဂါးနန်းတော်ရဲ့ အခမ္ပခံ မဖြစ်ပေမယ့် ရွှေနဂါး မျိုးဆက်တွေပါပဲ။ ကျုပ်က သူတို့ကို တစ်နေ့ကျရင် ရွှေနဂါးနန်းတော်ထဲ ဝင်စိုးမိုးဖို့အတွက် အမြဲ သွေးထိုးပေးခဲ့တယ်။ ဒါပေမယ့် ကျုပ်ရဲ့သား ဝမ်းလိုနဲ့ ကျူမင်းရဲတို့ သိုင်းပညာယှဉ်ပြိုင်ကြပြီး၊ နှစ်ယောက်စလုံး သေဆုံးသွားတော့၊ ကျုပ် ယူကျုံးမရ ဖြစ်မိတယ်။ အငြိုးထားမိတဲ့ စိတ်ကြောင့် ဒီလိုဖြစ်ရတာဆိုပြီး၊ ကျုပ်ကိုယ်ကျုပ် အပြစ်တင်မိတယ်။ ဒါကြောင့် အခု ရန်မီးငြိမ်းဖို့အတွက် ကျုပ် ကြိုးစားဖို့ ဆုံးဖြတ်လိုက်တာပဲ"

ပန်းဝက်ပါမယ်တော်၏ စကားကို နားထောင်ရင်း၊ ကျူမင်းယုံ၏ ရင်တွင် ခံစားချက်ပေါင်းများစွာဖြင့် လှုပ်ရှားသွားရသည်။

"ကျုပ်ဟာ လင်သားအပေါ်မှာ သစ္စာမဲ့ခဲ့တယ်။ ရွှေနဂါးနန်းတော်ကို အကောက်ကြံခဲ့တယ်။ ဒီအတွက် ခွင့်လွှတ်ဖို့ ရွှေနဂါးနန်းတော်ရဲ့ အမွေခံဖြစ်တဲ့ လူလေးကို တောင်းပန်ပါတယ်။ ကျုပ်အပြစ်တွေ ကျေနိုင်ဖို့အတွက် ရွှေနဂါး သိုင်းကျမ်း အစစ်မှာပါတဲ့ အနှစ်ချုပ်သိုင်းကွက် ခုနစ်ကွက်ကိုလဲ လူလေးကို သင်ပေးပါ့မယ်။ လူလေး ရှေ့ဆိုးခဲ့ပါ"

ကျူမင်းယုံ ရှေ့သို့တိုးလိုက်သည်။ ပန်းဝက်ပါ မယ်တော်က အနှစ်ချုပ်သိုင်းကွက် ခုနစ်ကွက်၏ သိုင်းလက်ာကို ရွတ်ပြသည်။





သုံးကြိမ် သုံးခါ ရွတ်ပြသည်နှင့် ကျူမင်းယုံ အလွတ်ရသွား၏။ ပန်းဝက်ပါမယ်တော်က သိုင်းကွက်များကို ဆက်ပြီးရှင်းပြသည်။

ရွှေနဂါးသိုင်းပညာကို တတ်ကျွမ်းထားပြီးသော ကျူမင်းယုံမှာ အချိန်ကြာကြာ မကုန်ရဘဲ၊ အနှစ်ချုပ်ခုနစ်ကွက်ကို တတ်ကျွမ်းသွား၏။

"ကျုပ်တို့ ဒီနေရာကနေ လမ်းခွဲကြမယ်။ ကျုပ်က ကျားရဲတိုက်ကို သွားမယ်။ လူလေးတို့က နဂါးနန်းတော်ကို သွားပါ။ ကျားရဲတိုက်ကိုရောက်ရင် ကျုပ် လူလေးတို့နဲ့ ဆက်သွယ်ပါ့မယ်"

ပန်းဝက်ပါမယ်တော်သည် စကားအဆုံးတွင် ခရီးထွက်ရန် ဆွေယဉ်အား အချက်ပြသည်။

ဆွေယဉ်က ပန်းဝက်ပါတောင်မှလိုက်ပါလာသော စကားဖြူ၊ စကားဝါ၊ စကားစိမ်း မိန်းကလေးဆယ်ယောက်အား မြင်းလှည်းပြင်ရန် အမိန့်ပေးလိုက်သည်။ မြင်းလှည်းပြင်ပြီးသည်နှင့် ဆွေယဉ်က....

"သွားဖို့အဆင်သင့် ဖြစ်ပါပြီ ဘွားဘွား"

ပန်းဝက်ပါမယ်တော် နေရာမှ ထလိုက်သည်။

ကျူမင်းယုံတို့အား နှုတ်ဆက်ဟန် တစ်ချက်ကြည့်ပြီး၊ မြင်းလှည်းပေါ်သို့ တက်၏။

ပန်းဝက်ပါမယ်တော် မြင်းလှည်းပေါ်သို့ ရောက်သည်နှင့် မြင်းလှည်း စတင်ထွက်ခွာသည်။

ပန်းဝက်ပါမယ်တော်တို့ ထွက်ခွာသွားသည်နှင့် ကျူမင်းယုံတို့လည်း ခရီးဆက်ရန် ပြင်ဆင်ကြလေ၏။

လမ်းတွင် စားသောက်ရန် ရိက္ခာခြောက်များ စီစဉ်ပြီး၊ ညနေစောင်းတွင် ရွာမှထွက်သည်၊

နဂါးနန်းတော်ကို သွားရမည့်ခရီးမှာ တစ်ညအိပ်ခရီး ဖြစ်သဖြင့် ကျူမင်းယုံတို့က စိတ်အေး လက်အေးပင် ခရီးဆက်ကြသည်။

လမ်းတစ်လျှောက်တွင် ကျူမင်းယုံသည် ရွှေနဂါးသိုင်း၊ အနှစ်ချုပ် ခုနစ်ကွက်ကို ဆန်းစစ်လေ့လာပြီး၊ အဖန်တလဲလဲ လေ့ကျင့်လာခဲ့၏။

*





မီးပုံမှ ထင်းခြောက်များ မီးစွဲသံက တဖျစ်ဖျစ်နှင့် မြည်နေသည်။

ကျူမင်းယုံသည် မီးပုံဘေးတွင် အိပ်ပျော်နေသည့် ကျိုမူထိ၊ ပိုင်ရှင်းလွမ်းနှင့် ပိုင်စုပန်းတို့အား ကြည့်သည်။

သူ့အတွေးက ရွှေနဂါးနန်းတော်၏ နောင်ရေးဆီသို့ ရောက်နေ၏။

ရင်မအေးစရာ အကြောင်းအရာများကို တွေးတောစဉ်းစားရင်း၊ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

ပြီး.... သူ့အင်္ကျီရင်ဘတ်ထဲတွင် ထည့်သွင်းသိမ်းဆည်းထားသော ရွှေနဂါး ပဝါနီကို ထုတ်ယူပြီး ဖြန့်ကြည့်သည်။

သူက ပဝါနီကို မြေပြင်ပေါ် ဖြန့်ခင်းလိုက်ပြီးနောက်၊ ရတနာများ စီခြယ်ထားသည့် ရွှေနဂါးဓားကို ပဝါနီပေါ် ကန့်လန့်ဖြတ် တင်လိုက်သည်။

ဓားအိမ်ပေါ်မှကျောက်မျက်ရတနာများလည်း မီးပုံအလင်းတွင် အရောင်တဖျပ်ဖျပ် လက်နေ၏။

ကျူမြင်းယုံက သူ၏ အမွေခံပစ္စည်းနှစ်ခုကို စူးလက်တောက်ပသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေ၏။

ထိုလိုကြည့်နေရင်း သူ့မျက်လုံးအစုံတွင် ထူးခြားသောအရိပ်အယောင်တွေ ပေါ်လာ၏။

ဖြန့်ခင်းထားသော ပဂါနီပေါ်တွင် လှုပ်ရှားနေသည့် မီးရောင်ဖြင့် ရောင်ပြန်ဟပ်နေသော ရတနာများ၏ အရောင်တွေ ထင်နေပြီး၊ ထိုအရောင်များကို လှုပ်ရှားနေသည့် လူပုံစံဖြင့် မြင်နေရသည်။

တစ်ဆက်တည်းပင် ပဂါနီပေါ်တွင် ခပ်ရေးရေးပေါ်နေသော စာတစ်ကြောင်း တွေ့ရ၏။

ထိုစာမှာ မဟာ ရွှေနဂါးသိုင်းကွက် ဆယ်ကွက်ဆိုသည့် စာကြောင်းပင် ဖြစ်၏။

သူက လှုပ်ရှားနေသည့် လူပုံရိပ်များကို ကြည့်သည်။ ပုံရိပ်များက လူတစ်ယောက် သိုင်းကွက်ထုတ်နေပုံအဖြစ် မြင်ရ၏။

သူက ပုံပေါ်နေသည့် သိုင်းကွက်များကို စိတ်ဝင်စားစွာ မှတ်သားသည်။





ပြီးနောက် သူ့ခြေလက်များမှာ ထိုသိုင်းကွက်များအတိုင်း ယိမ်းနွဲ့ လှုပ်ရှားလာ၏။

မဟာရွှေနဂါးသိုင်းကွက် ဆယ်ကွက်သည် အလွန်ထူးခြားသော အဆင့်မြင့် သိုင်းကွက်များ ဖြစ်၏။

ကျူမြင်းယုံက သိုင်းကွက်များကို အစမှအဆုံး အဆုံးမှအစ အဖန်တလဲလဲ လေ့ကျင့်၏။

ထိုသိုင်းကွက်များကြောင့် သူ၏ ခန္ဓာကိုယ်သည် ပို၍ ပေါ့ပါးလာပြီး၊ ထုတ်သုံးမိသည့် သိုင်းစွမ်းအားမှာ ပို၍ ပြင်းထန်လာသည်။

သူသည် သိုင်းကွက်များကို လေ့ကျင့်ရင်းမှ အချိန်ကို မေ့လျော့ သွားသည်။

နက်နဲသော သိုင်းပညာတွင် အာရုံဝင်စားနေသဖြင့် မိုးစင်စင် လင်းလာသည်ကိုပင် မသိတော့ချေ။

မိုးလင်းလာသည်နှင့် အိပ်ပျော်နေသော ပိုင်ရှင်းလွမ်းတို့ နိုးလာကြ၏။

သူတို့၏ လှုပ်ရှားမှုကိုမြင်မှ ကျုမင်းယို ပတ်ဝန်းကျင်ကို သတိပြုမိသည်။ မိုးစင်စင်လင်းနေကြောင်း သိလိုက်ပြီး၊ ရွှေနဂါးနန်းတော်သို့အရောက် ခရီးနှင်ရန်အတွက် ပြင်ဆင်လေ၏။

*

ရွှေနဂါးနန်းတော်ဝင်းအတွင်း၌ တိတ်ဆိတ်ငြိမ်သက်ခြင်းက စိုးမိုးနေ၏။

ခြံဝင်းထဲရှိ သစ်ပင်ပန်းပင်များ ကျိုးကျေ ပျက်စီးနေသည်။

မြက်ခင်းပြင် နေရာအနှံ့အပြားတွင် သေဆုံးနေသော ရွှေနဂါး နန်းတော် အမှုထမ်းများကို တွေ့ရ၏။

ကျုမင်းယိုသည် ပြောင်းလဲနေသည့် အနေအထားကိုမြင်ပြီး ရင်ထိတ်သွားသည်။

သူက သေဆုံးနေသည့် အလောင်းများကို အပြေးအလွှား လျှောက်ကြည့်၏။





သေဆုံးနေသူများထဲတွင် လုကျောက်ရှန်း၊ ချူးယန်တို့ကဲ့သို့ ရွှေနဂါးနန်းတော်၏ အထင်ကရ သိုင်းသမားများအား မတွေ့ရပေ။

"ရွှေနဂါးနန်းတော်ကို ရန်သူ ဝင်မွှေသွားတာပဲ အစ်ကိုကြီး၊ မမနဲ့ ညီမလေးတို့ ဒီမှာ ခဏနေခဲ့ကြပါ"

ကျုမင်းယိုက ကျိုမှုထိတို့အားပြောပြီး ရွှေနဂါးနန်းတော် အဆောက်အဦးထဲသို့ ပြေးဝင်ခဲ့သည်။

ရွှေနဂါးနန်းတော်အတွင်း၌ လူသူအရိပ်အယောင်မျှ မတွေ့ရဘဲ ငြိမ်သက်နေသဖြင့် စိတ်ထဲတွင် စိုးရိမ်လာမိ၏။

သူက တစ်ဆောင်ဝင် တစ်ဆောင်ထွက်၊ တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် ရှာသည်။

သို့သော် လုကျောက်ရှန်းတို့ လူစု၏ အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

ကျုမင်းယိုက ရွှေနဂါးနန်းတော် အပေါ်ထပ်သို့ တက်ခဲ့သည်။

ထိုအခါ အပြင်ဘက်မှ အော်ဟစ်သံ၊ တိုက်ခိုက်သံများကို ကြားရသည်။

သူက အပေါ်ထပ်ရှိ လသာဆောင်သို့ ပြေးထွက်ခဲ့သည်။

လသာဆောင်မှနေ၍ ခြံဝင်းထဲသို့ကြည့်၏။

ခြံဝင်းထဲတွင် ကျူမူထိ၊ ပိုင်ရှင်းလွှမ်း၊ ပိုင်စုပန်း၊ လုကျော့ကျ်ရှန်း၊ ချူးယန်းနှင့် ရွှေနဂါးနန်းတော်၏ အဆင့်မြင့်သိုင်းသမားများကို လူတစ်စုက ဝိုင်းဝန်းတိုက်ခိုက်နေသည်။

ထိုလူစုမှာ အင်္ဂလိပ်ရင်ဘတ်များတွင် ကျားရဲပုံ ရေးထိုးထားသော ကျားရဲတိုက်မှ သိုင်းသမားများပင် ဖြစ်၏။

ကျားရဲတိုက်၏ ခေါင်းဆောင် ကျားရဲသခင်လေး ဝမ်ဟိုးမှာ ခပ်လှမ်းလှမ်းတွင် လက်ပိုက်ပြီး ရပ်လျက် တိုက်ပွဲကိုကြည့်နေသည်။

အပြင်းအထန်တိုက်ခိုက်နေသည့် တိုက်ပွဲကိုကြည့်ပြီး ကျူမင်းယုံသည် ပန်းဝက်ပါမယ်တော်အား ပေးထားသည့်ကတိကို မေ့သွားသည်။





သူက ညာသံပေးပြီး အော်ဟစ်ကာ လသာဆောင်ပေါ်မှ ခုန်ဆင်းသည်။

သူ၏ ခန္ဓာကိုယ်သည် ပေါ့ပါးစွာ ခြံဝင်းထဲသို့ကျသွား၏။

"ဝမ်ဟိုး.... ငါ လာပြီဟေ့"

"ဟား....ဟား မင်းက သေချင်လို့လာတာလား။ ငါ အခု မင်းကိုသတ်ပြီး ရွှေနဂါးနန်းတော်ရဲ့ အမွေကို ဆက်ခံမယ်"

"လူယုတ်မာ.... မင်း.... ရွှေနဂါးနန်းတော်ရဲ့ အမွေခံတော့ မဖြစ်ဘူး။ သူ့ချိုင်းကိုပဲရောက်လိမ့်မယ်"

"ဟား– ဟား.... အခပြောကြီးတဲ့ကောင် သေပေတော့"

ဝမ်ဟိုးက သူ့ခါးတွင် ချိတ်ဆွဲထားသည့်ဓားကိုဆွဲထုတ်ပြီး၊ ကျူမင်းယုံထံသို့ တစ်ရှိန်ထိုး ပြေးဝင်လာသည်။

ကျူမင်းယုံကလည်း ရတနာဓားကို ဆွဲထုတ်လိုက်၏။

ဓားကိုင်ထားသူနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် လျှင်မြန်ကြမ်းတမ်းစွာ တိုက်ခိုက်လိုက်ကြသည်။

ဓားရိပ်များ ဖွေးခနဲ လက်ခနဲ ပေါ်လာသည်။

ဓားချင်းထိသံကို ဆူဆူညံညံကြားရ၏။

ကျုံမင်းယုံနှင့် ဝမ်ဟိုးတို့သည် တစ်ယောက်ကို တစ်ယောက် အပြင်းအထန် တိုက်ခိုက်နေကြ၏။

အဆင့်မြင့်သိုင်းပညာရှင်များပီပီ တစ်ခဏအတွင်းသိုင်းကွက် နှစ်ရာခန့်ထိ ယှဉ်ပြိုင်မိသွား၏။

သိုင်းကွက်ထုတ်၍တိုက်ခိုက်ရင်း ကျုံမင်းယုံ၏စိတ် တဖြည်းဖြည်း တည်ငြိမ်လာသည်။

သူက ဝမ်ဟိုး၏ သေကွင်းသေကွက်များကိုရှောင်ပြီး တိုက်ခိုက်သည်။

ဝမ်ဟိုးက အနည်းငယ်မျှပင် အလျှော့မပေးဘဲ၊ ကျုံမင်းယုံအား တိုက်ခိုက်သည်။

သူ့ဓားက ကျုံမင်းယုံ၏ သေကွင်းသေကွက်များဆီသို့ဝင်လာ၏။





ကျုံမင်းယုံက ထိုတိုက်ကွက်များကို အလွယ်တကူချေဖျက်သည်။

ဝမ်ဟိုး၏တိုက်ကွက်များ တဖြည်းဖြည်း ပြောင်းလာသည်။

သူက အတွင်းအားကို အမြင့်ဆုံးထုတ်၍ ရွှေဒဂ်ါး အနှစ်ချုပ် ခုနစ်ကွက် စတင်အသုံးပြု၏။

ပန်းဝက်ပါမယ်တော်၏ ကျေးဇူးကြောင့် အနှစ်ချုပ် ခုနစ်ကွက် တတ်ကျွမ်းထားပြီးဖြစ်သည့် ကျုံမင်းယုံက ဝမ်ဟိုး၏ တိုက်ကွက်ကို အသာအယာ ပြန်ခုခံသည်။

ဝမ်ဟိုးသည် သူ၏ တိုက်ကွက်များအရာမထင်ဖြစ်လာသဖြင့် ဒေါသတကြီးဖြစ်လာသည်။

အားကို အစွမ်းကုန်ထုတ်သုံးပြီး ကျုံမင်းယုံအား အဆက်မပြတ် တိုက်ခိုက်၏။

ကျုံမင်းယုံက မလွှဲမရှောင်သာတော့ဘဲ ရွှေနဂါး မဟာသိုင်းကွက်ဆယ်ကွက်ကို ထုတ်ပြီးသုံးသည်။

ကျုံမင်းယုံ၏ ဓားချက်ကြောင့် ဖြူဖွေးသော ဓားရိပ်များ မှုံးနှောက်လောက်အောင် ပေါ်လာသည်။

ဝမ်ဟိုးသည် ထူးဆန်းသော တိုက်ကွက်ကြောင့် ရင်ထိတ်သွားပြီး နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်၏။

ကျူမင်းယုံက ဝမ်ဟိုးအား အခွင့်အရေးမပေးဘဲ ဖိတိုက်သည်။

ဓားချင်းထိသံ ကျယ်လောင်စွာ ပေါ်လာ၏။

ဝမ်ဟိုး၏ လက်ထဲမှ ဓားလွင့်ထွက်သွားသည်။

ကျူမင်းယုံက ဝမ်ဟိုးအား လျှပ်တစ်ပြက် အကြောပိတ်လိုက်၏။

ဝမ်ဟိုး မြေပြင်ပေါ် ဖင်ထိုင်ကျသွားသည်။

ကျူမင်းယုံက ဝမ်ဟိုး၏ ခေါင်းပေါ်တွင် ဓားမိုးပြီး....

"ဟိတ်.... အားလုံးရပ်လိုက်။ မရပ်ရင် မင်းတို့သခင် သေလိမ့်မယ်"

ကျူမင်းယုံ၏ အော်ဟစ်ပြောဆိုသံကြောင့် ပြင်းပြင်း ထန်ထန် တိုက်ခိုက်နေသော ကျားရဲတိုက်မှ သိုင်းသမားများအတိုက်အခိုက် ရပ်သွားကြသည်။





"အားလုံး လက်နက်တွေလွှတ်ချပြီး နောက်ဆုတ်ကြ"

ကျားရဲတိုက်သိုင်းသမားများက ကျူမင်းယုံ၏အမိန့်ကိုနာခံပြီး နောက်ဆုတ်သည်။

ထိုအခါ ကျူမင်းယုံက ကျိမူထိအား မျက်ရိပ်ပြလိုက်သည်။

ကျိမူထိသည် ပေါ့ပါး လျင်မြန်သော ကိုယ်ဖော့ပညာကို သုံး၍ ပြေးလွှားရင်း၊ ကျားရဲတိုက်မှ သိုင်းသမားများအား အကြောထိုးပိတ်လိုက်သည်။

တိုက်ပွဲက ပြီးဆုံးသွားပြီ ဖြစ်သည်။

ကျားရဲတိုက်မှ သိုင်းသမားများ ရှုံးနိမ့်သွားပြီဖြစ်၏။

ကျူမင်းယုံက ဝမ်ဟိုး၏ ရှေ့တွင် ရပ်လိုက်ပြီး....

"မင်းဟာ ရွှေနဂါးနန်းတော်ကို အကောက်ကြံတဲ့အတွက် မင်းကို သတ်ပစ်ဖို့သင့်တယ်။ ဒါပေမယ့် မင်းကိုယ်ထဲမှာရှိတဲ့ သွေးဟာ ရွှေနဂါးမျိုးဆက်သွေးဖြစ်နေတဲ့အတွက် မင်းကိုငါ မသတ်ဘူး။ မင်းလူတွေကိုခေါ်ပြီး ကျားရဲတိုက်ကို ပြန်ပါ"

ကျူမင်းယုံက ပြတ်သားစွာပြောပြီး ဝမ်ဟိုးအားအကြော ပြေပေးလိုက်သည်။

ဝမ်ဟိုးသည် ရှုံ့နိမ့်သူပီပီ ခေါင်းငိုက်ချပြီး ထရပ်၏။

"မင်းလူတွေကို ခေါ်ပြီးသွားပါ။ နောက်တစ်ခါ ရွှေနဂါး နန်းတော်ကို လာပြီး မနှောက်ယှက်ပါနဲ့"

ကျူမင်းယုံက စကားအဆုံးတွင် ဝမ်ဟိုးအား ကျောခိုင်း လိုက်၏။

သူက ရတနာခေါးကို ကိုင်စွဲပြီး၊ ရွှေနဂါးနန်းတော် တံခါး ပေါက်ဆီသို့ လျှောက်လာခဲ့သည်။

"ဟော့....ရပ်လိုက်"

နောက်ပါးမှ အော်သံကြောင့် ကျူမင်းယုံ လှည့်ကြည့်လိုက် ၏။

အနက်ရောင် လူရိပ်တစ်ရိပ် သူ့ရှေ့မှာ လာရပ်တာကို တွေ့သည်။





တပြိုင်နက်တည်းမှာပင် ဝမ်ဟိုးက ပစ်လွှတ်လိုက်သည့် ခေး တို တစ်ချောင်း ထိုသူ၏ရင်ဘတ်ထဲ စိုက်ဝင်သွား၏။

"အား"

ကျူမင်းယုံ ရင်ထိတ်သွားပြီး၊ သူ၏ရှေ့တွင် လာရပ်သူအား ကြည့်သည်။

ထိုသူမှာ ပန်းစက်ပါ ဘွားဘွား ဖြစ်နေသည်ကို တွေ့ရ လေ၏။

"ဟင်....ဂိုဏ်းချုပ်ကြီး"

"ဘွားဘွား"

ကျူမင်းယုံနှင့် ဝမ်ဟိုးတို့ ပန်းဝက်ပါ ဘွားဘွားထံ တစ် ပြိုင်နက်တည်း ပြေးဝင်သွားသည်။

ပန်းဝက်ပါ ဘွားဘွားက သွေးများအန်လိုက်ပြီး၊ ကျူမင်း ယုံနှင့် ဝမ်ဟိုးတို့ကို ပြုံးလျက်ကြည့်၍....

"ရန်ငြိုးကို ဖြေလိုက်ကြပါ။ မင်း....မင်းတို့ဟာ ညီအစ်ကို တွေပါ"

"ဘွားဘွား"

စကားအဆုံးတွင် ပန်းဝက်ပါမယ်တော် ဇက်ကျိုးကျသွား၏။

ဝမ်ဟိုးက ပန်းဝက်ပါ မယ်တော်အား လှမ်းပွေ့လိုက်သည်။

သူက အသက် ကုန်ဆုံးသွားပြီဖြစ်သော ပန်းဝက်ပါ မယ်တော်၏ မျက်နှာကို ကြေကွဲတုန်လှုပ်စွာဖြင့် အတန်ကြာအောင် ကြည့်သည်။

ပြီးနောက် နီရဲသော မျက်လုံးအစုံဖြင့် ကျုံမင်းယုံအား မော့ကြည့်သည်။

"ကျုပ် သွားမယ်။ ကျုပ်ကို ခွင့်လွှတ်ပါ"

ဝမ်ဟိုးသည် ပန်းဝက်ပါမယ်တော်၏ အလောင်းကို ပွေ့ချီပြီး၊ ရွှေနဂါးနန်းတော်အတွင်းမှ လျင်မြန်စွာ ပြေးထွက်သွားသည်။

သူ့နောက်မှ အကြောပြေပေးခြင်း ခံရသဖြင့် ပြန်လှုပ်ရှားလာနိုင်ပြီဖြစ်သော၊ ကျားရဲတိုက်မှ သိုင်းသမားများ ပြေးလိုက်သွား၏။





မရှေးမနှောင်းမှာပင် ခြံဝင်းအပြင်ဘက်မှ ရွှေနဂါးသခင်မများ ဖြစ်သော မိထွေးငါးဖော်တို့ ပြေးဝင်လာကြလေသည်။

*

လေပြည် ဝေ့ခနဲ တိုက်လာ၏။

ကျုံမင်းရဲ၏ အုတ်ဂူ အသစ်စက်စက်ပေါ်တွင် တင်နေသည့် သစ်ရွက်ကြွေများ လွင့်စဉ်သွားကြသည်။

ကျုံမင်းယုံ အုတ်ဂူရှေ့တွင် ဒူးထောက် ထိုင်နေရာမှ ထရပ်လိုက်၏။

ဖွဖွသာသာ နင်းလျှောက်လာသည့် ခြေသံတစ်သံ ပေါ်လာသည်။

ကျုံမင်းယုံ နောက်သို့လှည့်မကြည့်ဘဲ ငြိမ်နေ၏။

နောက်မှလျှောက်လာသော ပိုင်စုပန်း သူ့အနားမှာ လာရပ်သည်။

"အစ်ကို"

ကျူမင်းယို ဖြည်းညင်းစွာ လှည့်ကြည့်သည်။

ချောမောလှပသော ပိုင်စုပန်း၏ မျက်နှာကို အပြစ်ကင်းသန့်စင်စွာ တွေ့ရ၏။

"ညီမ....အစ်ကို့ကို လာနှုတ်ဆက်တာပါ"

"ညီမက ဘယ်ကိုများသွားမှာမို့ လာနှုတ်ဆက်တာလဲ"

"မမတို့ ပြန်ကြတော့မယ်။ မမတို့နဲ့အတူ ညီမလဲ ပြန်ရမှာပေါ့"

ပိုင်စုပန်းက ခပ်လှမ်းလှမ်းတွင် ယှဉ်တွဲပြီး ရပ်နေသော ဘိုမူထိနှင့် ပိုင်ရှင်းလှမ်းတို့အား လှမ်းကြည့်ပြီး ပြောသည်။

ကျူမင်းယိုက ပြုံးလိုက်ပြီး....

"သူတို့သွားပါစေ.... ညီမ မလိုက်ပါနဲ့"





"ညီမက...."

"ရွှေနဂါးနန်းတော်မှာ ညီမရှိမှဖြစ်မယ်။ ဒီမှာပဲ နေပါ။ ညီမ မရှိရင် အစ်ကို ဒီမှာနေနိုင်မှာ မဟုတ်ဘူး"

"ညီမ မရှိပေမယ့် မမဆွေယဉ် ရှိပါတယ်"

"သူရှိရုံနဲ့ မပြီးပါဘူး။ ညီမ ရှိမှ ဖြစ်မယ်"

ကျူမင်းယိုက ပိုင်စုပန်း၏လက်ကို ဆွဲကိုင်လိုက်၏။

ထိုအခါတွင် မနီးမဝေး၌ရပ်နေသော ဆွေယဉ် အနားသို့ ရောက်လာသည်။

သူက နှုတ်ဆက်စကား ပြောမည်အပြု၊ ပိုင်စုပန်းက သူ့လက်ကို ဆွဲယူလိုက်ပြီး....

"မမဆွေယဉ်ပါ ဒီမှာနေမယ်ဆိုရင်၊ ညီမလဲ နေပါ့မယ်"

ဆွေယဉ်က အပြေမပေးဘဲ၊ ရှက်သွေးတက်သော မျက်နှာနှင့် ခေါင်းငုံ့လိုက်သည်။

ကျူမင်းယိုက မိန်းမလှလေး နှစ်ယောက်စလုံး၏ လက်ကို ဆွဲကိုင်ပြီး ရယ်လိုက်သည်။

မနီးမဝေးမှ ရပ်စောင့်နေသော ကျီမူထိန့်နှင့် ပိုင်ရှင်းလွမ်း တို့သည် အခြေအနေကို သဘောပေါက်သွားဟန်ဖြင့် ရွှေနဂါး နန်းတော်တွင်းမှ ပြေးထွက်သွားကြလေ၏။

စာဖတ်ပရိသတ်များအား အစဥ်လေးစားလျက်....

အောင်ရဲလင်း။